# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 19 February 2021 ၁၀၂၉၃


# နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

## နိုင်ငံခြားရေးရာ မူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြား



နိုင်ငံခြားရေးရာ မူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးရာမူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးသိန်းညွန့်နှင့် ဦးခင်မောင်ဆွေ၊ ကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့လက်ခံကျင့်သုံးသည့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ အခြေခံဥပဒေတွင်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




ကြေးမုံ ယနေ့ဖတ်စရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း — စာမျက်နှာ » ၇

ပညာတတ်တွေများမှ တိုင်းပြည်တိုးတက်မယ် — ဆောင်းပါး စာမျက်နှာ » ၁၇

ဂျပန်နှင့် အချိန်မဆွဲခြင်း — ဆောင်းပါး စာမျက်နှာ » ၂၁






KBZ BANK

ဘဏ်သို့လာရောက်ရာတွင်

Mask နှင့် Face Shield များကိုမဖြစ်မနေ ဝတ်ဆင်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်

# လစာနှင့် စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူသို့ အသိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် CDM အဖျက်အမှောင့် ပြုလုပ်နေသော မသမာသူအချို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာပေးတော့မည်မဟုတ်ကြောင်း အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယင်းကောလာဟလများအပေါ် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူအပေါ် တာဝန်ကျေပွန်စွာဖြင့် မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်သွားပါရန်နှင့် လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မကွေးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်

**မကွေး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းက မကွေးမြို့ မဟာဝိသုတာရာမ စာသင်တိုက်၌ မကွေးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အခမ်းအနားကို ဆရာတော်ကြီးများနှင့် တက်ရောက်လာသည့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော မေတ္တသုတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားရာ ဆရာတော်ကြီးများက ဩဝါဒကထာ ပြန်လည်ချီးမြှင့်ခဲ့သည်။

ထို့နောက် မြသလွန်ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစိန္တာသာရ ဆရာတော်ကြီးထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာယူခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၆၀၀ | ၀ | ၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၅ | ၁၇,၇၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၁ | ၃၀,၈၀၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၃ | ၉,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၁၇.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၄၆၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၂.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၈၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၆.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၇၂.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၇.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၆၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

# ကြေးမုံ

## ရပ်ရွာအေးချမ်းသာယာရေးအလေးထား

ယခုအချိန်အခါသည် ဆောင်းအကုန်၊ နွေအကူး မြန်မာ့နွေဦးသို့ ရောက်ရှိလာပြီ။ ၂၀၂၁ နှစ်ဦးတွင် အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေသည့်ကြားတွင် မပူလွန်း၊ မအေးလွန်း သမမျှတသည့်ရာသီဥတုမှာ ပြည်သူများအားလုံး၊ နေရာဒေသအားလုံးကို လွှမ်းခြုံပေးနေသည်။ ဤရာသီကာလတွင် ကောင်းမှုများ၊ ကောင်းသောလုပ်ဆောင်မှုများပြုလုပ်ကြသလို သတိပြုဖွယ်ရာတို့ကိုလည်း ဆင်ခြင်သတိထားကြရမည် ဖြစ်သည်။

ခြေခင်းလက်ခင်းသာယာလှသော ဤကဲ့သို့ပွင့်လင်းရာသီတွင် ရာသီပွဲများ၊ ရိုးရာဓလေ့အစဉ်အလာများဖြင့် ဝေစည်လှသည်။ သွားလမ်းသာ၍ လာလမ်းဖြောင့်သဖြင့် ပြည်သူများမှာ အပန်းဖြေအနားယူ၊ ဘုရားဖူးထွက်လေ့ရှိကြသည်။ ထိုအခါ စိတ်နှလုံးရွှင်လန်း အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းပြီး အများပြည်သူတို့ ပြုံးပျော်ရွှင်ကြသည်။ ရပ်ရွာဒေသများ၊ အထင်ကရနေရာဒေသများတွင် စည်ကားများပြားခြင်းများနှင့်အတူ အေးချမ်းသာယာဝပြောသည်။ အေးချမ်းပျော်ရွှင်ခြင်းများနှင့်အတူ ဤရာသီတွင် သတိပြုဖွယ်ရာမှာ မီးဘေးအန္တရာယ်သာ ရှိသည်။ ယင်းကို ပြည်သူများ၏ စည်းကမ်းလိုက်နာမှု၊ သက်ဆိုင်ရာက တာဝန်ယူဆောင်ရွက်ပေးမှုများဖြင့် ကျော်လွှားနိုင်ကြသည်။

ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါကို အလုံးစုံထိန်းချုပ်နိုင်ခြင်း မရှိသေးသော်လည်း အချိန်ကာလအနေအထားနှင့် ရောဂါသဘာဝအရ အကျဘက်သို့ ရောက်နေသည်မှာ သေချာသည်။ ယင်းအခြေအနေတွင် နိုင်ငံတော်အစိုးရကလည်း ဖြေလျှော့ပေးသင့်သည်တို့ကို ဖြေလျှော့ပေးနေသည်ကို တွေ့ရသည်။ ပြည်သူများကလည်း စည်းကမ်းတကျ လိုက်ပါနေသည်ကိုတွေ့ရသည်။ အမှန်တကယ်တွင် ယနေ့အချိန်အခါ၌ ဖော်ပြပါရာသီကာလအခြေအနေများနှင့် မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှုများအရ ရပ်ရွာဒေသများ အေးချမ်းသာယာစည်ကားပြီး ပြည်သူများအားလုံး ပျော်ရွှင်ချမ်းမြေ့နေရမည့်အချိန်အခါ ဖြစ်သည်။

ထိုသို့အခြေအနေ၊ အချိန်အခါကောင်းများရှိသော်လည်း နိုင်ငံတွင် မလွှဲမရှောင်သာသော အခြေအနေတစ်ရပ်ကြောင့် နိုင်ငံရေးယဉ်ကျေးမှု အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေကို အကြောင်းပြု၍ အပြောင်းအလဲစတင်ဖြစ်သည်နှင့် ဘေးပယောဂများ ချက်ချင်းပူးကပ်ဝင်ရောက်လာသည်။ ဥပဒေကို ဖောက်ဖျက်ဆန့်ကျင်မှုများ စတင်လာခဲ့သည်။ ပြည်သူများအား လမ်းမပေါ်သို့ထွက်လာအောင် သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများ၊ တွန်းပို့ပေးမှုများ ပြုလုပ်လာကြသည်။ စိတ်အခံရှိသော ပြည်သူများအား သွေးဆူလာအောင် မီးလောင်ရာလေပင့် ပြုလုပ်လာကြသည်။

လမ်းမများပေါ်သို့ ပြည်သူများ ရောက်ရှိလာကြသည်။ အော်ဟစ်ဆန္ဒပြမှုများ၊ ကြွေးကြော်ဟစ်ကြွေးမှုများ ပြုလုပ်လာကြသည်။ နေအိမ်အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားသောအချိန်အခါတွင် ရပ်ရွာများအတွင်းရှိ နေအိမ်များမှတစ်ဆင့် ထုရိုက်ဆူညံမှုများ အချိန်ကိုက်ပြုလုပ်အောင် အချက်ပေးနှိုးဆော်ခဲ့ကြသည်။ တစ်ဦးမှအစ အများပါလာအောင် လှုံ့ဆော်ပေးကြသည်။ အများပြည်သူတို့အား ဝန်ဆောင်မှုပေးနေကြသည့်အစိုးရဌာနလုပ်ငန်းများမှ ဝန်ထမ်းများ အလုပ်မလုပ်နိုင်အောင်၊ ဆန္ဒပြမှုများတွင် ပါဝင်လာအောင် လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်လာကြသည်။ မသိနားမလည်သော ပြည်သူများ ရောယှက်ဒုက္ခရောက်အောင် ဖန်တီးလာကြသည်။ ရပ်ရွာဒေသများအတွင်း ကောလာဟလအမျိုးမျိုး လွှင့်ထုတ်၍ ပြည်သူများ အထိတ်တလန့်ဖြစ်အောင် ဖန်တီးလာကြသည်။

တောမီးလောင်လျှင် တောကြောင်များအသင့်ဖြစ်အောင်၊ နွားကွဲလျှင် ကျားဆွဲနိုင်အောင် မသမာသူများ၊ မလိုတမာသူများ၊ ရန်လိုမုန်းထားဖြစ်နေသူများက ဖန်တီးပေးနေကြသည်။ ဤသည်မှာ မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်တိုင်း၊ တိုင်းပြည်စည်းလုံးညီညွတ်မှု လျော့နည်းကျဆင်းနေတိုင်း၊ နိုင်ငံရေးအယူအဆ၊ ပုဂ္ဂိုလ်ရေးပဋိပက္ခဖြစ်လေတိုင်း ပေါ်ပေါက်လာစမြဲ အဖြစ်အပျက်များဖြစ်သည်။ စိတ်ဆန္ဒခံစားချက်များအား လျှော့ချ၍ တိုင်းပြည်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို ရှေးရှုမည်ဆိုလျှင် ဆိုးကျိုးများဖြစ်လာမည်မဟုတ်ဘဲ အချိန်တိုကာလအတွင်း ကောင်းမွန်သောအနာဂတ်တစ်ခုသို့ မြန်မြန်ဆန်ဆန်ရောက်ရှိသွားမည်ဖြစ်သည်။ သို့ရာတွင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲများကို လျှော့ချပေးမှသာ ပြေလည်မှုအဆင့်သို့ ရောက်ရှိနိုင်မည်။

သို့ဖြစ်ရာ ယခုအချိန်ရာသီကာလသည် ပြည်သူများအားလုံး စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့အေးချမ်းစွာ နေထိုင်ရမည့်ကာလဖြစ်သည်။ တိုင်းပြည်အရေးသည် ပြည်သူ့အရေးဖြစ်သည်ဆိုရာ၌ တိုင်းပြည်ပျက်စီးစေမည့်၊ တိုင်းပြည်မငြိမ်းချမ်းစေမည့်၊ တိုင်းပြည်မလုံမခြုံဖြစ်စေမည့် ပြုလုပ်မှုများကို ရှောင်ရှားသင့်သည်။ မြန်မာနိုင်ငံတွင် သန်းပေါင်း ၅၀ ကျော်သော တိုင်းရင်းသားပြည်သူများရှိသည့်အနက် ရပ်ရွာတွင် အေးချမ်းသာယာစွာနေလိုသောပြည်သူများနှင့် မနေလိုသောပြည်သူများ မည်မျှရှိမည်ကို ခန့်မှန်းကြည့်ကာ မိမိတို့မည်သည့်အရာကို အလေးထားဆောင်ရွက်သင့်ပြီး မိမိတို့ မည်သည့်အရာကို ရှောင်ရှားသင့်သည်ကို သဘောပေါက်နားလည်ရန် လိုအပ်ပါကြောင်း။ ။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

မိမိတို့၏နိုင်ငံခြားရေးမူဝါဒကို လွတ်လပ်၍တက်ကြွသည့် ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေး ရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒ(၃)ရပ်ကို ပုဒ်မ-၄၁တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံလုံခြုံရေးနှင့်ပတ်သက်၍ နိုင်ငံတကာအပေါ်တွင်ထားရှိသည့် သဘောထားသည် ပုဒ်မ(၄၂-က)တွင် နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊ (၄၂-ခ)တွင် နိုင်ငံတော်သည် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ဝင်မှ တပ်ချခွင့်မပြုဟု ပြဋ္ဌာန်းထားသဖြင့် များစွာရှင်းလင်းသည့် နိုင်ငံခြားရေးမူဝါဒဖြစ်ကြောင်း။

### သတိပြုရမည်

မိမိတို့သည် အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြားတွင် တည်ရှိသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ယင်းနှစ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မိမိတို့နိုင်ငံအနေဖြင့် အထူးသတိကြီးစွာ ဆက်ဆံရန် လိုအပ်သကဲ့သို့ ယင်းနှစ်နိုင်ငံနှင့် ဆက်ဆံရေးအပေါ်မူတည်၍ မိမိတို့နိုင်ငံကို အခြားနိုင်ငံများက စိတ်ဝင်စားမှုများစွာရှိနေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်၍ အထူးထိန်းသိမ်းဆောင်ရွက်သွားရမည်ကို ပြောလိုကြောင်း၊ နိုင်ငံ၏နယ်စပ်ဒေသများကို ထာဝရတည်ငြိမ်အေးချမ်းသည့် နယ်စပ်ဒေသဖြစ်ရန်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးနားချင်းဆက်ဆံရေး ထူထောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သီးခြားနေထိုင်၍မရကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များတွင် တပ်မတော်အစိုးရလက်ထက်၌ ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် နောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအပြင် အခြားနိုင်ငံတကာဆက်ဆံရေးနယ်ပယ်များတွင်လည်း ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အိမ်နီးနားချင်းဆက်ဆံရေးမှာ အရေးကြီးကြောင်း၊ ထို့ကြောင့် အိမ်နီးနားချင်းနိုင်ငံများမှာ မိမိတို့အတွက် ဦးစားပေးဆက်ဆံရမည့် နိုင်ငံများဖြစ်သည်ကို ပြောလိုကြောင်း။

အိမ်နီးချင်းဆက်ဆံရေးတွင်လည်း မတူသည့်မူဝါဒများ၊ ယဉ်ကျေးမှုများရှိသည့် နိုင်ငံများနှင့် ဆက်ဆံခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းအပေါ်တွင် မူတည်၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ထိတွေ့ဆက်ဆံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားတွင် ခေတ်အဆက်ဆက်တည်ရှိခဲ့သည့် အိမ်နီးနားချင်း ဆက်ဆံရေးနှင့် ထာဝရငြိမ်းချမ်းသည့် အိမ်နီးနားချင်းဆက်ဆံရေးမှာ ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည့်အတွက် ပိုမိုခိုင်မာမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမည့်နိုင်ငံများ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏ အနှောင်အဖွဲ့ကင်းသည့် ရင်းနှီးမြှုပ်နှံမှုကိုလည်း ကြိုဆို၍ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးရှိမည်ဆိုပါက အားပေးရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် ပြည်သူများ၏ အခန်းကဏ္ဍကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် အိမ်နီးနားချင်း ဆက်ဆံရေးများ၊ ကူးလူးဆက်ဆံရေးများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အိမ်နီးနားချင်းကူးလူးဆက်ဆံခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများသည်လည်း ပိုမိုများပြားလာနိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်ပစ္စည်းများလည်း ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပါက သွင်းကုန်အစားထိုးများစွာဆောင်ရွက်နိုင်ပြီး တိုင်းပြည်၏ နိုင်ငံခြားငွေလိုအပ်မှုကိုလည်း များစွာလျော့ကျလာနိုင်သည်အထိ အကျိုးခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ လုပ်ငန်းကို အခြေခံသည့်၊ အလုပ်အကိုင်ကိုအခြေခံသည့်၊ ထုတ်လုပ်မှုကိုအခြေခံသည့်၊ ပို့ကုန်ပစ္စည်းကို အခြေခံသည့်၊ ပို့ကုန်ပစ္စည်းကို ထုတ်လုပ်နိုင်သည့်အပေါ်အခြေခံသည့်၊ သွင်းကုန်ပစ္စည်းအစားထိုးခြင်းကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုမျိုးကိုအားပေးပြီး နိုင်ငံခြားရေးမူဝါဒများနှင့် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

### လေးစားလိုက်နာသွားရန်ဖြစ်

မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် ပဋိညာဉ်စာချုပ်များ၊ ကတိကဝတ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ လက်ခံနိုင်သည့် ကိစ္စရပ်များအားလုံးကိုလည်း အလေးထားပြီး လေးစားလိုက်နာသွားရန်ဖြစ်ကြောင်း၊ အလားတူ မိမိတို့အနေဖြင့် နိုင်ငံတကာရေပိုင်နက်များနှင့် ဆက်ဆံနေရခြင်းရှိကြောင်း၊ ထို့ကြောင့် ရေပြင်ပိုင်နက်များစနစ်တကျရှိစေရန်နှင့် ရေပြင်ပိုင်နက်ဆိုင်ရာ သဘောတူညီချက်များကိုလည်း အမြန်ပြီးပြတ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရေပြင်ပိုင်နက်လုံခြုံရေးများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း။

အိမ်နီးနားချင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများအပါအဝင် ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများစွာရှိကြောင်း၊ တရားဝင်သွားသည့်သူများရှိသကဲ့သို့ တရားမဝင်သွားသည့်သူများလည်းရှိကြောင်း၊ ၎င်းတို့သည် မိမိတို့နိုင်ငံသားများဖြစ်သည့်အတွက် မိမိတို့နိုင်ငံက ကာကွယ်စောင့်ရှောက်ပေးရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် အခွင့်အလမ်းများကိုဖော်ထုတ်၍ ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံ၏ ဥပဒေအကာအကွယ်များ ပေးနိုင်သမျှပေးနိုင်စေရန်နှင့် ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဆိုပါက ပြန်လာနိုင်စေရန် အခွင့်အလမ်းများဖော်ထုတ်ပေးရန် လိုအပ်ကြောင်း။ ပြီးခဲ့သည့်ကာလအတွင်းတွင် မြန်မာနိုင်ငံသို့ ပြန်လာလိုသည့်အတွက် တောင်းဆိုထားခြင်းများစွာရှိကြောင်း၊ သို့သော် COVID-19 ကြောင့် ပြန်လာရန် အခက်အခဲဖြစ်နေခြင်းများရှိသဖြင့် ၎င်းတို့ပြန်လာနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

❖ **အိမ်နီးချင်းဆက်ဆံရေးတွင်လည်း မတူသည့်မူဝါဒများ၊ ယဉ်ကျေးမှုများရှိသည့် နိုင်ငံများနှင့် ဆက်ဆံခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းအပေါ်တွင် မူတည်၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ထိတွေ့ဆက်ဆံနိုင်ရန် ဆောင်ရွက်သွားမည်**

❖ **လက်ရှိအနေအထားတွင် ခေတ်အဆက်ဆက်တည်ရှိခဲ့သည့် အိမ်နီးနားချင်းဆက်ဆံရေးနှင့် ထာဝရငြိမ်းချမ်းသည့် အိမ်နီးနားချင်းဆက်ဆံရေးမှာ ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည့်အတွက် ပိုမိုခိုင်မာမှုရှိစေရန် ဆောင်ရွက်သွားမည်**

❖ **မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်**

❖ **ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမည့်နိုင်ငံများ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏ အနှောင်အဖွဲ့ကင်းသည့် ရင်းနှီးမြှုပ်နှံမှုကိုလည်း ကြိုဆို၍ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးရှိမည်ဆိုပါက အားပေးရမည်**

COVID-19 ကပ်ရောဂါသည် တစ်ကမ္ဘာလုံးဖြစ်ပေါ်နေသည့် ရောဂါဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကူးစက်ပြန့်ပွားမှုလျှော့ချရေး၊ ကာကွယ်ကုသရေး၊ နည်းပညာပိုင်းဆိုင်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးကိစ္စရပ်များသည် များစွာကျယ်ပြန့်ကြောင်း၊ ထို့ကြောင့် COVID-19 ရောဂါနှင့်ပတ်သက်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အခါအားလျော်စွာဖြစ်ပေါ်လာသည့် ကပ်ဘေးရောဂါများရှိကြောင်း၊ ယင်းကပ်ရောဂါများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ရောဂါကူးစက်မှုကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးတို့အတွက် နည်းပညာနှင့် သတင်းအချက်အလက်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အခြားနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ရေး လိုအပ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားရန်လို

ကော်မတီသည် မူဝါဒများချမှတ်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တစ်ဖက်တွင်လည်း နိုင်ငံတော်အတွက်အကျိုးရှိမည့် လုပ်ငန်းများ၊ အထူးသဖြင့် နိုင်ငံတကာအကူအညီများရှိကြောင်း၊ နိုင်ငံတကာချေးငွေများရှိကြောင်း၊ အထူးအစီအစဉ်အရ ပေးသည့်လုပ်ငန်းရပ်များရှိကြောင်း၊ ယင်းအခွင့်အရေးများကိုလည်း လက်တုံ့မနှေးရရှိနိုင်ရေးအတွက် နည်းလမ်းရှာကြံ၍ ဆောင်ရွက်သွားမည်ဆိုပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူရရှိမည်ဟု ပြောလိုကြောင်း။ လူဝင်မှုကြီးကြပ်ရေး ကိစ္စရပ်များ၌ ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများရှိကြောင်း၊ ယင်းတွင် တရားမဝင်သွားရောက်ခြင်းရှိသကဲ့သို့ တရားဝင်သွားရောက်ခြင်းလည်းရှိကြောင်း၊ တရားမဝင်သူများကို ဥပဒေလမ်းကြောင်းမှ မိမိတို့ နိုင်ငံသို့ ပြန်လည်ခေါ်ယူခြင်း သို့မဟုတ် တရားဝင်အောင်ဆောင်ရွက်ပေးရေးနှင့် ၎င်းတို့နေထိုင်သည့်နိုင်ငံတွင် တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ရပ်ပေါင်းပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် လူကုန်ကူးခံရမှုကြောင့် ပြည်ပသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ကယ်တင်နိုင်ရေးနှင့် လူကုန်ကူးမှုမခံရစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။ နေရပ်စွန့်ခွာသူများကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများ၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံသဘောတူညီချက်များ၊ ဥပဒေများနှင့်အညီ အမြန်ဆုံးဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များကိုလည်း တုံ့နှေးခြင်းမရှိဘဲ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ တုံ့ပြန်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးရာမူဝါဒကော်မတီအဖွဲ့ဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးခင်မောင်ဆွေ၊ ကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဦးကိုကိုလှိုင်တို့က နိုင်ငံခြားရေးရာမူဝါဒကော်မတီ စတင်ဖွဲ့စည်းခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ လုပ်ငန်း တာဝန် ၁၂ ရပ်နှင့် ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရသည့်ကိစ္စရပ်များ၊ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်များနှင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လက်ခံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသိအမှတ်ပြုကတ် ထုတ်ပေးနေမှုအခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံချိန်တွင် လူဦးရေစာရင်းကွဲလွဲမှုကြောင့် ကြန့်ကြာနေမှုအခြေအနေ၊ နိုင်ငံတကာအဆင့်အစည်းအဝေးများတွင် မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများအား သိရှိစေရန် ဆွေးနွေးပြောကြားသွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံခြားရေးရာမူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအား နိုင်ငံတကာမှ သိရှိနိုင်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သံတမန်ဆက်ဆံရေးများကို ယခုထက်ပိုမိုလေးနက်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတကာမှ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအပေါ် ယခင်ကထက် အပြုသဘောဆောင်သည့် သဘောထားများရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ထားရှိထားသည့် နှစ်နိုင်ငံသဘောတူညီချက်နှင့်ပေးထားသည့် ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့်ကာလအတွင်း တရုတ်နိုင်ငံအပါအဝင် သက်ဆိုင်ရာနိုင်ငံများအလိုက် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာနှင့်ဆောင်ရွက်လျက် ရှိသည့် စီးပွားရေးဆိုင်ရာနှင့် ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအတွက် ယခုကော်မတီသည် အရေးကြီးသည့်အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကော်မတီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိအခြေအနေတွင် တုံ့ဆိုင်းနေသည့် နိုင်ငံ့စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

သတင်းစဉ်

## "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့ အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

## အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါရှိ/ မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံးလုပ်နည်းများ (SOP) နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

## ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၇၃ / ၂၀၂၁**

**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

**ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကျော်ဝင်း

(၂) ဒေါက်တာလင်းအောင်

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**

**ဒုတိယဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း၊ စာရင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါနှင့် အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ပြောကြား**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် ငွေရေးကြေးရေးကဏ္ဍ အားကောင်းခိုင်မာစေရန် နိုင်ငံခြားသုံးငွေ လဲလှယ်နှုန်းမူဝါဒကို အကောင်အထည်ဖော်ခြင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကို ကြီးကြပ်ခြင်း၊ ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနနှင့် စာရင်းဌာနတို့၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို အားရကျေနပ်ပါကြောင်း၊ စွမ်းဆောင်ရည်ပြည့်ဝသော ငွေရေးကြေးရေးစနစ်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်မှုအခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နည်းပညာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရန် အစဉ်အမြဲအားစိုက်ဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်က ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒများကို အကောင်အထည်ဖော်ခြင်း၊ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ထုတ်ပြန်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့်ငွေများ လွှဲပြောင်းပေးပို့ခြင်း၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်နှင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် ဆောင်ရွက်ပေးမှုများ၊ ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ခံအရာရှိများက လုပ်ငန်းများဆောင်ရွက်နေမှုကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စာရင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးကြပ်ထိန်းကျောင်းခြင်းဆိုင်ရာများ၊ အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာအောက်၌ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ငွေပေးချေမှုစနစ် ဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာများ၊ ပမာဏကြီးမားသော ငွေပေးချေမှုများအတွက် ဘဏ်အချင်းချင်း ငွေပေးချေမှုစနစ် (CBM-NET) System Second Phase နှင့် အလိုအလျောက် စာရင်းရှင်းလင်းမှုစနစ်(ACH) ဖြင့် ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံမှုစံနှုန်းများ(IFRS) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ငွေပေးချေဆောင်ရွက်နေမှုများ၊ နိုင်ငံခြားသုံးသီးသန့်ငွေတိုးတက်စေရေး၊ ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် Interbank Market တွင် အစိုးရငွေတိုက်စာချုပ်များကို Repurchase Agreement ဖြင့် ရောင်းဝယ်ဆောင်ရွက်နေမှုများ၊ အစိုးရဘဏ်နှင့် ပြည်တွင်းဘဏ်များအကြား ငွေပေးချေမှုစနစ်မြန်ဆန်စေရန် ရက်သတ္တပတ်လုံး ၂၄ နာရီ ဝန်ဆောင်မှုဖြင့် ACH ၏ MFS များ ပါဝင်ဆောင်ရွက်နေမှုများ၊ အစိုးရဌာနများ၏ ရငွေဖြစ်သည့် ဝင်ငွေခွန်များကို (CBM-NET) System ဖြင့် ကောက်ခံဆောင်ရွက်နေမှုများ၊ အေစီယူအဖွဲ့ဝင်နိုင်ငံများနှင့် ငွေပေးချေမှု ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ခံအရာရှိများက အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌများက လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ထပ်မံဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနရှိ ဌာနခွဲအသီးသီးမှ တာဝန်ခံများအား တွေ့ဆုံ



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် အတွင်းရေးမှူး ဦးညွန့်ဖေတို့သည် ယနေ့မွန်းလွဲ ၂ နာရီက ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းရှိ စည်ပင် ၁၂ ထပ်ရုံးခွဲ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး၊ ဒုတိယဌာနမှူးများ၊ ဌာနခွဲတာဝန်ခံများ၊ ခရိုင်မှူးများ၊ အမှိုက်မီးရှို့စက်ရုံများမှ တာဝန်ခံများ၊ အမှိုက်ပုံတာဝန်ခံများ၊ သုသာန်မှူးများ၊ မြို့နယ်သန့်ရှင်းရေးတာဝန်ခံများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြို့တော်ဝန်ဦးဗိုလ်ဌေးက မိမိတို့ကော်မတီဝင်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေနှင့်အညီ ဖွဲ့စည်းပေးထားသည့် ကော်မတီဝင်များဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်မည့် လုပ်ငန်းများသည် ဥပဒေနှင့်အညီ ရန်ကုန်မြို့တော်ကြီးကို ယခုထက်တိုးတက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးရသည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ရာ ယခုဖြစ်ပေါ်နေသည့်ကာလအတွင်း မြို့တော်အတွင်းရှိ အမှိုက်များစုပုံမနေစေဘဲ အမြဲသန့်ရှင်းအောင် ဆောင်ရွက်ပေးကြသည့် အဆင့်ဆင့်သော တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ နေ့စဉ်ဆောင်ရွက်နေကျလုပ်ငန်းများကို ပုံမှန်လုပ်ဆောင်နေသည့်အတိုင်း အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မြေပြင်တွင် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ အခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ထာဝရ ခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ နောင်ကာလများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင် ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## မန္တလေးခရိုင်အတွင်းရှိ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးခရိုင်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ဆရာတော်ကြီးများအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၃နာရီက အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ် (စီမံ)ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော မန္တလေးခရိုင်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်ဝန်ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ)ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများဟောကြားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်ကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က နာယူကြည်ညိုကြကာ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ) ဆရာတော်ဒေါက်တာဘဒ္ဒန္တကေသရထံမှ အနုမောဒနာတရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန COVID-19 ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ယနေ့မှစ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၁)၌ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ အရာထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ခုနစ်ခုမှ အရာထမ်း ၄၁၉ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း သိရသည်။

သတင်းစဉ်

■



## ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၈-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၀,၂၉၄) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၀၉) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂၇) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၁၇၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၁၉၃)ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# လက်ဆောင်စကား

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

၁၉၈၀ ကာလဆီက (နိုင်ငံတော်သမ္မတကြီးတာဝန်ကို ၁၉၈၈ ခုနှစ်မှာ လပိုင်းမျှ ထမ်းဆောင်ရဖူးသော) ဒေါက်တာမောင်မောင် ရေးခဲ့ဖူးသော စာတစ်ပုဒ်ကို သတိရသည်။ ဒေါက်တာမောင်မောင်သည် မန္တလေးဇာတိ၊ မန္တလေးသား ဖြစ်သည်။ ၎င်းသည် အမေရိကန်နိုင်ငံနှင့် ဂရိတ်ဗြိတိန်နိုင်ငံတို့မှ ဥပဒေဆိုင်ရာ ဒေါက်တာဘွဲ့ နှစ်ထပ်ကွမ်းရခဲ့သူ ကမ္ဘာသိထူးချွန်သော ဥပဒေပညာရှင်ကြီး တစ်ဦး ဖြစ်ရုံမျှသာမက သတင်းစာဆရာ၊ စာရေးဆရာ၊ အင်္ဂလိပ်လိုရော မြန်မာလိုပါ ထူးထူးချွန်ချွန် စာအရေးအသားကျွမ်းကျင်ပိုင်နိုင်သူအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုခဲ့ကြပါသည်။

ဒေါက်တာမောင်မောင်၏သမီး ဝန်ထမ်းတစ်ဦးသည် ထို (လွန်ခဲ့သော နှစ်ပေါင်း ၄၀၊ ၁၉၈၀ ပြည့်နှစ်)ကာလက ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် ကို တက်ရောက်နေစဉ် နိုင်ငံတော်ကောင်စီဝင် ဒေါက်တာမောင်မောင်က ချစ်သမီးသာမက ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ ဗိုလ်လောင်းသင်တန်း တက်နေ သည့် သားငယ်အတွက်ပါ ရည်ညွှန်းကာ **“သမီးနှင့်သားဝန်ထမ်းများသို့”**ဟူ၍ စာတစ်ပုဒ်ရေးဖူးခဲ့သည်။ ထိုဆောင်းပါးထဲက ဖော်ပြချက်သည် နှစ်သက်ဖွယ်၊ မှတ်သားဖွယ်ကောင်းလွန်းလှသဖြင့် စာရေးသူသည် လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ကျော်ကပင် လေးစားစွာ ကျက်မှတ်ကျင့်သုံးခဲ့သည်မှာ ယနေ့ တိုင်အောင်ပင်။

**အစွမ်းထက်ဂါထာ**

လက်တွေ့ကောင်းကျိုးတွေလည်းရခဲ့သည်။ အသုံးကျ၍ သူတစ်ပါးကို လည်း မျှဝေခဲ့သည့် ရှိ(မ်)ခဲရာ၊ ဇာအီဘန်ဆီရပ် စသော နိုင်ငံခြားမှ လူငယ် တက်ကျမ်းရေးသားရာတွင် ထင်ရှားသော ကလောင်ရှင်များစွာတို့၏ စာများ တွင်လည်း ဤအချက်များကို မကြာမကြာ ကိုးကားရည်ညွှန်းကြကြောင်း တွေ့ရှိရပါ၏။ မူရင်းကိုမူ ယနေ့အထိ စာရေးသူမသိသေးပါ။ စာကြောင်း ခြောက်ကြောင်းကို ဟိုမှာဒီမှာ တွေ့နေရ၏။ ဒေါက်တာမောင်မောင်ကမူ ကုလသမဂ္ဂမှထုတ်ဝေသော လက်ကမ်းစာစောင် သေးသေးလေး (Pamphlet) တစ်ခုထဲကဖတ်ရပြီး ကြိုက်နှစ်သက်သဖြင့် သမီးနှင့်သားဝန်ထမ်းများသို့ ဘာသာပြန်ယှဉ်တွဲကာ ရေးပြမျှဝေခဲ့ခြင်းပါ။ တန်ဖိုးရှိပေစွ။

မည်သူက မည်သည့်စာအုပ်ထဲမှာ စတင်ဖော်ထုတ်ရေးသားခဲ့မှန်း အတိအကျမသိရပါသော်လည်း ဒေါက်တာမောင်မောင်၊ ရှိ(မ်)ခဲရာ၊ ဇာအီဘန် ဆီရပ်အစရှိသော ထင်ရှားသည့် စာရေးသူပေါင်းများစွာက ကောက်နုတ်ကူးယူ မျှဝေခဲ့သော စာခြောက်ကြောင်းကို မိမိက ယနေ့ချစ်ခင်လေးစားစွာသော လူငယ်ဝန်ထမ်းများအတွက် ဤနေရာမှ ထပ်ဆင့်မျှဝေခွင့်ပြုစေလိုပါသည်။

**လက်တွေ့သိရမည်**

စာကြောင်းခြောက်ကြောင်းမျှသာ ရှိပါသည်။ ပထမစာကြောင်းက စာလုံးခြောက်လုံးပါပါသည်။ နောက်ဆုံးစာကြောင်းက စာလုံးတစ်လုံး တည်းသာဖြစ်ပါသည်။ အကယ်၍ စာဖတ်သူသည် ဤစာကြောင်း ခြောက်ကြောင်းကို ယခင်က သဘောမပေါက် သတိမထားမိရှိခဲ့ရာမှ ယခု သိမြင်နားလည်ရပြီဆိုပါက ဘဝတစ်သက်တာ ခရီးလမ်းကြောင်းတစ်ခုလုံး အတွက် ပိုမိုကောင်းမွန်အောင် ပြောင်းလဲနိုင်ပါလိမ့်မည်။ အောင်မြင်ရေး လက်စွဲဟုဆိုလျှင်လည်း မလွဲ။

နည်းသည်၊ များသည် က အဓိကမကျ။ စာပေဟူသော အလင်းရောင်သည် ဘဝကို ကောင်းအောင်၊ ပြောင်းအောင်၊ တိုးတက်ပြောင်မြောက်အောင် အလင်းရောင် ပေးစွမ်းနိုင်ပါ၏။ မယုံလျှင်စမ်းကြည့်။

1. **I think I made a mistake.**

**“ကျွန်တော် / ကျွန်မ မှားခဲ့မိပုံရပါတယ်။”**

**ဆိုလိုရင်းက မှားလျှင်ဝန်ခံ။ အမြန်ပြုပြင်။**

မှားခြင်းသည် လောကလူသားအားလုံးပင် ဖြစ်တတ်စမြဲ။ မမှားဘဲ အမှန်ချည်း လုပ်နိုင်သူဟူ၍ ဘယ်သူမှမရှိ။ မှားခြင်းကို ပြင်ရင်းပြင်ရင်း သင်ခန်းစာယူကာ ပို၍ကောင်းအောင် ပြောင်းလဲကြရသည်သာ။ ခေါင်းမာပြီး ဆက်မှားလျှင်သာ မှားရုံမက မိုက်မဲခြင်းအထိ ဆင်းမိပါက ဘေးဒုက္ခတွေနှင့် မုချတွေ့ရဖွယ် ရှိနေသည်။

မိမိမှားမိသည်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် နောက်ဆုတ်လိုက်ပါ။ အမှန်ဘက်သို့ ပြန်လာခဲ့ပါ။ အမှန်လုပ်ဆောင်မှသာ ကောင်းကျိုးရနိုင်မှာ မဟုတ်လား။

**2. You did a good Job.**

**“မင်းတော်တယ်၊ မင်းလုပ်ဆောင်တာကောင်းတယ်။”**

တစ်စုံတစ်ဦး ကောင်းမှုကုသိုလ်ပြုခြင်းဖြစ်စေ၊ ကူညီမှု၊ လှူဒါန်းမှု၊ သီလစောင့်မှု တစ်ခုခုကို လုပ်ဆောင်သည်ကို မြင်လျှင်၊ ကြားလျှင်၊ သိလျှင် သင်က ချီးကျူးပါ။ အောင်မြင်မှုရှိသူကို ဂုဏ်ပြုပါ။ နှုတ်ဆိတ်မနေပါနှင့်။ မုဒိတာပွားပါ။

မုဒိတာစိတ်ထားသည် စိတ်ကောင်းစိတ်မြတ်ရှိသူတို့မှာ ရှိတတ်သောအရာ မဟုတ်လား။ သင်က စိတ်ကောင်းရှိသူဖြစ်လျှင် သူတစ်ပါးတိုးတက်အောင်မြင် သည်ကို ဝမ်းသာနိုင်ပါစေ။ ထုတ်ဖော်ချီးကျူးပေးရပေမည်။ သူတစ်ပါး အောင်မြင်သွားသည်ကို ဂုဏ်ပြုစကားပြောသဖြင့် သင့်မှာ ဘာမှမနစ်နာပါ။

**3. What is your opinion ?**

**“မင်းဘယ်လိုသဘောရသလဲ။ ခင်ဗျားတို့ရော ဘယ်လိုအကြံဉာဏ်များ ပေးချင်ပါ သလဲ။”**

စာလုံးလေးလုံး မကြာခဏသုံးပါ။ မိတ်ကောင်းဆွေကောင်း၊ ဆရာသမား၊ လုပ်ဖော်ကိုင်ဖက်များကို တိုင်ပင်ပါ၊ မေးပါ။ ဆန္ဒသဘောထားရယူပြီးစဉ်းစားပါ။ အကြံကောင်းဉာဏ်ကောင်းရရှိပါမည်။ အာဏာရှင် မလုပ်လေနှင့်။ ကိုယ်ထင်ရာ ကို ကိုယ်မစိုင်းနှင့်။ ငါ့လှေငါထိုးဟု သဘောထားလျှင် ဘင်္ဂလားပင်လယ်အော်ထဲ အထိမျောသွားလိမ့်မည်။ မမှားသင့်တာမမှားအောင် ကြိုတင်သတိပေးကြခြင်းဖြင့် မိမိဘေးဒုက္ခမှ ဝေးရမည်။ မျက်လုံးနှစ်လုံးထက် မျက်လုံးပေါင်းများစွာ၊ နားပေါင်း များစွာ အသုံးချလျှင် အမှားနည်းပါး၊ အမှန်များလိမ့်မည်။ ငါတကော မကောမိပါ စေနှင့်။

**4. If you please !**

**“တဆိတ်ကူညီပါ။”**

စကားသုံးလုံးက သင်ကြုံတွေ့နေရသော လတ်တလောအခက်အခဲကို အကူအညီရစေပါသည်။ သူတစ်ပါးကို စာနာကြင်နာစွာ သင်က ကူညီပေးခဲ့ပေါင်း လည်း များခဲ့ပြီ။ သူတစ်ပါးဆီက မိမိအခက်အခဲဖြစ်နေစဉ် ရှက်ကြောက်စရာ မဟုတ်ပါ။ အကူအညီယူပါ။ စိတ်ကောင်းရှိသော လူသားတွေ ကမ္ဘာမြေအနှံ့မှာ ရှိနေကြပါသည်။ အကူအညီတောင်းသာတောင်း။

**5. Thank you.**

**“ကျေးဇူးတင်ပါတယ်။”**

စကားလေးနှစ်လုံး။ သူတစ်ပါး၏ကျေးဇူးကို သိတတ်ခဲ၏။ သင်က ကျေးဇူး သိတတ်သူ လူကောင်းဖြစ်ပါစေ။ (လူမိုက်များက ကျေးဇူးမသိတတ်။ လူယုတ် များက ကျေးဇူးကန်းတတ်၏၊ လူဆိုးများကား ထို့ထက်ဆိုး၏။ ကျေးကွင်းစွပ်ကာ ကျေးဇူးရှင်ကို ရန်ပြုတိုက်ခိုက်ဖျက်ဆီးတတ်၏)။ သိရုံနှင့်မပြီး။ နှုတ်မှလည်း ချက်ချင်းထုတ်ဖော်ပြောဆိုပါ။ လူအချို့သည် **“ကျေးဇူးတင်ပါတယ်”**ဟု ပြောရန် ကိုပင် ဝန်လေး၏။ တွန့်တိုနေတတ်ပါသေး၏။ မှားလေစွ။ များများသုံးပါ၊ ကျေးဇူးတင်ပါတယ်ဟု ပြောရန်အတွက် အခကြေးငွေ ပေးစရာမလိုပါ။ Phone Bill ဖုန်းကတ်ဖိုး မကုန်ကျပါ။ နေ့စဉ်နေ့တိုင်း ဖောဖောသီသီ ပြောကြည့်ပါ။ စိတ်ချမ်းသာပျော်ရွှင်ရကြောင်း ကိုယ်တိုင်ခံစားရလိမ့်မည်။ စမ်းသပ်သုံးစွဲ ကြည့်လိုက်ပါ။

**အင်္ဂလိပ်လိုရေးပြီး သူများကို ကူပါကယ်ပါ၊ လာပါ၊ ငါတို့နိုင်ငံကို ခြယ်လှယ်ဝါးမျိုပါဟု အော်နေစရာလား။ ဖိတ်ခေါ်သူ လူဖျင်းလူညံ့လူနုံငါမဟုတ်။ သူများခိုင်းတိုင်း ငါမလုပ်။ အမျိုးဂုဏ်ဇာတိဂုဏ်၊ မိဘ၏ဂုဏ်ကိုသိပါ။ သင်သည် သင်တစ်ယောက်တည်း ထီးထီးသီးခြားမဟုတ်။ လူမျိုးဂုဏ်ကို မထိခိုက်စေရ။**

ယဉ်ကျေးသူကို လူလေးစားသည်။

စိတ်ကောင်းရှိသူကို လူတွေက ချစ်ခင်ကြသည်။ ထို့ကြောင့် ကျေးဇူးတင် ပါသည်ဟု ပြောဆိုတတ်သူ သင်သည်ရိုင်းစိုင်းသူမဟုတ်။ စိတ်ပုပ်သူမဟုတ်။

**6. We (not I)**

**“ကျွန်ုပ်တို့၊ (ငါမဟုတ်)။”**

ငါတို့ဌာန၊ ငါတို့နိုင်ငံ၊ ငါတို့လူမျိုးဟု စဉ်းစားတတ်ရမည်။ ငါ့မိသားစု၊ ငါ့မြို့။ သင့်၊ မသင့် ဆင်ခြင်ဉာဏ်ဖြင့် စဉ်းစားပြီးမှသာ မိမိတို့ရွာ၊ မိမိတို့မြို့၊ မိမိ၏တိုင်းပြည် ကောင်းကျိုးအမှန်ဖြစ်ရန် သေချာမှန်ကန်သော အလုပ်မျိုးသာ မိမိက ပါဝင်လုပ်ဆောင်ရပါမည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး မပုပ်စေရ။ သိုးဖြူတွေထဲ မိမိက သိုးမည်းမဖြစ်ပါစေနှင့်။ ယဉ်ကျေးသောနိုင်ငံ၊ ဘာသာရေးကိုင်းရှိုင်းသော လူမျိုးဖြစ်ပါလျက် ရိုင်းစိုင်းခက်ထန်ပြီး ဆင်ခြင် ဉာဏ်နည်းစွာ(သူတစ်ပါးခိုင်းစေရာကို ဝေခွဲဆုံးဖြတ်တတ်ခြင်းမရှိဘဲ) ကိုယ့် ပြည်ကို ကိုယ်ဖျက်ဆီးသည့် အုပ်စုထဲအရောက်ခံမည်လား။ မိမိတို့သည် သခင်မျိုးတည်း။

အများယောင်လို့ မယောင်လေနှင့်။ ကိုယ်ပိုင်ဦးနှောက်ကို သုံးရပါမည်။

ငါတို့သည် ကြောင်းကျိုးဆင်ခြင် အမှန်သိမြင်တတ်သော မြန်မာနိုင်ငံ သား လူမွန်လူချွန်ပြည်သူများထဲက ပြည်သူပြည်သားတစ်ယောက် အပါအဝင် သာ။

**အင်္ဂလိပ်လိုရေးပြီး သူများကို ကူပါကယ်ပါ၊ လာပါ၊ ငါတို့နိုင်ငံကို ခြယ်လှယ် ဝါးမျိုပါဟု အော်နေစရာလား။ ဖိတ်ခေါ်သူ လူဖျင်းလူညံ့လူနုံငါမဟုတ်။ သူများ ခိုင်းတိုင်း ငါမလုပ်။ အမျိုးဂုဏ်ဇာတိဂုဏ်၊ မိဘ၏ဂုဏ်ကိုသိပါ။ သင်သည် သင်တစ်ယောက်တည်း ထီးထီးသီးခြားမဟုတ်။ လူမျိုးဂုဏ်ကို မထိခိုက်စေရ။**

**နိဂုံး**

သင်အပါအဝင် ဝန်ထမ်းလောကကို အထင်သေးအမြင်သေးမခံရအောင် ဆင်ခြင်ရပေမည်။ သင်၏ လုပ်ဖော်ကိုင်ဖက်များအတွက် ထည့်စဉ်းစားပါ။ We ဟု နားလည်ပါ။ (not I) ငါဟာ သီးခြားမဟုတ်ပါလား။ သိမြင်ပါပြီလား။

ဘယ်သူတွေက ဘာရည်ရွယ်ချက်နှင့် ဘာတွေကို ဘယ်လိုလုပ်နေသည် ကို သေချာစွာသဲသဲကွဲကွဲမြင်ကြရမည့်အချိန်ရောက်နေပေပြီ။ လက်စွဲကျင့်သုံး စကားခြောက်လုံးကို သုံးကြည့်စေလိုပါသည် –

1။ I think I made a mistake .
2။ You did a good job.
3။ What is your opinion?
4။ If you please!
5။ Thank you.
6။ We (not I)

မြန်မာလို လိုရင်းအချက် ဖော်ပြခွင့်ပြုပါ–

၁။ မှားလျှင်ဝန်ခံ အမြန်ပြုပြင်။ သို့မှသာအဆင်ပြေမည်။ (စောစောချုပ်လျှင် အစုတ်သက်သာသည်)

၂။ အောင်မြင်သူ၊ တိုးတက်သူ၊ ဆုရသူကို ချီးမွမ်းပါ၊ ချီးကျူးပါ။ ထုတ်ဖော်အသိပေးပါ။ ရေးပါ၊ ပြောပါ။ မုဒိတာစိတ်ထားစိတ်ကောင်းဖြစ်ပါ သည်။

၃။ တိုင်ပင်ပါ၊ မေးပါ။ ဆွေးနွေးပါ။ ချင့်ချိန်ပါ။ မိဘဆရာသမားစကား နားဝင်လွယ်ပါစေ။

၄။ အကူအညီယူသင့်လျှင်ယူပါ။ တောင်းမှဖြစ်မည့် အခြေအနေဆိုလျှင် အကူအညီတောင်းပါ။

၅။ ကျေးဇူးသိပါ၊ ကျေးဇူးထုတ်ဖော်ပြောဆိုပါ။ ကျေးဇူးဆပ်ပါ။ ကျေးဇူးတင် တတ်ကြောင်း ပြသပါ။ ကျေးဇူးစကားပြောရန် မနှမြောပါနှင့်၊ ပေါပေါ များများသုံးပါ။ မချွေတာပါနှင့်။ ယဉ်ကျေးသိမ်မွေ့ပါစေ။

၆။ ငါတို့လူမျိုး၊ ငါတို့နိုင်ငံအကျိုးကို ဦးထိပ်ထားပါ၊ ငါ့သဘော၊ ငါ့ခံစားချက် ရှေ့တန်းတင်မဆုံးဖြတ်လေနှင့်။ မိမိသည် မိမိ၏လူ့အဖွဲ့အစည်းထဲက တစ်စိတ်တစ်ပိုင်း ဖြစ်သည်ကို နားလည်ပါ။ သံကိုဖျက်သော သံချေးမဖြစ်ပါ စေနှင့်။

## ကော့သောင်းမြို့ ဆလုံကျွန်းအနီး ငါးသယ်လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွား ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့က ကူညီကယ်ဆယ်



**ကော့သောင်း ဖေဖော်ဝါရီ ၁၈**

ကော့သောင်းမြို့ အက်ဒမန်ပင်လယ် ဆလုံကျွန်းအနီး ယမန်နေ့နံနက်ပိုင်းက ငါးသယ်လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွားရာ ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့က အချိန်မီကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့က တိုးတက်ဦး(၃)အမည်ရှိ ငါးသယ်လှေတစ်စင်းသည် ကော့သောင်းမြို့တွင် ငါးရောင်းချပြီး လှေလုပ်သားခြောက်ဦးဖြင့် ရေခဲများ တင်ဆောင်ကာ ထွက်ခွာလာရာ ကော့သောင်းမြို့ အနောက်ဘက် အက်ဒမန် ပင်လယ် ဆလုံကျွန်းအနီးအရောက်တွင် ရေထဲတွင်နစ်မြုပ်နေသည့်ကျောက်ဆောင် အားတိုက်မိကာ ရေဝင်နစ်မြုပ်ခြင်းဖြစ်ရာ ပင်လယ်အတွင်းကင်းလှည့်လျက် ရှိသည့် ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့ ရဲရေယာဉ် ရဲမန်အောင် ၃၃၄ ဖြင့် အချိန်မီသွားရောက်ကူညီကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လှေနစ်မြုပ်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ လှေပေါ်ပါ ပစ္စည်းတချို့ပျက်စီးဆုံးရှုံး ခဲ့ရပြီး လှေလုပ်သားများအားလုံးကို အသက်အန္တရာယ်ဖြစ်ပေါ်မှုမရှိဘဲ ကူညီ ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျက်စီးခဲ့သည့်လှေအား လွန်းတင်ပြင်ဆင်ဆောင်ရွက် ပေးလျက်ရှိကြောင်း ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့၏ သတင်းပေးပို့ချက် အရ သိရသည်။

ကျော်စိုး(ကော့သောင်း)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်။**

**RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း ပထမဦးဆုံးလုပ်သည့် သတင်းစာရှင်းလင်းပွဲဖြစ်သည့်အတွက် မေးခွန်း တော်တော်များများပါလာကြောင်း၊ အရင် သတင်းစာရှင်းလင်းပွဲနှင့်စာရင် လာသည့် သတင်းထောက် နည်းပါးသည့်အတွက် မေးခွန်းအားလုံးမေးမြန်းခွင့်ပြုပါလို့ ကျွန်မ ဗိုလ်ချုပ်ကို အရင်ဆုံး မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် မေးခွန်းသုံးခုအရင်မေးမြန်းပြီးမှ ပြန်ပြောလို့ရရင် ပြန်ပြောပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ပထမဦးဆုံးမေးခွန်းကတော့ ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးဝင်းမြင့် အပါအဝင် အစိုးရထိပ်တန်းခေါင်းဆောင်တွေကို အခုလောလောဆယ် ဖမ်းဆီးထားပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးဝင်းမြင့်ကို သွင်းကုန် ထုတ်ကုန်ပုဒ်မ၊ သဘာဝဘေးအန္တရာယ် ပုဒ်မတွေဖြင့် တရားစွဲဆိုထားကြောင်း၊ ဒါဟာ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိနဲ့ တရားစွဲထောင်ချဖို့ လုပ်နေတာဖြစ်ကြောင်း နိုင်ငံတကာ အသိုင်းအဝိုင်းက မှတ်ယူထားကြောင်း၊ တပ်မတော်က တရားဥပဒေကို လက်လွတ်စပယ်ကျင့်သုံးတာလို့ စွပ်စွဲထားကြောင်း၊ ဒါနဲ့ပတ်သက်လို့ တပ်မတော်ဘက်က မည်သို့ပြောလိုသည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် အဓိကကတော့ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိသည့် ဥပဒေအတိုင်းပဲ မိမိတို့လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဖြစ်စဉ်များကို ဆောင်ရွက်သည့်အခါမှာ ဥပဒေအရ ဆောင်ရွက်ရသည့် လုပ်ငန်းတွေရှိကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေထက်ကျော်လွန်ပြီး မည်သည့်အရာကိုမှ ဆောင်ရွက်မှာမဟုတ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ဆက်လက်မေးမြန်းရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ အရ သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးကို အကြောင်းတစ်ခုခုနဲ့ စွပ်စွဲအပြစ်တင်မည်ဆိုလျှင် လွှတ်တော်တစ်ခုခုရဲ့ ကိုယ်စားလှယ်အနည်းဆုံး လေးပုံတစ်ပုံ လက်မှတ်ရေးထိုးတင်ပြပြီးတော့ အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမှ ဆက်လက်အရေးယူလို့ရကြောင်း၊ ပြီးရင် ဒီပုဒ်မ ၇၁ ပုဒ်မခွဲ (ဃ) (င) (စ)တို့နဲ့အညီ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ပြီးရင် တစ်ဖက်က ဖမ်းဆီးခံထားရတဲ့ လူတွေဘက်ကလည်း ခုခံချေပခွင့်ရရမည်ဖြစ်ကြောင်း၊ ပြီးမှ ကိုယ်စားလှယ်သုံးပုံနှစ်ပုံက သဘောတူမှ ရာထူးကနေရပ်စဲလို့ရကြောင်း၊ လောလောဆယ် သမ္မတ ဦးဝင်းမြင့်ကို ရာထူးကရပ်စဲတာသည် ဖွဲ့စည်းပုံနှင့်မညီဘူးလို့ အားလုံးက ထောက်ပြဝေဖန်နေတာဖြစ်ကြောင်း၊ ဒီအချက်အပေါ်မှာရော တပ်မတော်က ဘယ်လိုများရှင်းပြမည်လဲဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် အခြေခံဥပဒေနှင့်ပတ်သက်၍ လေ့လာသည့်အခါမှာ မိမိခဏခဏ ပြောကြောင်း၊ ဒါက ထုတ်နုတ်ထားတာဖြစ်ကြောင်း၊ အခြေခံဥပဒေတစ်ခုလုံးကို မိမိတို့ ခြုံငုံလေ့လာဖို့ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသည့်အခါမှာ ပုဒ်မ ၇၁ ဆိုတဲ့ အပိုင်းသည် စွပ်စွဲအပြစ်တင်ပြောဆိုသည့် အပိုင်းဖြစ်ကြောင်း၊ ဒီအပေါ်မှာ ဒါနှင့် ပတ်သက်သည့် ဒီထက်ရှေ့မှာ ပြဋ္ဌာန်းထားသည့် ဥပဒေများလည်းရှိသည်ကို ပြောလိုကြောင်း၊ ဥပမာ-ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ ကို မိမိပြောလိုပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန်လုံလောက်သော အကြောင်းတွေ့ရှိလျှင် ဆိုသည့်ပြဋ္ဌာန်းချက်ကို ပထမဆုံး ပြောလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) မှာပါသည့် ပုဒ်မ ၄၀(ဂ) နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု စသော အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းတို့ကြောင့် ပြည်ထောင်စုပြိုကွဲစေမည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားတာရှိကြောင်း၊ ပုဒ်မ ၇၃(က)ကိုလည်း လေ့လာနိုင်ပါကြောင်း၊ ဒီဟာသည် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များမှာပါသည်များကို အားလုံးခြုံငုံပြီး လေ့လာကြောင်း၊ မိမိတို့ ပုဒ်မ ၁ ကနေ ပုဒ်မ ၄၈ မှာရှိသည့် ပထမဦးဆုံး နိုင်ငံတော်၏ အခြေခံမူတွေကိုလေ့လာပြီး နှိုင်းယှဉ်ရင် တွေ့နိုင်သည်ဟု ပြောလိုပါကြောင်း၊ ဒါနှင့် ပတ်သက်လို့ မိမိပြောလိုသည်မှာ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ရယူပြီးသည့်အချိန်မှာ ထုတ်ပြန်ချက်များရှိကြောင်း၊ ဒီထုတ်ပြန်ချက်၊ ပြောဆိုချက်များသည် ဥပဒေနှင့်ညီမညီ ဆိုတာကို အသေးစိတ်ကြည့်ရှုနိုင်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ဒီရက်ပိုင်းမှာ တပ်မတော်ကို ဆန့်ကျင်ပြောဆိုသူတွေကို ထောင်ဒဏ်အနှစ် ၂၀ အထိ အပြစ်ပေးဖို့ လွှတ်တော်ရဲ့ သဘောတူညီချက်မပါဘဲနဲ့ ဥပဒေကိုပြင်ဆင်လိုက်တာကို မိမိတို့တွေ့ရကြောင်း၊ ဒါပေမဲ့ တစ်ဖက်မှာတော့ ရဲနှင့်တပ်မတော်ဘက်က လက်နက်မပါဘဲ ဆန္ဒပြနေသူများကို အင်အားအလွန်အကျွံသုံးပြီး ဖမ်းဆီးနှိမ်နင်းတာတွေကို မိမိတို့ တွေ့ရကြောင်း၊ နောက် ဖမ်းထားပြီး မပြေးနိုင်တဲ့ ဆန္ဒပြသူတွေကိုတောင် အလွန်အကျွံ ရိုက်နှက်တာတွေကိုလည်း တွေ့ရကြောင်း၊ ခုန ဗိုလ်ချုပ်တို့ပြောသွားတာက ဗိုလ်ချုပ်တို့ဘက်အနေအထားဖြစ်ကြောင်း၊ မိမိတို့လွတ်လပ်တဲ့ မီဒီယာတွေက ရိုက်ထားသည့် ဒီလို အလွန်အကျွံရိုက်ပြီး အင်အားသုံးသည့် မှတ်တမ်းတွေရှိကြောင်း၊ မြေပြင်မှာ တကယ့်လက်နက်မပါဘဲ ဆန္ဒပြသည့်သူတွေကို အင်အားအလွန်အကျွံသုံးပြီးတော့ အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့က ပြင်းပြင်းထန်ထန် ဒီလိုပြုမူဆောင်ရွက်နေတာတွေအပေါ်မှာ ဥပဒေအရ ဘယ်လိုအရေးယူမှာလဲ၊ ဒီမိုကရေစီလို့ပြောတယ်ဆိုရင် ဒီလို ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုခွင့်ရှိကြောင်း၊ ထုတ်ဖော်ပြသခွင့်ရှိကြောင်း၊ ဒါတွေကို အင်အားအလွန်အကျွံမသုံးဖို့ တပ်မတော်ဘက်က ဘယ်လောက်ထိ အာမခံချက် ပေးနိုင်ပါသလဲဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဓိကတော့ နိုင်ငံသူနိုင်ငံသားများ အခွင့်အရေးဆိုတာရှိကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ၏ အခွင့်အရေးသည် နိုင်ငံသူနိုင်ငံသားများ ရရှိရမည့်အခွင့်အရေးဖြစ်ကြောင်း၊ မိမိတို့ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ကနေစပြီးတော့ ပြဋ္ဌာန်းထားတာရှိကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ အခွင့်အရေးကို ဆောင်ရွက်သည့်အခါမှာ သူတစ်ပါး အခွင့်အရေးကိုလည်း လေးစားရမှာဖြစ်ကြောင်း၊ သူတစ်ပါး၏ ရပိုင်ခွင့်ကိုလည်း လေးစားရမှာဖြစ်ကြောင်း၊ နောက်တစ်ခုက နိုင်ငံတော်၏ဥပဒေတွေနှင့် ပတ်သက်လို့ ပြောရရင် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရ မိမိတို့ကန့်သတ်နေသည့် ဥပဒေများ၊ ထုတ်ပြန်လိုက်သည့် ဥပဒေများသည် နံပါတ်တစ်ရည်ရွယ်ချက်က နိုင်ငံတော်၏ လုံခြုံရေးနှင့် ပြည်သူများ၏ လုံခြုံရေးတိုးမြှင့်ရရှိစေဖို့အတွက် ရည်ရွယ်တာဖြစ်ကြောင်း၊ ပုဒ်မ ၄၂၀ အရ အရေးပေါ်အခြေအနေကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့်နယ်မြေဒေသမှာ နိုင်ငံသားတို့၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်ဖြစ်၊ အခွင့်အရေးတစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်ဆိုတာပါကြောင်း၊ မိမိတို့အနေဖြင့် အားလုံးကို ရပ်ဆိုင်းထားတာမရှိကြောင်း၊ အားလုံးကို ကန့်သတ်ထားတာမရှိကြောင်း၊ လိုအပ်ရင်လိုအပ်သလောက်သာ ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ခုနက ပြောသည့် မီဒီယာအနေဖြင့် ပြောသည်များကို မိမိတို့တွေ့ရကြောင်း၊ ဒီလိုဆောင်ရွက်သည့် အချိန်မှာ အဓိကရုဏ်းတွေ၊ ဆန္ဒပြမှုတွေကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးဆောင်ရွက်သည့်အခါမှာ မြန်မာနိုင်ငံ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏စည်းမျဉ်းစည်းကမ်းအတိုင်း စတင်ဆောင်ရွက်တာဖြစ်ကြောင်း၊ ခုနကပြသသည့် သပြေကုန်းလိုဖြစ်စဉ်မျိုးရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စတင်ပြီးတော့မှ ပစ်ပေါက်တာတွေ၊ စတင်ပြီးတော့မှ ဆဲဆိုတာတွေက စတင်ခဲ့တာဖြစ်ကြောင်း၊ မိမိအနေဖြင့် အာမခံနိုင်တာတစ်ခုကတော့ ဒီဆန္ဒပြသူတွေကို ဆောင်ရွက်သည့်အခါမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက သူတို့၏ စည်းမျဉ်းစည်းကမ်းတွေအတိုင်း စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စတင်ပြီးတော့ ပစ်ခတ်တာမရှိဘူးလို့ မိမိအာမခံပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က မနေ့က မန္တလေး ဆန္ဒပြပွဲကို ဖြိုခွင်းတဲ့အချိန်မှာ ကျွန်မတို့ ဗီဒီယိုမှတ်တမ်းတစ်ခု ရထားပါကြောင်း၊ ရဲကားပေါ်ကနေပြီး ရဲအရာရှိတစ်ဦးက လောက်လေးခွနဲ့ချိန်ပြီးတော့ ပြည်သူလူထုထဲကို ပစ်တာကို တွေ့ရကြောင်း၊ ရဲတပ်ဖွဲ့ဆိုတာ အဓိကရုဏ်းနှိမ်နင်းသည့် နိုင်ငံတကာဥပဒေနှင့်အညီဆိုရင် နံပါတ်တုတ်ကို အရင်ဆုံးကိုင်ရမှာ မဟုတ်ဘူးလား၊ နောက် Water Cannon လို့ခေါ်သည့် ရေနဲ့ဖျန်းပြီးတော့ ဖြိုခွင်းတာမျိုးကို ကျွန်မတို့ လက်ခံကြောင်း၊ ဒီအရပ်ထဲက သာမန်လူတွေလုပ်သလိုမျိုး ရဲဝတ်စုံတွေကို ဝတ်ထားပြီးတော့ လောက်လေးခွနဲ့ ပစ်တာသည် တရားဥပဒေနဲ့ ညီပါသလား ဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် လောက်လေးခွနှင့်ပစ်တာကိုတော့ တရားဥပဒေနှင့်ညီမညီ မိမိဆုံးဖြတ်မပေးနိုင်ကြောင်း၊ ဘာလို့ဆုံးဖြတ်မပေးနိုင်တာလဲဆိုတော့ မိမိအမြင်ဖြင့် သူသည် ရဲကားပေါ်မှာရှိနေကြောင်း၊ ရဲကားက သွားနေကြောင်း၊ ခုနက မန္တလေးဖြစ်စဉ်ကို ပြလိုက်ပါကြောင်း၊ ရဲကားတွေ ဖြတ်မောင်းနေကြောင်း၊ ဘေးကနေ ခဲဖြင့်ထုကြောင်း၊ ခဲနဲ့ထုတာကိုတော့ သူကလည်း နံပါတ်တုတ်ဖြင့် သွားပြီးဆင်းရိုက်လို့မဖြစ်နိုင်ဘူးလို့ မိမိမြင်ကြောင်း၊ လောက်လေးခွနှင့် ပြန်ပစ်တာဆိုတာသည်လည်း သူ့မှာ ဒေသန္တရသုံးစွဲနိုင်အောင်လို့ ယခင်ကတည်းကတိုင် လုပ်ထားတာဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ထပ်မံမေးမြန်းရာ



ရဲတပ်ဖွဲ့ဝင်အနေဖြင့် လောက်လေးခွကိုင်ဆောင်ခွင့်ရှိပါသလားဆိုတာသိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာတွင် ရဲတပ်ဖွဲ့ဝင်အနေဖြင့် လောက်လေးခွ ကိုင်ဆောင်ခွင့်ရှိသလားဆိုတော့ ရဲတပ်ဖွဲ့ဝင်အနေဖြင့် သေနတ်နှင့် မပစ်ချင်လို့ သူ့ကိုယ်သူ ကာကွယ်သည့်အနေဖြင့် လုပ်ဆောင်တာဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်မှာတော့ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လောက်လေးခွကိုင်ခွင့်မရှိဘူးလို့တော့ မိမိလည်းမမြင်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က နေပြည်တော်မှာ ပစ်ခတ်ခံရသည့် မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းကိုပစ်လိုက်သည့် ကျည်ဆန်သည် ရော်ဘာကျည်ဆန်ဖြစ်တယ်လို့ ဗိုလ်ချုပ်တို့တရားဝင်ပြောထားကြောင်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးမှာ တွေ့ရကြောင်း၊ ၎င်းကိစ္စကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် ရော်ဘာကျည်ဆန်နှင့်ပစ်တယ်လို့ မိမိတို့သတင်းမှန်ပြန်ကြားရေးက ဘယ်အချိန်က ထုတ်ထားတာရှိပါသလဲ၊ ထုတ်ပြန်ထားတာမရှိကြောင်း ပြန်လည်ဖြေကြားသည်။

**စာမျက်နှာ ၈ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၇ မှ

ဆက်လက်၍ **RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ရော်ဘာကျည်ဆန်နှင့် ပစ်တယ်လို့ကြားမိလို့ဖြစ်ပါကြောင်း၊ ဆေးရုံက ဆရာဝန်တွေကို ကျွန်မတို့ မေးကြည့်သည့်အခါမှာ ဒါကအသက်ကို ခြိမ်းခြောက်လောက်သည့် ကျည်ဆန်အစစ်ဖြစ်တယ်လို့ပြောထားကြောင်း၊ ဦးနှောက်ထဲမှာလည်း ကျည်ဆန်ကို တွေ့ထားကြောင်း၊ ညာဘက်ကနေဝင်ပြီးတော့ ဘယ်ဘက်ကနေ မထွက်ဘဲနဲ့ ဦးနှောက်ထဲမှာ ကျည်ဆန်ကို တွေ့ရကြောင်း၊ ဒါနဲ့ ပတ်သက်ပြီးတော့ ဗိုလ်ချုပ်တို့ဘက်က မည်သို့ပြောဆိုသည်ကို သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် အဓိကကတော့ အဲဒီအမျိုးသမီးနှင့် ပတ်သက်ပြီးတော့ ပုံတွေ၊ ဗီဒီယိုဖိုင်တွေကို မိမိတို့ပေးလိုက်မည်ဖြစ်ကြောင်း၊ သူသည်လည်း အကြမ်းဖက်မှုမှာ ပါဝင်ပြီးတော့မှ အုတ်ခဲနဲ့စတင်ပစ်ခတ်ခဲ့သည့် အမျိုးသမီးဖြစ်ကြောင်း၊ ထိုအမျိုးသမီးလုပ်တာကို မိမိအပြစ်တင်တာမဟုတ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်အနေဖြင့် ဒီဖြစ်စဉ်နှင့်ပတ်သက်ပြီး မေးမြန်းလျက်ရှိကြောင်း၊ သုံးနှုန်းထားသည့် အသုံးအနှုန်းထဲမှာ ရော်ဘာကျည်ဆန်နှင့် ပစ်တယ်လို့မသုံးကြောင်း၊ ကျည်စစ်ကျည်မှန်နဲ့ ပစ်တယ်လို့ မသုံးကြောင်း၊ မိမိတို့အနေဖြင့် ဒါကိုသေနတ်ဒဏ်ရာရရှိခဲ့တယ်လို့ မိမိတို့ သုံးနှုန်းထားတာဖြစ်ကြောင်း၊ ဒါကို မေးမြန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒါနှင့်ပတ်သက်ပြီး မိမိတို့တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က မေးမြန်းရာတွင် မိမိအနေဖြင့် မေးခွန်းနှစ်ခု မေးချင်ပါကြောင်း၊ မိမိမေးခွန်းမမေးခင် အချိန်နှစ်မိနစ်ခန့် ပြောဆိုခွင့်ပေးစေလိုကြောင်း၊ ၁၉၈၈ ခုနှစ် နဝတအာဏာသိမ်းသည့် အခြေအနေနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူလိုက်သော အချိန်နှစ်ခု ဘယ်လိုကွဲပြားသလဲဆိုတာ နှစ်မိနစ်ခန့်ပြောခွင့်ပြုစေလိုကြောင်း၊ မိမိတို့ဂျာနယ်က နိုင်ငံရေးသုံးသပ်ချက် (Political Opinion)ကိုပဲ ဖြစ်သည့်အတွက်ကြောင့် ထိုကွဲပြားမှုကို လူထုနှင့်ကမ္ဘာကို ကွဲကွဲပြားပြား သိစေချင်ပါကြောင်း၊ ဘာကြောင့်လဲဆိုတော့ ၁၉၈၈ အရေးတော်ပုံကြီးမှာ ကျွန်တော်ကိုယ်တိုင်ဦးဆောင်ခဲ့တာဖြစ်ပါကြောင်း၊ နံပါတ်(၁)ကနေ (၁၀)၊ (၁၅) ထဲတွင်ပါကြောင်း၊ မိမိကိုယ်တိုင် ထောင် ၅ ထောင်မှာ နေခဲ့ရကြောင်း၊ ထိုအချိန်က (၈၈) နဝတအာဏာသိမ်းတဲ့အချိန်မှာ ဖြစ်သွားခဲ့သည့်ကိုင်တွယ်မှုနှင့် ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ကိုင်တွယ်မှုသည် မိုးနှင့် မြေလိုကွာကြောင်း၊ မိမိအနေဖြင့် ပကတိမြင်တာကိုမြင်သည့်အတိုင်း သုံးသပ်ခြင်းဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် ညနေကတည်းက စပစ်တာဖြစ်ကြောင်း၊ ယခုလက်နက်သံက ကျည်အစစ်ဖြင့်ပစ်သည့်အသံကို တစ်ချက်မှ မကြားရသေးကြောင်း၊ ရော်ဘာကျည်ဖြင့်ပစ်ခတ်ကြောင်း၊ ရေပိုက်ဖြင့်ထိုးကြောင်း၊ ထိုအခြေအနေမှာ ဘယ်အချက်များကွဲလွဲနေလဲဆိုတော့(၁၉၈၈ ခုနှစ်) နဝတကောင်စီအာဏာသိမ်းစဉ် အစိုးရမှာ အကုန်လုံးက တပ်မတော်စစ်တိုင်းမှူးကြီးဖြင့်သာ ဖွဲ့စည်းခဲ့ကြောင်း၊ အစိုးရအစစ် (၁၀၀%)စစ်အစိုးရ၊ စစ်အာဏာသိမ်းသော စစ်အစိုးရအစစ်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ယင်းအစိုးရကို ပုန်ကန်ခဲ့ကြောင်း၊ မိမိတို့ ကိုယ်တိုင်ထွက်ပြေးခဲ့ကြောင်း၊ မိမိတို့ ကိုယ်တိုင် ထောင်ကျခဲ့ကြောင်း၊ မိမိတို့က မီဒီယာအဖြစ်နဲ့ ရပ်တည်ပြီးနေပါကြောင်း၊ တစ်ခါမှ နိုင်ငံရေးစကားကို မပြောဖူးကြောင်း၊ သို့သော်လည်း ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကိုင်တွယ်မှုမှာ အကုန်လုံးက ရဲတပ်ဖွဲ့များဖြစ်ကြောင်း၊ ဥရောပ၊ ပြင်သစ်မှာဖြစ်နေမှုများ၊ အမေရိကားမှာဖြစ်နေမှုများ၊ ထိုင်းမှာ ဖြစ်နေမှုများနှင့် အလားတူပဲဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က ရေကားဖြင့်ထိုးကာ သတိပေးကြောင်း၊ အဆင့်ဆင့်မြင်နေရ၍ လူထုကို မိမိပြောချင်သည်မှာ ဆန္ဒသိပ်မစောပါနဲ့၊ ညင်ညင်သာသာကိုင်နေသည့်အချိန်မှာ အားလုံး ညင်ညင်သာသာ ပြီးဆုံးသွားမည်ဖြစ်ကြောင်း၊ ညင်ညင်သာသာမဟုတ်ဘဲ ကြမ်းကြမ်းတမ်းတမ်းဖြစ်လာပါက ၁၉၈၈ က မိမိတို့ခံခဲ့ရသလို အားလုံးခံသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းပြမြေပုံ (၅)ချက်ဆိုတာ Television က လူထုကို တိုက်ရိုက်ရှင်းပြပြီးသွားပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ပေးမည်၊ ပါတီစုံဒီမိုကရေစီစနစ်ကို သွားမည်ဖြစ်ကြောင်း၊ အကုန်လုံးပြောပြီးသွားပြီဖြစ်သည့်အတွက်ကြောင့် ယခုလိုဆက်ပြီး ဆူပူသွားမည်ဆိုပါက မိမိတို့ ဖွတ်မရ ဓားမဆုံးပဲရှိမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်က မိမိတို့ မြန်မာပြည်၏ နိုင်ငံရေးအခြေအနေနှင့် အဓိကယှဉ်ရမှာ ထိုင်းနိုင်ငံက မိမိတို့နှင့်အနီးဆုံးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံက ၁၉၃၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၃ ကြိမ် နိုင်ငံရေးဇာတ်ခုံပေါ်ကို ထိန်းသိမ်းခဲ့ရကြောင်း၊ ပျမ်းမျှအားဖြင့် ၆ နှစ်တစ်ကြိမ် ထိုင်းမှာ စစ်တပ်အာဏာသိမ်းကြောင်း၊ မြန်မာပြည်မှာ လွတ်လပ်ရေးရပြီးကတည်းက တပ်မတော်က နိုင်ငံရေးဇာတ်ခုံပေါ်ကို တက်လာသည်မှာ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မိမိမပြောလိုကြောင်း၊ ယခု နိုင်ငံရေးဇာတ်ခုံပေါ်ကို နိုင်ငံတော်အုပ်ချုပ်မှုကောင်စီအစိုးရ တက်လာတာကြည့်ပါက (၇၃)နှစ်အတွင်းမှာ (၃)ကြိမ်သာရှိသေးသည့်အတွက်ကြောင့် ထိုင်းနှင့် မြန်မာနိုင်ငံအခြေအနေကို ယှဉ်ပါက မြန်မာပြည်မှာ တပ်မတော်က နိုင်ငံရေးဇာတ်ခုံပေါ် ဝင်ရောက်မှုမှာ အကြိမ်ရေနည်းပါးကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ဉာဏ်ပညာရှိရှိဖြင့် လက်ရှိအစိုးရ ဆောင်ရွက်နေသည့်အပေါ် စိတ်ရှည်ရှည်ဖြင့် ဘာကိုသွားနေသလဲ၊ ဘယ်လိုလုပ်နေသလဲ၊ ဒီတိုင်းသွားလို့အဖြေကို ရောက်မည်လား၊ ထိုအပေါ်တွင် စိတ်ရှည်ပေးကြရန် လက်ရှိအစိုးရ ဆောင်ရွက်ချက်များကို အကဲဖြတ်ပြီး စောင့်ဆိုင်းသင့်ကြောင်း၊ တိန့်ရှောင်ဖိန်က ပြောခဲ့ကြောင်း၊ ဘယ်ကြောင်ပဲဖြစ်ဖြစ်၊ ကြောင်ဖြူပဲဖြစ်ဖြစ် ကြွက်ခုတ်ရင်ကြောင်ပဲဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ ကြွက်ခုတ်ရင် ကြောင်ဖြစ်မည်ဖြစ်ကြောင်း၊ တိန့်ရှောင်ဖိန်ပြောခဲ့သည့် စကားဖြစ်ကြောင်း ပြောကြားသည်။



**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က မေးမြန်းရာတွင် လက်ရှိအစိုးရအနေဖြင့် လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး ပြည်သူလူထုက ပိုမိုသိရှိလာရန်၊ ပိုမိုရှင်းလင်းလာရန်အတွက် ဘာတွေလုပ်ဆောင်ပေးဖို့ရှိနေသလဲဆိုသည်ကို သိချင်ပါကြောင်း၊ နံပါတ်နှစ်မေးခွန်းမှာ လက်ရှိအစိုးရအနေဖြင့် ငြိမ်းချမ်းရေးက သိပ်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်များကို မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း တိတိကျကျ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် အဆိုပါစကားများအတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေဖြင့် စပြီးတာဝန်ယူကတည်းက ပြောပြီးဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖွဲ့စည်းပုံကိုကြည့်ပါက ၈ + ၈ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင် တပ်မတော်အရာရှိကြီး ၈ ဦးနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီမှ ခေါင်းဆောင် ၈ ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ထိုအချက်ကိုကြည့်ခြင်းဖြင့် မိမိတို့ ဝန်ကြီးဌာနများတွင်လည်း ဝန်ကြီးများခန့်ထားမှုမှာ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်သည့်လူများသာ ခန့်အပ်ဆောင်ရွက်ထားကြောင်း၊ ဒါကိုကြည့်ခြင်းအားဖြင့် မိမိတို့ဆောင်ရွက်ချက်တွေကို သိနိုင်မည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မိမိတို့၏ ရည်မှန်းချက်များ ဘယ်လိုရည်မှန်းထားကြောင်း၊ ရေရှည်နှင့်ပတ်သက်ပြီး အာဏာနှင့်ပတ်သက်ပြီး ရေရှည်တာဝန်ယူဆောင်ရွက်မည်မဟုတ်ကြောင်းကို ပြောပြီးဖြစ်ကြောင်း၊ မေးထားသည့်မေးခွန်းနှင့်ပတ်သက်ပြီး ယခုအစိုးရ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး Road Map (၅) ချက်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထုကို ရှင်းရှင်းလင်းလင်း သိနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးများတွင် ဘာတွေပြောသွားသည်ဆိုသည်ကို သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အစိုးရအဖွဲ့ ဘာတွေလုပ်ဆောင်နေကြောင်း၊ ဘာတွေဆွေးနွေးခဲ့ကြောင်းကိုလည်း သတင်းထုတ်ပြန်ပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်အကြောင်းအရာ အသေးစိတ်ကနေစပြီး မိမိတို့ရေးခဲ့ကြောင်း၊ မိမိမေးခွန်း တစ်ခုမေးချင်သည်မှာ ဒီမိုကရေစီခေတ်ဟု ပြောခဲ့သော လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့တွင်ပြောခဲ့သည့်မူဝါဒများကို ချမှတ်ပေးမည့် Policy Maker များအနေဖြင့် ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လုပ်ဆောင်ချက်များကို အစိုးရက ဘာတွေဆက်လုပ်သွားမည်၊ ဘာတွေဆွေးနွေးခဲ့သည် စသည်ဖြင့် အများကြီး မိမိ မပြောလိုကြောင်း၊ သုံးပုံတစ်ပုံ သတင်းထုတ်ပြန်ခဲ့သည်ဆိုပါက မိမိကိုပြ၊ ယခု ပြည်သူလူထုကို မိမိတို့က အစိုးရဘာတွေလုပ်မည်၊ ကောင်စီက ဘာတွေလုပ်နေသည်၊ မိမိတို့ ဘယ်မူဝါဒနှင့် သွားမည်ဆိုသည်ကို အပတ်စဉ် အစည်းအဝေးတိုင်းမှာ အသေးစိတ်ပြောသမျှကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ဤသည်မှာ ပွင့်လင်းမြင်သာမှု၊ ပြည်သူကို လေးစားတန်ဖိုးထားခြင်းများ၏ ပြယုဂ်ဖြစ်သည်ဟု မိမိပြောလိုကြောင်း၊ နောက်တစ်ချက်မှာ အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အဖွဲ့သုံးဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပထမအဖွဲ့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် လိုအပ်သူများဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် မူဝါဒပေးထားမှုများ၊ ဦးဆောင်လမ်းညွှန်မှုများကို မိမိတို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဦးစီး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်ထောင်စုဝန်ကြီးများ ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့ရည်မှန်းထားသည်မှာ တကယ်ထိထိရောက်ရောက်ဖြစ်အောင် လုပ်ဆောင်ရန် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် တိုင်းမှူးများက ထိုအဖွဲ့ထဲတွင်ပါဝင်ပြီး လက်တွေ့ကျကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဝါဒအမြင်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အဖွဲ့ဖြစ်ကြောင်း၊ နောက်တစ်ခုမှာ အမျိုးသားစည်းလုံးညီညွတ်ရေး ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ထိုအဖွဲ့ ဖွဲ့စည်းသည့်အချိန်တွင် ယခင်တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုဦးစီးအဖွဲ့ဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးစီးပြီး တကယ်လုပ်ဆောင်ရမည့် ဝန်ကြီးများ ပါဝင်သည့်အဖွဲ့များ၊ ယခင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်သည့် အကြံပေးများ ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းတို့သည် ညှိနှိုင်းရေးကော်မတီများနှင့် အလုပ်လုပ်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖြစ်စဉ်မရှိဘဲနှင့် ရှေ့ဆက်သွားနိုင်ရန် မဖြစ်နိုင်သည့်အတွက်ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် အထူးအလေးထားသည့်အကြောင်းကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံနှင့် NCA နှစ်ပတ်လည်နေ့များတွင် အမြဲတမ်းပြောကြားခဲ့ကြောင်း၊ ထိုကော်မတီကို ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးကို နံပါတ်တစ်အနေဖြင့် လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဖြစ်စေရမည်ဖြစ်ကြောင်း၊ နံပါတ်နှစ်အနေဖြင့် ယခုတစ်နှစ်အတွင်း၊ ယခုအရေးပေါ်ကာလ တာဝန်ထမ်းဆောင်နေချိန်အတွင်းမှာ လက်တွေ့ကျသောရလဒ်များရအောင် ဆောင်ရွက်သွားမည်ကို ပြောလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ **သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် မိမိတို့အနေဖြင့် လက်တွေ့ကျသည့် ကော်မတီသုံးခုကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းသည့်အချိန်တွင် တပ်မတော်နှင့် တိုက်ရိုက်ဆွေးနွေးမှုများ၊ လုပ်ငန်းကော်မတီတွင် ပြည်နယ်ဥက္ကဋ္ဌများ၊ တိုင်းမှူးများကိုယ်တိုင် ပါဝင်မည်ဖြစ်ကြောင်း၊ ထိုကော်မတီသုံးခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိပြောနိုင်သည်မှာ ယခု အရေးပေါ်ကာလတွင် မိမိတို့သည် လက်တွေ့ကျသည့် ဖြစ်ပေါ်တိုးတက်မှုမျိုး၊ လက်တွေ့ကျသည့် ဆွေးနွေးမှုမျိုး၊ လက်တွေ့ကျသည့်ရလဒ်မျိုး ဖြစ်လာအောင် မိမိတို့ ဆောင်ရွက်သွားမည်ကို ပြောလိုကြောင်း ရှင်းလင်းပြောကြားသည်။



**ဆင်ဟွာသတင်းဌာနမှ သတင်းထောက် ဦးရဲမင်းဖြိုး**က အနောက်နိုင်ငံများက တပ်မတော်အပေါ် ပိတ်ဆို့အရေးယူမှုအပေါ် မည်သို့ တုံ့ပြန်အရေးယူဆောင်ရွက်သွားမည်ကို သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် အဓိကက ထိုပိတ်ဆို့အရေးယူမှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ ယခုကိစ္စမတိုင်ခင်ကတည်းက ပိတ်ဆို့အရေးယူမှုများလုပ်နေသည့်ကိစ္စများ လုပ်ဆောင်နေကြောင်း၊ ဒါကတော့ ၎င်းတို့၏လုပ်ငန်းပဲဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ၎င်းတို့၏လုပ်ငန်းကို ထူးခြားပြီးဝေဖန်စရာမရှိကြောင်း၊ ဘယ်လိုပြောပြော မိမိတို့အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး၊ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၁၉၈၈ ခုနှစ် နိုင်ငံတော်တာဝန်ရယူရပြီး နိုင်ငံတော်မှာ ဘဏ္ဍာငွေနှင့်ပတ်သက်ပြီး အကျပ်အတည်း တွေ့နေရချိန်မှာတောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံကို အခြေအနေအတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အနီးဆုံးနားလည်အောင်ပြောရမည်ဆိုပါက ယခုသတင်းစာရှင်းလင်းပွဲပြုလုပ်နေသည့် အဆောက်အအုံကစပြီး နေပြည်တော်ဆိုသည့်မြို့၊ ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီး စသည်တို့ဖြစ်ပေါ်လာအောင် ဘယ်လိုအခြေအနေကနေ တည်ဆောက်လာခဲ့သည်ဆိုတာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ဒီလိုမျိုးအခြေအနေ မဟုတ်တော့ကြောင်း၊ ယခုတွင် အခြေခံအဆောက်အအုံများ ရှိပြီးသားဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် အတူတူ ပူးပေါင်းပါဝင်လက်တွဲပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**SKY NET သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်**က နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို လွှတ်ပေးကြဖို့ တောင်းဆိုနေကြတာတွေ ရှိနေပါကြောင်း၊ ဘယ်အချိန်လောက်မှ လွှတ်ပေးနိုင်မလဲ၊ ဘာတွေဆက်လုပ်နေလဲ၊ နောက်ပြီးတော့ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ ကျန်းမာရေးအခြေအနေ ဘယ်လိုရှိလဲဆိုတာ သိလိုပါကြောင်းမေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးဝင်းမြင့်တို့၏ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း၊ ဒုတိယအချက်က မိမိတို့အနေဖြင့် ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေကို ကျော်လွန်ပြီး ဆောင်ရွက်သွားမည် မဟုတ်ကြောင်း ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

ဆက်လက်၍ **SKY NET သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်**က တပ်မတော်မှ တာဝန်ယူပြီးသည့်နောက်မှာ NLD တာဝန်ရှိသူအချို့ကို ထိန်းသိမ်းထားပြီး ပိတ်ဆို့ထားမှုများရှိကြောင်း၊ ဘာကြောင့် ထိုသို့လုပ်ရတာလဲဆိုတာနှင့် ထိန်းသိမ်းထားသောသူများ၏ ကျန်းမာရေးအခြေအနေများကိုလည်း သိရှိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁၀)မှာ နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားတာရှိကြောင်း၊ အခြေခံအားဖြင့် နိုင်ငံရေးပါတီများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးတည်ထားပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေဖို့ဖြစ်ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ယူပြီး နောက်ပိုင်းတွင် နိုင်ငံတော်၏ လုံခြုံရေးအရ ဆက်စပ်ပြီး စစ်ဆေးဖော်ထုတ်နေရတာတွေရှိပါကြောင်း၊ ဒါတွေကိုလုပ်နေရသည့် ရည်ရွယ်ချက်ကလည်း မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်ရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာမှာ နိုင်ငံသားများထံမှ အမှန်တကယ်ဆင်းသက်ရန်အတွက် ဖြစ်ပါကြောင်း၊ တွေ့ရှိချက်တွေအများကြီးရှိကြောင်း၊ ထိုအထဲတွင် မိမိပြောနိုင်တာတစ်ခုက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှာ နိုင်ငံခြားငွေစီးဆင်းမှုများတွေ့ရှိရပါကြောင်း၊ အချို့အချက်အလက်များရရှိထားပြီးဖြစ်ကြောင်းနှင့် သင့်လျော်သောအချိန်ရောက်လျှင် သက်ဆိုင်ရာကဏ္ဍအလိုက် ထုတ်ပြန်တာတွေ၊ ရှင်းလင်းပေးတာတွေကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



ဆက်လက်၍ **SKY NET သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်**က နိုင်ငံအနှံ့အပြားတွင် နိုင်ငံ့ဝန်ထမ်းများအားလုံး CDM လုပ်နေတာတွေ့ရှိရပါကြောင်း၊ ပါဝင်တဲ့ဝန်ထမ်းများက ပါဝင်နေတာရှိသလို မပါဝင်တဲ့ဝန်ထမ်းတွေလည်းရှိပါကြောင်း၊ CDM မှာပါဝင်တဲ့ဝန်ထမ်းတွေ ဖမ်းဆီးနေတယ်ဆိုတဲ့ သတင်းတွေလည်းကြားရပါကြောင်း၊ ဒါနဲ့ပတ်သက်ပြီး အစိုးရအနေနှင့် လုံခြုံရေးဆိုင်ရာများကို တာဝန်ရှိသူများအနေနှင့် ဘယ်လိုမျိုးတာဝန်ယူပေးနိုင်မလဲ၊ ဘာတွေဆက်လုပ်မှာလဲဆိုတာသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် CDM ကိစ္စနှင့်ပတ်သက်ပြီး ပြောရမယ်ဆိုရင် မဖြစ်သင့်သည့်ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ အဓိကကတော့ နိုင်ငံရေးသမားများက နိုင်ငံ့ဝန်ထမ်းများကို သူတို့၏ နိုင်ငံရေးလောဘပြည့်ဖို့အတွက် ခားစာခံတွေအဖြစ် ထိပ်တိုက်တွေ့ဆုံရေးလမ်းကြောင်းပေါ်ကို အတင်းတင်မြှောက်ပေးပြီး တင်နေတယ်လို့ မြင်မိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် CDM ကိစ္စနှင့်ပတ်သက်ပြီး ပြောကြားခဲ့တာတွေရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများကို စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်းနေပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းတွေအနေနှင့် ပြည်သူလူထု ကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မထမ်းဆောင်နိုင်မှုတွေမှာ ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုခံယူရာမှာ ပြင်ပဆေးခန်းတွေမှာ ငွေကြေးအကုန်အကျများစွာခံပြီး ကုသမှုခံယူနေရသည့်အတွက် ပြည်သူများမှာ ထိခိုက်နစ်နာမှုတွေရှိသည့်အတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း၊ လူ့အသက်မှာ အရေးကြီးပြီး CDM နှင့်ပတ်သက်၍ တချို့သောဌာနတွေမှာ တာဝန်ရှိသူတွေကိုယ်တိုင် လှုံ့ဆော်နေတာတွေရှိကြောင်း၊ နိုင်ငံရေးခံယူချက်ထက် နောက်ကွယ်မှ ကိုယ်ကျိုးအကြောင်းတရားတွေကို တွေ့ရပါကြောင်း၊ ဝန်ထမ်းတွေဖြစ်ပြီး လှုံ့ဆော်နေတာကိုတော့ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ မည်သည့်နိုင်ငံရေးခံယူချက်ရှိသည်ဖြစ်စေ၊ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဆိုတာ ဒီမိုကရေစီ၏ ကျင့်စဉ်ပဲဖြစ်ပါကြောင်း၊ ထွင်ပြီးပြဋ္ဌာန်းထားတာ မဟုတ်ပါကြောင်း၊ အထူးသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများမှာ ကတိသစ္စာဆိုထားသူများဖြစ်ပြီး ကျွန်တော်တို့ သစ္စာဆိုထားတာတွေမှာ နိုင်ငံနှင့် ပြည်သူအတွက် ဖြစ်ပါကြောင်း၊ ပါတီတစ်ပါတီ၊ အဖွဲ့အစည်းတစ်ခုအတွက် သစ္စာဆိုထားတာ မဟုတ်ပါကြောင်း၊ လူသားချင်း ကိုယ်ချင်းစာနာစိတ်၊ လူ့အခွင့်အရေးတို့ဆိုတာ ပါးစပ်နှင့်ပြောလို့မရပါကြောင်း၊ လက်တွေ့လုပ်ဆောင်ရမှာဖြစ်ပြီး အစိုးရဝန်ထမ်းတွေကို လုပ်ငန်းခွင် အမြန်ပြန်ဝင်ရောက်ကြဖို့နှင့် အရေးယူမှုတွေလုပ်မှာမဟုတ်ပါဘူးဆိုတာ တရားဝင်ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ဒါကြောင့်လုပ်ငန်းခွင်ကို အမြန်ဝင်ရောက်ကြရန်နှင့် လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်လာသော ဝန်ထမ်းများကိုလည်း အရေးယူမှာမဟုတ်ဘူးဆိုတာ ပြောကြားလိုပါကြောင်း၊ လက်တွေ့ဆန်းစစ်ကြည့်မယ်ဆိုရင် ဝန်ထမ်းတွေကို မြှောက်ပင့်ပေးနေတာ ဘယ်သူတွေလဲ၊ အဲ့ဒီမြှောက်ပင့်ပေးနေတဲ့သူတွေက ဘာတွေနှင့်အသက်မွေးဝမ်းကျောင်းပြုသည့်သူများလဲဆိုတာ သေချာလေ့လာကြည့်ပါလို့ ပြောလိုပါကြောင်း၊ ဝန်ထမ်းများအနေနှင့် အခုလုပ်ကိုင်နေသည့် မိမိတာဝန်ကို နိုင်ငံတော်နှင့် ပြည်သူအပေါ်မှာ သစ္စာရှိရှိနှင့် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းတွေရှိပါကြောင်း၊ အားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့်လည်း ကျေးဇူးတင်တယ်ဆိုတာ ပြည်သူလူထုကိုပြောကြားသည့် မိန့်ခွန်းမှာလည်း ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ဒါကြောင့် **အစိုးရဝန်ထမ်းများအနေနှင့် အပြုံးမပျက် ရုံးတက်ကြဖို့ တိုက်တွန်းလိုပါကြောင်း၊ အပြုံးမပျက်ရုံးတက်နိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း ပြောကြားသည်။

**Voice of Myanmar(VOM)သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မေးမြန်းရာတွင် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲမသမာမှုများရှိသည်ဟု စွပ်စွဲခဲ့ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အာဏာထိန်းသိမ်းခဲ့ကြောင်း၊ အဆိုပါစွပ်စွဲချက်နှင့်ပတ်သက်ပြီး မည်မျှအထိ စစ်ဆေးပြီးသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၈ ခုနှစ်ကစပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် တရားမျှတပြီး သန့်ရှင်းသည့် ရွေးကောက်ပွဲဖြစ်ဖို့နှင့် သန့်ရှင်းသည့် နိုင်ငံရေးဖြစ်ဖို့ အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း၊ အသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် စစ်ဆေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအကြိမ်စစ်ဆေးတွေ့ရှိချက်ကို ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်ထုတ်ပြန်ချက်အရ ယခင် UEC က ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ သုံးဆယ့်ရှစ်သန်း နှစ်သိန်းခုနစ်သောင်းကျော်ရှိသည်ကို ထုတ်ပြန်ထားပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထုတ်ပြန်ထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ(နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ)စာရင်းသည် သုံးဆယ့်နှစ်သန်းနှစ်သိန်းကျော် ဖြစ်ကြောင်း၊ စာရင်းကွာခြားချက် ခြောက်သန်းရှိသည်ကို ပထမအကြိမ်ထုတ်ပြန်ချက်တွင် ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ မြို့နယ်ရှစ်မြို့နယ်ကို အသေးစိတ်စစ်ဆေးပြီးဖြစ်ကြောင်း၊ အဆိုပါစစ်ဆေးချက်တွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် သုံးကြိမ်ပါဝင်နေသူများ၊ မဲစာရင်းနှစ်ကြိမ်ပါဝင်နေသူများ၊ စုစုပေါင်း ၂၆၄၁၄ ဦးပါရှိနေကြောင်း၊ UEC အသစ်အနေဖြင့် အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း၊ UEC အသစ်က မကြာခင်တွင် တွေ့ရှိချက်များ၊ ဖြစ်စဉ်များကိုပွင့်လင်းမြင်သာစွာ ရှင်းလင်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ဆက်လက်၍ **Voice of Myanmar (VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မေးမြန်းရာတွင် မန္တလေးမြို့၌ ဆန္ဒပြသည့်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၏ယူနီဖောင်းများက ဘက်တံဆိပ်မပါခြင်းသည် ဥပဒေနှင့်ညီပါသလား သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြန်လည်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါတပ်ဖွဲ့ဝင်သည် လုပ်ငန်းတာဝန်ထမ်းဆောင်ရန် ထွက်လာသည့်အခါ အနွေးထည်ယူဆောင်ခြင်းမပါဘဲ ယူနီဖောင်းအပေါ်မှာ ဆွယ်တာထပ်ဝတ်ထားခြင်းဖြစ်နိုင်ကြောင်း၊ ဥပဒေကိုချိုးဖောက်လိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းမဟုတ်နိုင်ကြောင်း၊ တချို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် လမ်းမပေါ်တွင် တာဝန်ထမ်းဆောင်ခြင်း၊ လုံခြုံရေးဆောင်ရွက်ခြင်းများရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် တော်တော်လေးပင်ပန်းပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသိအမှတ်ပြု လေးစားပါကြောင်း၊ မနက်ကနေ ညပိုင်းအထိ တာဝန်ထမ်းဆောင်နေကြပြီး ယခုလိုတာဝန်ထမ်းဆောင်ရန်အတွက် အနွေးထည်မပါခြင်းမျိုးဖြစ်နိုင်ပါကြောင်း၊ ဥပဒေကိုချိုးဖောက်လိုသည့် ရည်ရွယ်ချက်မရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မေးမြန်းရာတွင် တပ်မတော်အနေဖြင့် မဲမသမာမှုထုတ်ပြန်ချက်များနှင့် ပတ်သက်ပြီး တပ်မတော်၏အလုပ်မဟုတ်ဘဲ နိုင်ငံရေးပါတီများ၊ လေ့လာစောင့်ကြည့်သူများ၏ အလုပ်ဖြစ်သည်ဟု ဝေဖန်မှုများရှိနေပါကြောင်း၊ ခပ်ရှင်းရှင်းပြောရမည်ဆိုပါက နည်းနည်းလေး စကားပြောသွားတာရိုင်းသွားရင် ခွင့်လွှတ်စေလိုကြောင်း၊ စကားပုံတစ်ခုအနေဖြင့် နွားရှေ့ထွန်ကျူးနေသလိုဖြစ်နေကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် မည်သို့သဘောထားမှတ်ချက် ပေးလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး စနစ်တကျ အသေးစိတ်စာရင်းများ ထုတ်ပြန်ခဲ့ခြင်းများရှိကြောင်း၊ ပွင့်လင်းမြင်သာစွာ အထောက်အထားစုံလင်စွာဖြင့် သတင်းထောက်များ၏ ရှေ့တွင်လုပ်ဆောင်ခဲ့ကြောင်း၊ တစ်မြို့နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အပြန်အလှန်စစ်ဆေးမှုများ၊ ကွန်ပျူတာစနစ်ဖြင့် စစ်ဆေးမှုများအား တစ်မြို့နယ်ချင်းအလိုက် စာအုပ်ပေါင်း ၃၀၀၀ ကျော်ကို မီဒီယာများရှေ့၊ ပြည်သူများရှေ့တွင် ပြသခဲ့ပြီး စိတ်ကြိုက်စစ်ဆေးခွင့်များပေးခဲ့ကြောင်း၊ ဘာကြောင့်လုပ်ရသလဲဆိုလျှင် ဒီမိုကရေစီစနစ် မယိမ်းယိုင်စေရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ပီပြင်လာစေရန်အတွက် စစ်ဆေးခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ခုနကပြောသည့်စကားပုံ နွားရှေ့ထွန်ကျူးကိုပြန်ပြောရရင် အဓိပ္ပာယ်ကောက်လွဲသွားမှာလည်းစိုးကြောင်း၊ ဆိုလိုသည့် အဓိပ္ပာယ်ကလည်း နိုင်ငံရေးပါတီ၊ စောင့်ကြည့်နေသူများကို နွားလို့ပြောသည်ဟု စကားအထအနကောက်ဦးမည်ဖြစ်ကြောင်း၊ သို့သော် တစ်ခုတော့ကြိုပြီးတော့ပြောလိုကြောင်း၊ အထအနမကောက်စေလိုကြောင်းနှင့် ခုနကပြောသည့်အတိုင်း စကားပုံသက်သက်အနေနှင့်သာ ပြောလိုကြောင်း၊ တစ်ခါတလေတော့လည်း နွားရှေ့ထွန်ကျူးသင့်ရင် ကျူးရမှာဖြစ်ကြောင်း၊ ဥပမာအနေဖြင့်ပြောရရင် နွားကသူလုပ်ရမည့် လယ်ထွန်သည့်၊ ယာထွန်သည့် အလုပ်ကို လုပ်ဖို့အတွက် မိမိတို့က ထွန်ဆွဲခိုင်းတာဖြစ်ကြောင်း၊ မဆွဲဘဲ သူ့ရဲ့ညဉ်အတိုင်းပဲ တွန်းတယ်၊ တိုက်တယ်၊ ဘေးတိုက်သွားနေတာဖြစ်ကြောင်း၊ ဒါဆိုရင် အလုပ်ဖြစ်အောင် မိမိတို့လုပ်ရမှာဖြစ်ကြောင်း၊ မဆွဲချင်ဘဲ တွန်းသာတွန်းချင်နေသည့်နွားကိုတော့ နောက်မှာထွန်တုံးမတပ်ဘဲနှင့် ရှေ့မှာထွန်တုံးတပ်ပြီး လုပ်ခိုင်းသင့်လျှင် လုပ်ခိုင်းရမှာဖြစ်ကြောင်း၊ တွန်းပြီးတော့မှ မိမိတို့ရည်မှန်းချက်ဖြစ်သည့် ယာမြေညက်အောင်လုပ်သင့်ရင် လုပ်ရမှာဖြစ်ကြောင်း၊ အဲဒါ ဘာနဲ့မှနှိုင်းယှဉ်ပြောတာမဟုတ်ကြောင်း၊ ဥပမာတစ်ခု၊ အတွေးအမြင်တစ်ခုအဖြစ် ပြောတာဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ယခင်သတင်းစာရှင်းလင်းပွဲများတွင် မီဒီယာပေါင်းများစွာ တက်ရောက်ကြပြီး ယခုအခါပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲများကို တက်ရောက်ရန်အတွက် မိမိအပါအဝင် မီဒီယာအချို့ကို ခြိမ်းခြောက်မှုများရှိခြင်းအပေါ် မည်ကဲ့သို့ သဘောထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် သတင်းစာရှင်းလင်းပွဲလုပ်မည့်အကြောင်းကို ဖိတ်ကြားသည့်အခါ တချို့မီဒီယာများက တရားဝင်ထုတ်ပြန်ပြီး ဆောင်ရွက်နေမှုများကို တွေ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မီဒီယာများအပေါ်ထားသည့် သဘောထားသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် သတင်းမီဒီယာကောင်စီဖြင့်တွေ့ဆုံချိန်နှင့် MTRV စိန်ရတု နှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့ကြောင်း၊ ဒီမိုကရေစီခေတ်တွင် သတင်းမီဒီယာကဏ္ဍသည်အရေးကြီးကြောင်း၊ သတင်းမီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်ကို အသိအမှတ်ပြုကြောင်း၊ မှန်မှန်ကန်ကန်ဖြစ်ဖို့လိုကြောင်း၊ ပြည်သူလူထုအတွက် အကျိုးရှိမည့်သတင်းများဖြစ်ရန် လိုကြောင်းနှင့် မှန်ကန်ဖို့၊ မြန်ဆန်ဖို့၊ အကျိုးရှိဖို့လိုကြောင်းကို ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် မီဒီယာများအပေါ်ထားသည့် သဘောထားများဖြစ်ကြောင်း၊ စတုတ္ထမဏ္ဍိုင်အဖြစ် ခံယူထားကြောင်း၊ အခြားသူများခံယူခြင်း မခံယူခြင်းက မီဒီယာများအသိပဲဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းစာရှင်းလင်းပွဲ ၂၈ ကြိမ် ပြုလုပ်ခဲ့ပြီး မီဒီယာများအား ခွဲခြားဆက်ဆံခြင်းမရှိဘဲ အားလုံးဖိတ်ကြားခဲ့ကြောင်း၊ သတင်းစာရှင်းလင်းပွဲလုပ်သည့်အခါ မီဒီယာများအပေါ် ခွဲခြားဆက်ဆံခဲ့သည့်သူများကို မီဒီယာများအသိဆုံးဖြစ်ကြောင်း၊ ယခုအချိန်တွင် ဘယ်မီဒီယာက ဘာသတင်းများကို ဦးစားပေးဖော်ပြနေသည်ကို သိကြမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့် ပြည်သူလူထုအပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အော်ဟစ်ဆဲဆိုခြင်းများကို အဆိုပါမီဒီယာများရှေ့တွင် ပြုလုပ်ခဲ့သော်လည်း မီဒီယာများမှာ ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ဖော်ပြခဲ့ခြင်းမရှိသည့်အတွက် အပြစ်မတင်ပါကြောင်း၊ ၎င်းမီဒီယာများ၏ခံယူချက်ပင်ဖြစ်ကြောင်း၊ သတင်းစာရှင်းလင်းပွဲတက်ခြင်း၊ မတက်ခြင်းကိုမဝေဖန်လိုကြောင်း၊ ၎င်းမီဒီယာများ၏ ပြည်သူလူထုအပေါ်ထားသည့် စေတနာပင်ဖြစ်ကြောင်း၊ ငါတို့ရေးတာပဲဖတ်ရမယ်၊ သိရမယ်ဆိုတာ ပြည်သူလူထုကို အထင်သေးတာလို့မြင်ကြောင်း၊ စတုတ္ထမဏ္ဍိုင်၏ ရပ်တည်ချက်ကို ငြိမ်းချမ်းစွာနေထိုင်လိုပြီး နိုင်ငံတော်အပေါ် စေတနာစစ်မှန်သည့် ပြည်သူလူထုက ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ဆက်လက်ဖော်ပြပါမည်။**

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၄)ကြိမ်မြောက် ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)တွင် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် ပါရဂူများနှင့် ဆေးမှူးဆရာဝန်များ ပါဝင်သော ဆေးအဖွဲ့များက ပါဝင်ကူညီတာဝန်ထမ်းဆောင်လျက်ရှိသည်။




အဆိုပါ လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)တွင် (၁၃)ကြိမ်မြောက်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူး ဆရာဝန်များ စုစုပေါင်း ၄၀ နှင့် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး သွားရောက် တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်သည့်ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်း တင်ပြသည်။ ထို့နောက် တိုင်းမှူးက ဆေးဝန်ထမ်းအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များတွင် မေ့ဆေးပါရဂူ သုံးဦး၊ အဏုဇီဝပါရဂူ တစ်ဦး၊ ဆေးကုသမှုပါရဂူ ခြောက်ဦး၊ ခွဲစိတ်ပါရဂူ ခုနစ်ဦး၊ ဆေးမှူးဆရာဝန် နှစ်ဦးနှင့် သူနာပြုအရာရှိ ၂၂ ဦး စုစုပေါင်း ၄၁ ဦး တို့ပါဝင်ပြီး ၎င်းတို့သည် အများပြည်သူများ အခက်အခဲကြုံတွေ့ပြီး စိုးရိမ်စိတ်များ မြင့်တက်နေချိန်တွင် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်၊ ကုသနိုင်ရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ကာ ယနေ့နံနက် ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)၌ ၂၀၂၀ ပြည့်နှစ် မေ ၇ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအား ကုသပေးခဲ့ပြီး ယခုအခါ ရောဂါပိုး တွေ့ရှိသူ လျော့နည်းလာသဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပိတ်သိမ်းခဲ့ရာ ယနေ့တွင် တပ်မတော်မှ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် ၄၁ ဦးနှင့် ဒေသခံ Volunteer ၂၀ တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအား အဆိုပါဆေးရုံ၌ ဆက်လက်လက်ခံ ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသပေးလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ် အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၆၁၄၃ ဦး၊ အတွင်းလူနာ ၂၇၆၇ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက် ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၇၀၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၃၄ ဦး စုစုပေါင်း ၁၀၃၆ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက် ရှိပြီး ၎င်းတို့အနက် ၄၀၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၂၀ ကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၀၂၇ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော် ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်း ကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) တို့တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော် သားမိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် ယနေ့တွင် ဗုဒ္ဓကလျာဏယုဝအသင်းချုပ်(YMBA)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဆန်အိတ် ၁၀၀ သွားရောက်လှူဒါန်းခဲ့ရာ ဆေးရုံများမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရပ်သားဆရာဝန်များနှင့် သူနာပြုများမရှိ၍ ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးဇော် ဦးစီးဆရာဝန် ၄၀ နှင့် သူနာပြု ၈၀ တို့သည် ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ၎င်းတို့၏ လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး တာဝန်ရှိသူများက အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်ဆေးရုံများမှ ဆရာဝန်များနှင့် သူနာပြုများအား လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံလာခဲ့သည်။



ထိုသို့ အကူအညီတောင်းခံလာမှုကြောင့် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်ဆေးရုံများမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စနစ်တကျစုဖွဲ့ပြီး ယနေ့ စေလွှတ်၍ အဆိုပါဆေးရုံရှိရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်စေခဲ့ရာ ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြန့်ဖြူးရာတွင် မျှတမှုမရှိသည့်အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဝေဖန်

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၈**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖြန့်ဖြူးရာတွင် မျှတမှုမရှိသည့်အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယမန်နေ့က ဝေဖန်ပြောကြားခဲ့သည်။

ယမန်နေ့တွင်ကျင်းပသည့် ကုလသမဂ္ဂအဖွဲ့ လုံခြုံရေးကောင်စီ၏ ဗီဒီယိုကွန်ဖရင့်အစည်းအဝေးတွင် ဂူတာရက်စ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ နိုင်ငံပေါင်း ၁၀ နိုင်ငံကသာ ၎င်းတို့၏လူဦးရေ ၇၅ ရာခိုင်နှုန်းကို ကာကွယ်ဆေးများ ထိုးနှံပေးပြီးဖြစ်ပြီး နိုင်ငံပေါင်း ၁၃၀ ကျော်သည် ကာကွယ်ဆေးထိုးနှံပေးမှု လုံးဝမရှိသေးသည်ကို တွေ့ရှိရကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မျှတစွာဖြန့်ဖြူးပေးသည့် COVAX အစီအစဉ်အတွက် ကာကွယ်ဆေးများထောက်ပံ့ပေးရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တိုက်တွန်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆောင်ရွက်ရန်အတွက် အမေရိကန်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား ကန်ဒေါ်လာသန်း ၂၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်အတွက် ထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်က အဆိုပါအစည်းအဝေးတွင် ကတိပြု ပြောကြားခဲ့သည်။

အလားတူ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၀ သန်းလှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံက လက်ရှိအချိန်အထိ ဝင်ငွေနည်းပါးသော နိုင်ငံ ၅၃ နိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လှူဒါန်းပေးပြီးဖြစ်ကြောင်း ဝမ်ယိက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့လျက်ရှိစဉ် ကုလသမဂ္ဂအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသော ဝင်ငွေနည်းပါးသည့် နိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မျှဝေပေးရန်အတွက် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**






# ဗီဇပြောင်းဗိုင်းရပ်စ်များအတွက် ကာကွယ်ဆေးဖော်စပ်နိုင်ရန် ဥရောပသမဂ္ဂအဖွဲ့က လုပ်ငန်းစဉ်များ ချမှတ်

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၈**

ဥရောပသမဂ္ဂအဖွဲ့က ဗီဇပြောင်းဗိုင်းရပ်စ်များအတွက် ကာကွယ်ဆေးဖော်စပ်နိုင်ရန် ကမ္ဘာ့နိုင်ငံများမှ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်ထားကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ဗီဇပြောင်းဗိုင်းရပ်စ်များအတွက် ကာကွယ်ဆေးဖော်စပ်ရန် သုတေသီများ၊ ဇီဝနည်းပညာကုမ္ပဏီများ၊ ဆေးဝါးထုတ်လုပ်ဖြန့်ချိရေး ကုမ္ပဏီများနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါအဖွဲ့ကို HERA Incubator ဟု အမည်ပေးထားသည်။

**လုပ်ငန်းစဉ်များ**

အဆိုပါအဖွဲ့က ကမ္ဘာတစ်ဝန်း၌ ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစားများကို စုံစမ်းရှာဖွေရန်၊ အသစ်ထပ်မံတွေ့ရှိသော ဗီဇပြောင်းဗိုင်းရပ်စ်များအတွက် ကာကွယ်ဆေးဖော်စပ်နိုင်ရန်၊ ကာကွယ်ဆေးတွေ့ရှိမှုအပေါ် ကျန်းမာရေးအာဏာပိုင်များ၏ အတည်ပြုချက်များရရှိရေးအတွက် အရှိန်မြှင့်ဆောင်ရွက်ရန်နှင့် ကာကွယ်ဆေးထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်ဆောင်ရွက်ရန်စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါအဖွဲ့သည် ဥရောပသမဂ္ဂအဖွဲ့၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအတွက် ရေရှည်ပြင်ဆင်ဆောင်ရွက်ရမည့် အသေးစိတ်အစီအစဉ်တစ်ခုဖြစ်သည်ဟု ဥရောပကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ ဗီဇပြောင်းဗိုင်းရပ်စ်များ ထွက်ပေါ်လာမှုသည် မြန်ဆန်လွန်းသည့်အတွက် ယခုဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်း အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ဆိုသည်။

ဥရောပသမဂ္ဂက ယခုဆောင်ရွက်မည့် စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၃ သန်း သုံးစွဲသွားမည်ဖြစ်သည့်အပြင် ဗီဇပြောင်းဗိုင်းရပ်စ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေပေးခြင်းတို့အတွက် အမေရိကန်ဒေါ်လာသန်း ၁၈၀ ကျော် ထပ်မံသုံးစွဲသွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀ သန်းနီးပါးရှိလာ

**ဆော်ပေါလို ဖေဖော်ဝါရီ ၁၈**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၆၇၆၆ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၉၇၈၇၄၇ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ဒုတိယအများဆုံးနိုင်ငံ**

အလားတူ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၅၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၂၀၉၀ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအများဆုံး ခံစားရသည့် နိုင်ငံများအနက် ဘရာဇီးနိုင်ငံသည် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် ဗိုင်းရပ်စ်ကူးစက်မှု တတိယအများဆုံးနိုင်ငံဖြစ်လာခဲ့သည်။ သေဆုံးမှုနှုန်းမှာ အမေရိကန်နိုင်ငံပြီးလျှင် သေဆုံးသူအရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ ၅၅၀၅၀၄၉ ဦး (၂ ဒသမ ၆ ရာခိုင်နှုန်း)အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်သောကိန်းဂဏန်းများအရ သိရသည်။

ဇူလိုင် ၃၁ ရက်မတိုင်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၃၁ သန်းရရှိမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ပါဇူလိုက နိုင်ငံတစ်ဝန်း ကာကွယ်ဆေးဖြန့်ဖြူးရေးဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီမှထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် နီပေါခွင့်ပြု

**ခတ္တာမန္ဒူ ဖေဖော်ဝါရီ ၁၈**

နီပေါနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီမှထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် ခွင့်ပြုခဲ့ကြောင်း နီပေါကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း AstraZeneca ဆေးဝါးကုမ္ပဏီနှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နီပေါဆေးဝါးဆိုင်ရာ စီမံခန့်ခွဲရေးဌာနက သုံးစွဲရန် ခွင့်ပြုခဲ့ပြီးနောက် ယခုဆေးဝါးအား ဒုတိယမြောက်ဆေးဝါးအဖြစ် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ယခုဆေးဝါးအား နိုင်ငံအတွင်းအသုံးပြုရန်အတွက် ခွင့်ပြုချက်ပေးခဲ့ခြင်းသည် တရုတ်နိုင်ငံမှထပ်မံထောက်ပံ့ပေးမည့် ဆေးဝါးများအတွက် လမ်းဖွင့်လိုက်ခြင်းပင်ဖြစ်သည်။




ယခု Sinopharm ကုမ္ပဏီမှထုတ်လုပ်သော ကိုဗစ်-၁၉ကာကွယ်ဆေးကိုသုံးစွဲခွင့်ပြုလိုက်ခြင်းအားဖြင့် မိမိတို့အတွက် ဆေးဝါးအမျိုးအစားစုံလင်စွာရရှိစေခဲ့ကြောင်း နီပေါကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ကာကွယ်ဆေးဆိုင်ရာအကြံပေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာရှာရန် ရပ်ချ်ယူပရီတီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယခုအချိန်တွင် အစိုးရကအိန္ဒိယမှ ထောက်ပံ့ပေးအပ်သည့် Covishield ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်သန်းကို အသုံးပြုကာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းကို ဆောင်ရွက်နေသည်။ နီပေါအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ လူပေါင်းသုံးသိန်းကျော်အား ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းထောက်များကို ပထမဦးစားပေးအုပ်စုအဖြစ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရန် အမေရိကန်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား အမေရိကန်ဒေါ်လာ သန်း ၂၀၀ ပေးအပ်သွားမည်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား ယခုလကုန်တွင် ဒေါ်လာသန်း ၂၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ယမန်နေ့တွင်ပြုလုပ်သည့် ဗီဒီယိုကွန်ဖရင့်အစည်းအဝေး၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်က ဆိုသည်။

သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်နိုင်ငံ နုတ်ထွက်ခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်က အမေရိကန်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးကဏ္ဍတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်သွားရန် ဆန္ဒရှိကြောင်း နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က ဆိုသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးတွင် နိုင်ငံတကာ၏ ဘက်ပေါင်းစုံတုံ့ပြန်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်ကို ယုံကြည်ပါကြောင်း ဝန်ကြီးဘလင်ကန်က ဆက်လက်ပြောကြားခဲ့သည်။

ယခုလနှောင်းပိုင်းတွင် အမေရိကန်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား အမေရိကန်ဒေါ်လာ သန်း ၂၀၀ ပေးအပ်သွားမည်ဖြစ်ပြီး အဆိုပါ ထောက်ပံ့ကြေးငွေသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံအဖြစ် ထည့်သွင်းပေးခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က ဆိုသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဓိကငွေကြေးထောက်ပံ့ပေးသည့်အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရန် ကိုင်တွယ်ဖြေရှင်းရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆောင်ရွက်မှုများမှာ နှောင့်နှေးကြန့်ကြာသည်ဟု စွပ်စွဲခဲ့ပြီး သမ္မတဟောင်းဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်မည်

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၈**

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၀ ရက်မှစတင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဆောင်ရွက်သည့် ကာကွယ်ဆေးထိုးအစီအစဉ်တွင် နယ်စပ်ဒေသရှိ လုပ်သားများအား Pfizer/ BioNTech ကာကွယ်ဆေးများဖြင့် စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဝန်ကြီး ခရစ်ဟစ်ကင်က ယနေ့ပြောကြားသည်။ နိုင်ငံအတွင်းသို့ ဖေဖော်ဝါရီ ၁၅ ရက်ကစတင်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရောက်ရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စမ်းသပ်ထိုးနှံခြင်းကို အော့ကလန်၊ ဝယ်လင်တန်နှင့် ခရစ်ချက် တို့တွင် ယမန်နေ့က ဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သယ်ယူပို့ဆောင်ရေးတွင်သုံးစွဲမည့် သေတ္တာများရောက်ရှိလာသည့်အချိန်တွင် ကောင်းမွန်စွာသုံးစွဲနိုင်ရေးအပါအဝင် နည်းပညာပိုင်းဆိုင်ရာပြင်ဆင်မှုများကို ဆောင်ရွက်ထားကြောင်း ၎င်းကပြောသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများမှာလည်း ကာကွယ်ဆေးထိုးရန်လိုအပ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ၎င်းဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နယ်စပ်ဒေသရှိလုပ်သားများအား ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများအား Pfizer/ BioNTech ကာကွယ်ဆေးဆိုင်ရာသင်တန်းများ ပေးအပ်ထားပြီးဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၁၀၅၂၀၅၈၈ ဦး

သေဆုံးသူ
၂၄၄၂၉၄၆ ဦး

ပြန်လည်ကျန်းမာလာသူ
၈၅၄၁၇၇၄၂ ဦး

## အိန္ဒိယအစိုးရက နိုင်ငံတွင်းသို့လာရောက်လည်ပတ်မည့် နိုင်ငံတကာခရီးသည်များ လိုက်နာဆောင်ရွက်ရန် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများ ထုတ်ပြန်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၈**

နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုများ တွေ့ရှိရသဖြင့် အိန္ဒိယအစိုးရက နိုင်ငံတွင်းသို့ လာရောက်လည်ပတ်မည့် နိုင်ငံတကာခရီးသည်များ လိုက်နာဆောင်ရွက်ရန် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို ယမန်နေ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗြိတိန်၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့တွင် တွေ့ရှိခဲ့သော အဆိုပါ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အမျိုးအစားများသည် ကမ္ဘာတစ်ဝန်းတွင် ကူးစက်မှုနှုန်းမြင့်တက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း အန်ဂိုလာမှပြန်လာသူ တစ်ဦး၊ တန်ဇန်းနီးယားမှပြန်လာသူ တစ်ဦးနှင့် တောင်အာဖရိကမှ ပြန်လာသူ နှစ်ဦးတို့တွင် အာဖရိက ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည်ကို တွေ့ရှိခဲ့သည်။ ဖေဖော်ဝါရီလ ပထမသီတင်းပတ်အတွင်းက နိုင်ငံအတွင်း ဘရာဇီး ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးကို တွေ့ရှိခဲ့ပြီး ဗြိတိန်ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၇ ဦးကို တွေ့ရှိခဲ့သည်။



နိုင်ငံတကာခရီးသည်များအတွက် ယခုချမှတ်ခဲ့သော ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စည်းမျဉ်းများမှာ ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ အကျုံးဝင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ဗြိတိန်၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများမှ နိုင်ငံအတွင်းသို့လာရောက်သော ခရီးသည်များအတွက်လည်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ချမှတ်ခဲ့ပြီးဖြစ်သည်။

နိုင်ငံအတွင်းသို့လာရောက်မည့် ခရီးသည်များအနေဖြင့် ကိုယ်ရေးအချက်အလက်မှတ်တမ်းနှင့်အတူ ၇၂ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကင်းရှင်းကြောင်း ဆေးလက်မှတ်ကို တင်ပြရမည်ဖြစ်သည်။ နိုင်ငံအတွင်းသို့ လာရောက်မည့် ခရီးသည်များအနေဖြင့် နိုင်ငံအတွင်း ခရီးသွားလာခြင်း မပြုမီ သတ်မှတ်ထားသော နေအိမ်တွင် ၁၄ ရက် သီးခြားခွဲခြားစောင့်ကြည့်ခြင်းကို တာဝန်ရှိသူများညွှန်ကြားသည့်အတိုင်း ခံယူရမည်ဟူသော သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။ နိုင်ငံအတွင်းရောက်ရှိသည့်အချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသည့် ခရီးသည်များအား ကျန်းမာရေးဆိုင်ရာစည်းမျဉ်းအရ ဆေးရုံများသို့ ပို့ဆောင်ကုသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## အိန္ဒိယနိုင်ငံက ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များသို့ ကိုဗစ်ကာကွယ်ဆေး အလုံးရေ နှစ်သိန်း လက်ဆောင်ပေးမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၈**

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များသို့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ နှစ်သိန်း လက်ဆောင်ပေးမည်ဟု အိန္ဒိယနိုင်ငံက ယမန်နေ့တွင် ကြေညာခဲ့သည်။



အိန္ဒိယပြည်ပရေးရာဝန်ကြီး အက်စ်ဂျိုင်ရှန်ကာက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အကောင်အထည်ဖော်ဆောင်ရေး ဆွေးနွေးပွဲ၌ ထိုသို့ကြေညာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံက ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးတွင် ရှေ့တန်းမျက်နှာစာမှ ပါဝင်နေပြီး "Vaccine Maitri" အစီအစဉ်အရ ကမ္ဘာ့နိုင်ငံများသို့ ကာကွယ်ဆေးများ ထောက်ပံ့နေကြောင်း ၎င်းက ပြောသည်။

ကမ္ဘာ့နိုင်ငံ ၂၅ နိုင်ငံက အိန္ဒိယနိုင်ငံထုတ် ကိုဗစ်ကာကွယ်ဆေးများ ရရှိခဲ့ပြီးဖြစ်ပြီး ဥရောပ၊ လက်တင်အမေရိက၊ ကာရစ်ဘီယံမှသည် အာဖရိက၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ကျွန်းစုများအထိ ကမ္ဘာ့နိုင်ငံ ၄၉ နိုင်ငံသို့ မကြာမီ ကာကွယ်ဆေးများထောက်ပံ့မည်ဟု ၎င်းက ဆိုသည်။ "အိန္ဒိယနိုင်ငံက မိတ်ဆွေနိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေဆီ ကိုဗစ်ကာကွယ်ဆေးတွေ တိုက်ရိုက်ပေးပို့နေပါတယ်"ဟု ဂျိုင်ရှန်ကာက ပြောသည်။

နိုင်ငံတကာအသိုင်းအဝိုင်းက ကာကွယ်ဆေး မညီမမျှရရှိမှုပြဿနာ မဖြေရှင်းနိုင်ပါက ကမ္ဘာ့စီးပွားရေးမှာ ဒေါ်လာ ၉ ဒသမ ၂ ထရီလီယံအထိ ဆုံးရှုံးနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများအသင်းက ခန့်မှန်းထားသည်ဟု ၎င်းက ဆိုသည်။

**ကိုးကား - ဟိန္ဒူစတန်တိုင်းမ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**







# ကျောက်ဆည်မြို့နယ်၌ ငွေကျပ်သိန်း ၁၁၇၀ တန်ဖိုးရှိ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၁၇၀ တန်ဖိုးရှိ ဘိန်းစိမ်း ၇၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် ကျောက်ဆည်မြို့နယ် ကင်းကျေးရွာ ရွှင်-ကျောက်ဆည်သွားကားလမ်းတွင် ရွှင်ဘက်မှ ကျောက်ဆည်ဘက်သို့ မောင်းနှင်လာသည့် Crown မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသည်။ ပူးပေါင်းအဖွဲ့က ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ကုလကျေးရွာအနီးတွင် အဆိုပါမော်တော်ယာဉ်အား ယာဉ်မောင်း စွမ်းသီဟနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး မော်တော်ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၁၁၇၀ တန်ဖိုးရှိဘိန်းစိမ်း ၇၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် စွမ်းသီဟအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ဘိန်းစိမ်းများမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဖမ်းဆီးရမိသူအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။





# နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅ ဒသမ ၁၀၃၂ တန်၊ သစ်မာ ၃ ဒသမ ၆၅၅၀ တန်၊ အခြား ၇ ဒသမ ၇၃၈၀ တန် စုစုပေါင်း ၁၆ ဒသမ ၄၉၆၂ တန်၊ ပြစ်မှုကျူးလွန်သူ သုံးဦး၊ ယာဉ်/ယန္တရား ခုနစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဗန်းမော်၊ မြဝတီနှင့် တမူးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီတွင် ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်နေ အောင်ထက်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ချွင်ရုံးဖ၊ စိုင်းထွေးငယ်၊ မေဇင်ဖူးတို့အား တွေ့ရှိရပြီး ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀၊ မော်တော်ဆိုင်ကယ်နှစ်စီး၊ မော်တော်ယာဉ်တစ်စီးကို လည်းကောင်း၊ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် မယေအောင်(ခ) ရွှေအေးအား ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ ဟိုတယ်၌ အိုက်ယွေ့(ခ)ကိုစိုင်းနှင့် အိုက်မြင့်တို့အား ငွေကျပ်သိန်း ၇၅၀၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။



အိုက်ယွေ့(ခ)ကိုစိုင်း၊ အိုက်မြင့်၊ မယေအောင်(ခ)ရွှေအေး၊ မေဇင်ဖူး၊ ချွင်ရုံးဖ၊ အောင်ထက်၊ စိုင်းထွေးငယ်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ကံဆင့်မြိုင်လမ်းတွင် ရပ်တန့်ထားသည့် MARK-X အမျိုးအစား မော်တော်ယာဉ်အား သွားရောက်စစ်ဆေးရှာဖွေရာ ယာဉ်မောင်း စောကျော်ထူးမူးအား တွေ့ရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၆၄ ပြားကိုလည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် ခါမ်းပါတ်မြို့ ထင်းဇင်ကျေးရွာ ကလေး-တမူးသွားကားလမ်း၊ နန်စပါတံတားအနီးတွင် ထွန်းထွန်းဝင်း(ခ)ထွန်းထွန်း မောင်းနှင်လာသော Probox ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ Alprazolam ဆေးပြား ၁၂၀၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်ကို တွန်းမပို့ပါနဲ့ ...

ကိုလူလူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးလိုက်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ရပ်ဆိုင်းသွားပြီ ဖြစ်သည်။

**စင်ပြိုင်အစိုးရပုံစံ လုပ်ကိုင်**

ထို့ကြောင့် လွှတ်တော်များသည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း လက်ရှိအခြေအနေ၌ တရားဝင်မှု၊ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ ရှိတော့မည်မဟုတ်ပေ။ သို့သော် ယခင်လွှတ်တော်ကိုယ်စားလှယ်အချို့သည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH ဟူ၍ တရားမဝင် အဖွဲ့အစည်းတစ်ခုဖွဲ့စည်းပြီး သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များထုတ်ပြန်ကာ စင်ပြိုင်အစိုးရပုံစံ လုပ်ကိုင်နေသည်ကို တွေ့ရပါသည်။ လွဲမှားသော စွန့်စားမှုပေလော။ အန္တရာယ်များသော ဖောက်ဖျက်ကျူးလွန်မှုဖြစ်ကြောင်း ဥပဒေပြုခဲ့ကြသူများကိုယ်တိုင် ဥပဒေကို မလေးစားခြင်းပေလော။

CRPH ၏ ဖေဖော်ဝါရီလ ၉ ရက်နေ့က ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် (၂/၂၀၂၁)တွင် "Civil Disobedience Movement နိုင်ငံသားများ၏ ငြိမ်းချမ်းစွာဖြင့် မတရားသည့်အမိန့်အာဏာ ဖီဆန်ရေးလှုပ်ရှားမှု" ဟူသော လတ်တလောဖြစ်ပေါ်နေ သည့် ဆန့်ကျင်ဆန္ဒပြဖြစ်စဉ်များကို ပိုမိုကြီးထွားလာအောင် လှုံ့ဆော်စာကို လူမှုကွန်ရက်စာမျက်နှာများပေါ်မှ ဖြန့်ဝေခဲ့သည်ကို တွေ့ရပါသည်။ CRPH သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ ပြည်သူလူထု ဆူပူအုံကြွမှုမြင့်မားလာနိုင်သည့် အာဏာဖီဆန်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လာသည့်သဘော တွေ့မြင်ရပါသည်။ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်စေနိုင်သောလမ်းကြောင်းဆီသို့ ဆွဲခေါ်လိုသလော။ မေးခွန်းထုတ်သောသူများ ရှိလာကြလေသည်။

CRPH သည် "တရားမဝင်အာဏာသိမ်း စစ်အစိုးရလက်အောက်တွင် ဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများ အလုပ်မထွက်၊ ရုံးမတက်ဘဲ Civil Disobedience Movement တွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြရန်" လှုံ့ဆော်ထားပြီး Civil Disobedience Movement တွင် ပါဝင်မှုကြောင့် ပြည်သူ့ဝန်ထမ်းများ၏ နေရေး၊ စားရေးအခက်အခဲများကို ကူညီဖြေရှင်းနိုင်ရန် အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ကူညီသွားမည်ဟု စည်းရုံးမှု ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ဖြစ်စဉ်သည် ဥပဒေနှင့် အညီသာ အာဏာလွှဲပြောင်းပေးခြင်း ဖြစ်သည်။ နိုင်ငံတော်၏ အရေးပေါ်အခြေအနေအရ သက်ဆိုင်ရာက ဥပဒေအရ တာဝန်ပေးအပ်ခံထားရသည့်အတိုင်း သွေးတစ်စက်မှမကျစေရ၊ သေနတ်တစ်ချက်မှ မဖောက်ရဘဲ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နေကြောင်း ပြည်သူအပေါင်းက နားလည်သိမြင်ကြပြီး ဖြစ်ပေသည်။

**တွန်းပို့လိုက်ခြင်းဖြစ်**

CRPH ၏ "Civil Disobedience Movement နိုင်ငံသားများ၏ ငြိမ်းချမ်းစွာဖြင့် မတရားသည့်အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှု" ခေါင်းစဉ်တပ် လှုံ့ဆော်မှုသည် ရိုးသားသော ပြည်သူပြည်သားများကို လမ်းပေါ်ထွက်၍ ဆူပူအုံကြွမှုများဖြစ်ပေါ်လာအောင်၊ အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် တမင်ဖန်တီးနေခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် တိုင်းပြည်အား အလုံးစုံပျက်သုဉ်းရေး လမ်းကြောင်းပေါ်သို့ တွန်းပို့လိုက်ခြင်း ဖြစ်သည်။ ထိုသို့ တွန်းပို့ခဲ့သောကြောင့်လည်း ဝန်ထမ်းမဟုတ်သော ပြည်သူအချို့သည် အဓိကကျသော ဌာနအဖွဲ့အစည်း၊ ရုံးဌာနများသို့ နေ့စဉ်သွားရောက်ပိတ်ဆို့ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှု၍ ရိုးသားစွာတာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို စိတ်အနှောင့်အယှက်ဖြစ်စေရန်၊ စိတ်အပြောင်းအလဲဖြစ်စေရန်၊ စိတ်ဓာတ်ကျဆင်းစေရန် လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။

တိုင်းပြည်အုပ်ချုပ်ရေး အပြောင်းအလဲဖြစ်ရာတွင် ထိုကဲ့သို့သော လုပ်နည်းလုပ်ဟန်သည် အစိုးရတစ်ရပ်ပြုတ်ကျရေးအတွက် နည်းဗျူဟာသစ်တစ်ခုဟု သူတို့ဘာသာယူဆပြီး ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်ပေးကာ ဝန်ထမ်းများအား သွေးဆောင်စည်းရုံးမှုများ ပြုလုပ်လာကြသည်။ ထိုကဲ့သို့သောဖြစ်စဉ်သည် ၁၉၈၈ ခုနှစ် ဆူပူအုံကြွမှုအရေးအခင်းကာလတွင် ပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုစဉ်က စက်ရုံ၊ အလုပ်ရုံ၊ ရုံးလုပ်ငန်း၊ အဖွဲ့အစည်းများ ရပ်ဆိုင်းသွားသောကာလဖြစ်ပြီး နိုင်ငံရေးခံယူချက်ရှိသော၊ ဗကပ၏ ဝါဒမှိုင်းမိနေသော၊ ပယောဂတချို့ ပူးကပ်နေသော ဝန်ထမ်းအချို့မှာ လူထုဆန္ဒပြမှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြပါသည်။ အချို့ဝန်ထမ်းများမှာ ဆူပူဆန္ဒပြမှုတွင် ပါဝင်လိုခြင်း၊ နိုင်ငံရေးတွင် စိတ်ဝင်စားခြင်းမရှိ၍ ပါဝင်ခဲ့ခြင်းမရှိပေ။

တစ်တိုင်းပြည်လုံးလိုလို ဆူပူဆန္ဒပြခဲ့ကြသည့် ၁၉၈၈ ခုနှစ် ဖြစ်စဉ်နှင့် ယခု ၂၀၂၁ ဖြစ်စဉ်မှာ ကွဲပြားခြားနားပါသည်။ ၁၉၈၈ ခုနှစ်ဖြစ်စဉ်မှာ ထိုစဉ်က တစ်တိုင်းပြည်လုံး အထွေထွေအကျပ်အတည်းဖြစ်ပေါ်မှုကို အကြောင်းပြု၍ နိုင်ငံရေးပယောဂမျိုးစုံပူးကပ်ပြီး တိုင်းပြည်အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ တိုင်းပြည်မတည်ငြိမ်၊ ယိုယွင်းခြင်းကြောင့် ဖရိုဖရဲဖြစ်ခဲ့ရပြီး ဝန်ထမ်းများဆန္ဒပြမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်း၊ ယိုယွင်းရာ ယိုယွင်းကြောင်း လုပ်ဆောင်မှုများသည် မည်သည့်နည်းနှင့်မျှ ကောင်းသောလုပ်ဆောင်မှု မဟုတ်ပါ။ အောင်မြင်သောလှုပ်ရှားမှုလည်း ဖြစ်မလာနိုင်ပါ။

**အချိန်ကိုက်ဖြစ်ပေါ်စေရန် ဖန်တီး**

"Civil Disobedience Movement" အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် အလားတူသောဖြစ်စဉ်မျိုးကို နိုင်ငံရေးပယောဂမျိုးစုံ ပူးကပ်ခဲ့သည့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလက ဖြစ်ပေါ်ခဲ့သလို ၁၉၈၈ ခုနှစ် အရေးအခင်းပြီးသောကာလတွင်လည်း ဖြစ်ပေါ်ခဲ့ပါသည်။ ထို့အပြင် ၁၉၉၈ ခုနှစ် ဧပြီလမှစတင်၍ ဩဂုတ်လအထိ ထိုကာလက အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်ရေးကို နည်းမျိုးစုံဖြင့် ဖန်တီးစည်းရုံးလှုပ်ရှားခဲ့ကြပြီး ဆန့်ကျင်စာဖြန့်ဝေမှုနှင့် ကျောင်းသားသမဂ္ဂအမည်ခံလျက် ဆူပူလှုပ်ရှားမှုများကို အချိန်ကိုက်ဖြစ်ပေါ်စေရန် ဖန်တီးခဲ့ကြသည်ကို လေ့လာကြည့်လျှင် သိနိုင်ပါသည်။

ထိုသို့ဖြစ်ပေါ်နေသောအချိန်တွင် ၁၉၉၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ လွှတ်တော်ကို တရားမဝင်ခေါ်ယူရေးနှင့် ယင်းတောင်းဆိုချက်ကို ထောက်ခံသည့်ဆူပူအုံကြွမှုများဖြစ်လာစေရန် စည်းရုံးလှုပ်ရှားသောခြေလှမ်းများ၊ လှုံ့ဆော်မှုအမျိုးမျိုးတို့ဖြင့် အားစမ်းမှုများပြုလုပ်ခဲ့သည်။ ထို့အပြင် ဆန့်ကျင်လှုံ့ဆော်စာများ ဖြန့်ဝေခြင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများသို့ လှုံ့ဆော်စာများ စာတိုက်မှပေးပို့ခြင်း၊ တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ကြပြီး တစ်ချိန်တည်းတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် အချိန်ကိုက် ချိတ်ဆက်လှုပ်ရှားကာ တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်ခဲ့ကြဖူးသည်။ ဤလှုပ်ရှားမှုများကို မည်သည့်နိုင်ငံရေးအဖွဲ့အစည်းက ပြုလုပ်ခဲ့သည် ကိုလည်း သိရှိနိုင်မည် ဖြစ်သည်။

> **၁၉၉၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ လွှတ်တော်ကို တရားမဝင်ခေါ်ယူရေးနှင့် ယင်းတောင်းဆိုချက်ကို ထောက်ခံသည့်ဆူပူအုံကြွမှုများ ဖြစ်လာစေရန် စည်းရုံးလှုပ်ရှားသော ခြေလှမ်းများ၊ လှုံ့ဆော်မှုအမျိုးမျိုးတို့ဖြင့် အားစမ်းမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ဆန့်ကျင်လှုံ့ဆော်စာများ ဖြန့်ဝေခြင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများသို့ လှုံ့ဆော်စာများ စာတိုက်မှပေးပို့ခြင်း၊ တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ကြပြီး တစ်ချိန်တည်းတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် အချိန်ကိုက် ချိတ်ဆက်လှုပ်ရှားကာ တိုင်းပြည်တည်ငြိမ်မှု ပျက်ပြားအောင် လုပ်ဆောင်ခဲ့ကြဖူးသည်။ ဤလှုပ်ရှားမှုများကို မည်သည့်နိုင်ငံရေး အဖွဲ့အစည်းက ပြုလုပ်ခဲ့သည်ကိုလည်း သိရှိနိုင်မည်ဖြစ်သည်။**

**အပြီးမပျက် ရုံးတက်**

ယနေ့အချိန်အခါတွင်လည်း CRPH သည် အလားတူလှုပ်ရှားမှုများအား ပြုလုပ်လာသည်ကို တွေ့ရပါသည်။ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်အတွက် ရုံးမတက်နှင့် ရုန်းထွက်ဟူသည့် လှုံ့ဆော်မှုများ ပြုလုပ်ပေးခဲ့သည်။ စိတ်ခံစားချက်အခံရှိသော ဝန်ထမ်းငယ်အချို့နှင့် စည်းရုံးခြင်းခံရသော ဝန်ထမ်းငယ်အချို့ CDM လှုပ်ရှားမှုတွင် ပါဝင်လာခဲ့ကြသည်။ ဆက်လက်၍ CDM လှုပ်ရှားမှုများကို နေ့စဉ် တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိကာ ရိုးသားစွာ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ စိတ်ဓာတ်ယိမ်းယိုင်သွားစေရန်အတွက် လေထဲတွင် အရုပ်ရေးသည့် မက်လုံးအမျိုးမျိုးပေးကာ စည်းရုံးနေကြသည်ကိုလည်း တွေ့ရပါသည်။ နိုင်ငံ့ဝန်ထမ်းအများစုကား အပြီးမပျက် ရုံးတက်လျက် ရှိနေကြပေသည်။

၂၀၂၁ ခုနှစ် လူထုဆန္ဒပြမှုများသည် ယခင့်ယခင်က အကောင်အထည်ဖော်ခဲ့သည့် အမိန့်ဟူသမျှဖီဆန်ကြ ဟူသော ထိပ်တိုက်ရင်ဆိုင်လှုပ်ရှားမှုနှင့် အလားတူပင် ဖြစ်သည်။ ယင်းတို့ကို CRPH ကပင် လှုံ့ဆော်လှုပ်ရှားနေပေသည်။ လက်ရှိတွင် ပြည်သူအချို့သာ လမ်းပေါ်ထွက်လှုပ်ရှားဆန္ဒပြနေကြသည်။ ထိပ်တိုက်ဖြစ်ပေါ်လာသမျှကို ရင်ဆိုင်နေကြသည်။ ယခင်ကျင့်သုံးနေကျ အာဏာဖီဆန်ရေးလမ်းကြောင်းကဲ့သို့ပင် ထိုလမ်းကြောင်းပေါ်မှ တစ်ဆင့် လူထုအုံကြွမှုကြီးဖြစ်လာအောင်၊ လူထုတော်လှန်ရေးဖြစ်လာအောင် တွန်းပို့နေကြသည်။ လူထုလှုပ်ရှားမှုဖြစ်လာသည်ဟု မြင်စေသည့် ဝန်းရံသောနည်းသည် သူတို့၏ လက်သုံးဖြစ်သည်။ မသိနားမလည်သော ဘုစုခရုကလေးသူငယ်များအထိ ဆွဲခေါ်လာကြသည်။

အာဏာဖီဆန်ရေးနည်းလမ်းသည် စင်ပြိုင်အစိုးရဟု မြင်လာအောင် တမင်ဖန်တီးနေခြင်း ဖြစ်သည်။ ဒီမိုကရေစီသဘောဆန္ဒအရလည်းကောင်း၊ လူ့အခွင့်အရေး သဘောတရားအရလည်းကောင်း မတူကွဲပြားသောလူတန်းစားအားလုံးကို ကိုယ်စားပြုသည့် သဘောဆန္ဒ သို့မဟုတ် ခေါင်းဆောင်ဖြစ်သင့်သည်။ ငါတို့နှင့်မတူ ငါတို့ရန်သူဟူသော အားနည်းသောလူများအပေါ် အားများသော လူများဖြင့် ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်း၊ ထိပ်တိုက်တွေ့ခြင်း၊ ထင်ရာစိုင်းခြင်းသည် ဒီမိုကရေစီမဟုတ်ပေ။ အကြမ်းဖက်ဝါဒသာ ဖြစ်မည်။ သို့ဖြစ်ရာ ရိုးသားသော၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူတို့ကို အလုံးစုံပျက်သုဉ်းရေး လမ်းကြောင်းပေါ်သို့ တစ်ပါတီအာဏာချုပ်ကိုင်နိုင်ရေး ဦးတည်ချက်တစ်ရပ်ဖြင့် အန္တရာယ်ကို ဖိတ်ခေါ်ကာ တွန်းမပို့ပါနှင့်ဟု မေတ္တာရပ်ခံအပ်ပါသည်။ ။

■

# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၈)ရက်

# စစ်တွေမြို့နယ်ကျေးရွာများ၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀–၂၀၂၁ခု ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စစ်တွေမြို့နယ် ကျောက်တန်းချေကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၂၆ ဒသမ ၉၉၀ သန်းဖြင့် ရေစင်မှရေပိုက်သွယ်တန်းခြင်း အရှည် ပေ ၆၀၀၀ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် င/တောက်တက်ကျေးရွာတွင် လက်တူးတွင်းတူးဖော်ခြင်း အကျယ် ရှစ်ပေ၊ အနက် ပေ ၂၀ လုပ်ငန်းကို ခွင့်ပြုငွေကျပ် ၄ ဒသမ ၈၈၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုအား စစ်တွေခရိုင်ကျေးလက်ဦးစီးမှူး ဦးစောဝေ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းစိုးဦး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုကြပြီး လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာ ပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိလည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိလည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီ အထိလည်းကောင်း နံနက်ပိုင်းသုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိလည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်းသိရှိရသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထိတ်လန့်စိုးရွံ့စွာနေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သဲကုန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်း ဖွင့်လှစ်

**သဲကုန်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းကို ရွာမကျေးရွာအုပ်စု ချင်းကုန်းကျေးရွာ ဓမ္မာရုံ၌ ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းဆရာများအဖြစ် သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆန်းဝင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဦးဝင်းချိုတို့က စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများ၊ မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများကို လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ချင်းကုန်းကျေးရွာနှင့် ပွေးယားကျေးရွာနှစ်ရွာမှ သင်တန်းသား ၂၀၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလ ခြောက်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# ပညာတတ်တွေများမှ တိုင်းပြည်တိုးတက်မယ်

လပြည့်

"အမေ.... သမီးပညာတတ်ကြီးဖြစ်ရင် လေယာဉ်မောင်းပြီး မေမေ့ကို လေယာဉ်ပေါ်ကနေ အမေရေ..လို့ အကျယ်ကြီးခေါ်မယ်"

"အမေ ...သမီးကြီးလာရင် ဆရာမ လုပ်မယ်"

"အဖေ.. သမီး အရာရှိဖြစ်ချင်တာ"

"အဖေ..သမီးက မီးသတ်သမားလုပ်ချင်တာ"ဟု အမေနှင့် အဖေကို ကျွန်မ မျိုးစုံပြောပြခဲ့ဖူးသည်။ ထိုသို့ ပြောခဲ့ဖူးသည်ကိုလည်း အမေနှင့် အဖေ ပြန်ပြောပြ၍သာ သိရခြင်းဖြစ်သည်။ ကိုယ်တိုင်မှာမူ မှတ်မိသည်များ၊ မမှတ်မိသည်များနှင့် ရောရောထွေးထွေးသာ။ ကလေးမို့ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်လည်း မတွေးတောဘဲ ကလေးဘဝ ကလေးတိုင်း ပြောလေ့ရှိကြသည့် စကားများသာ ဖြစ်သည်။

သို့သော် ကလေးတိုင်း ပြောလေ့ရှိသည့် စကားများအပေါ် **"ဖြစ်ချင်တာတွေ ဖြစ်လာအောင် စာဖတ်နော်၊ ပညာတတ်အောင် ကြိုးစား၊ ပညာက အရာရာ အောင်နိုင်တယ်၊ ပညာက အရာရာကို ဦးဆောင်နိုင်တယ်"** စသည့် ဆိုဆုံးမ စကားများဖြင့် ကျွန်မမိဘနှစ်ပါးအပါအဝင် မိဘတိုင်းက သားသမီးတိုင်းကို လူတော်လူကောင်းဖြစ်လာရန် ဆုံးမကြသည်။

ထိုကဲ့သို့ အမျိုးမျိုး အဖုံဖုံ ပြောဆိုတောင့်တခဲ့သည့် ကလေးဘဝ စိတ်ကူးများ အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာသည်သာ အဓိကကျသည် ဆိုသည့် မိဘများ၏ ဆိုဆုံးမစကား အတိမ်အနက်ကို ငယ်သေးသည့်အချိန်က ကောင်းစွာ နားမလည်ခဲ့ပါ။ စာအုပ်စာပေနှင့် ပညာ၏ ဆက်နွှယ်မှုကိုလည်း နားမလည်ပါ။ စာဖတ်၍ စာရလျှင် စာမေးပွဲအောင်မည်၊ ဘွဲ့ရမည်ဟုသာ တွေးတောခဲ့သည်။ အတန်းပညာ ဆုံးခန်းတိုင်လျှင် ပြီးဆုံးပြီဟုသာ တွေးထင်ခဲ့ဖူးသည်။

ပညာသည် လူတစ်ဦးတစ်ယောက်ကို တိုးတက်စေနိုင်ပြီး အသိပညာ၊ အတတ်ပညာများကို စာအုပ်စာပေများက လမ်းပြပေးသည်။ ထိုသဘောတရားကို ကိုယ်တိုင်လည်း သိရှိနားလည်ကာ ဘဝအသက်မွေးမှုအတွက် အသုံးချတတ်နေပြီဖြစ်သည်။ အကျိုးများသည့် ပညာတန်ဖိုးကြောင့် မိဘတိုင်းက သားသမီးတိုင်းကို ပညာတတ်ဖြစ်စေချင်သည်မှာ မဆန်းပေ။

ပညာရေးသည် ဘဝအောင်မြင်ရန်အတွက် အထောက်အပံ့များစွာ ပေးသည်။ လူသားတစ်ဦးတစ်ယောက်တိုင်း ချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက်လည်း ပညာရေးက အရေးကြီးသည်။ လူသားတိုင်း၏ နေ့စဉ်ရှင်သန်မှုအတွက် ပညာရေးသည် အရေးပါသည်။ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အရေးပါသည်။

**ဥပမာအားဖြင့် အမေရိကန်၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံကဲ့သို့သော နိုင်ငံများသည် ပညာတတ်မြောက်မှုနှုန်း မြင့်မားသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများသည် ကြွယ်ဝကြပြီး နိုင်ငံသားများ၏ ပျမ်းမျှဝင်ငွေမြင့်မားကြသည်ကို လေ့လာသိရှိရသည်။ မဖွံ့ဖြိုးသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာတတ်မြောက်မှုနှုန်း နိမ့်ပါးကြသည်ကိုလည်း တွေ့ရသည်။**

**စာတတ်မြောက်မှု အခြေအနေ**

မြန်မာနိုင်ငံတွင် စာတတ်မြောက်မှု အခြေအနေနှင့် စပ်လျဉ်း၍ လေ့လာကြည့်ပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ အသက် ၁၅ နှစ်အထက် စာတတ်မြောက်သူ ဦးရေ ၃၀ ဒသမ ၃၇ သန်းအထိ တိုးတက်လာပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရွေ့ပြောင်းရလဒ်များ စာရင်းအရ စာတတ်မြောက်သူဦးရေ ၃၃ ဒသမ ၁၈ သန်း တိုးတက်လာသည်ကို တွေ့ရသည်။

**ခေတ်အဆက်ဆက် ပညာရေးစနစ်များ မည်ကဲ့သို့ပင် ပြောင်းလဲနေပါစေ ပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များက မပြောင်းလဲနိုင်ပါ။ ထို့ကြောင့် မည်သည့်အချိန်ကာလမှာမဆို သင်ကြားမှုကို ရပ်တန့်မနေဘဲ သင်ယူ၍ ရနိုင်သမျှ ကြိုးစားသင်ယူနေရမည်သာဖြစ်သည်။ ပညာသင်ကြားသင်ယူမှု အဆက်ပြတ်သည့်နိုင်ငံသည် ဖွံ့ဖြိုးမှုအဆက်ပြတ်သည့်နိုင်ငံ ဖြစ်နေပေလိမ့်မည်။**

ထို့ကြောင့်ပင် ပညာရေးသည် နိုင်ငံရေးဖြစ်သည်ဟု ပြောဆိုကြသည်များလည်း ရှိသည်။ နိုင်ငံတွင်း နေထိုင်ကြသူများ၏ နေ့စဉ် စား၊ ဝတ်၊ နေရေးမှအစ

**ဥပမာအားဖြင့် အမေရိကန်၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံကဲ့သို့သော နိုင်ငံများသည် ပညာတတ်မြောက်မှုနှုန်း မြင့်မားသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများသည် ကြွယ်ဝကြပြီး နိုင်ငံသားများ၏ ပျမ်းမျှဝင်ငွေမြင့်မားကြသည်ကို လေ့လာသိရှိရသည်။ မဖွံ့ဖြိုးသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာတတ်မြောက်မှုနှုန်း နိမ့်ပါးကြသည်ကိုလည်း တွေ့ရ။**

**ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် ဆရာဝန်များသာမက သူနာပြုများ၊ ဆေးရုံသန့်ရှင်းရေး ပြုလုပ်သူများအထိပါ အားလုံးသည်အရေးကြီးပေသည်။ ထို့အတူ နိုင်ငံသားတိုင်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် စိုက်ပျိုး၊ မွေးမြူ၊ ကုန်ထုတ်၊ ကုန်သွယ် စသည်ဖြင့် ကဏ္ဍတိုင်းတွင် ပါဝင်ဆက်နွှယ်သူတိုင်းသည် အရေးပါပြီး အတတ်ပညာ၊ နည်းပညာကို ခေတ်နှင့်အညီ ညှိနိုင်ရန်လိုအပ်။**

လူမှုစီးပွား အခါခပ်သိမ်း အရေးကိစ္စများသည် နိုင်ငံရေးပင်။ နိုင်ငံတိုးတက်သာယာမှုသည် နိုင်ငံသားများ၏ ပညာရေးနှင့် တိုက်ရိုက်အချိုးကျနေပြီး နိုင်ငံသားများ၏ ပညာရည်မြင့်မားလျှင် ကမ္ဘာ့အလယ် ဝင့်ထည်သည့်အတွက် **"ပညာမြင့်မှတိုင်းပြည်တင့်"**ဟုလည်း ဆိုကြသည်။ ထို့ကြောင့် နိုင်ငံအဆင့်၊ ကမ္ဘာအဆင့်အထိ ထွန်းပေါက်မည့် ပညာအရည်အသွေးရရှိအောင် တစ်ဦးတစ်ယောက်၊ မိသားစုတစ်ခုမှအစပြု၍ ကြိုးပမ်းကြရမည်ဖြစ်သည်။

**"Lifelong learning" သဘောတရား**

လူသားတိုင်းအတွက် အတန်းပညာသင်ယူမှု ပညာရေးသည် အရေးကြီးသကဲ့သို့ ဘဝတစ်သက်တာ သင်ယူမှုပညာရေးသည်လည်း အရေးပါနေပြီဖြစ်သည်။ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ဘဝတစ်သက်တာ သင်ယူနေရမည် ဆိုသည့် **"Lifelong learning"** သဘောတရားမှာ ပျံ့နှံ့နေပြီ ဖြစ်သည်။ ထို့ကြောင့် အတန်းပညာ သင်ယူနိုင်ခွင့်နှင့်အတူ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တစ်နည်းအားဖြင့် နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များ သင်ယူနိုင်ခွင့်ကလည်း တန်းတူအရေးကြီးနေပြီ ဖြစ်သည်။ တစ်နည်းအားဖြင့် အတန်းပညာနှင့်အတူ အတတ်ပညာကိုလည်း အားပေးရမည်ဖြစ်သည်။

ဘွဲ့ရမှ ပညာတတ်ဖြစ်သည်ဆိုသည့်ခေတ်မှာ အတိတ်တွင် ကျန်ရစ်ကာ ပညာရေးသည် တစ်သက်တာပညာရေးအဖြစ် ပြောင်းလဲနေပြီဖြစ်သည်။ ပညာရေးသည် ဖွံ့ဖြိုးမှု အဓိကအခြေခံ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးရေးအတွက် စဉ်းစားလျှင် ကဏ္ဍတိုင်း၏ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးရေးကိုပါ စဉ်းစားရမည်ဖြစ်ပြီး နိုင်ငံတိုးတက်ရေးအတွက် ကဏ္ဍတိုင်းသည် ဖွံ့ဖြိုးရမည်သာ ဖြစ်သည်။

**ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် ဆရာဝန်များသာမက သူနာပြုများ၊ ဆေးရုံသန့်ရှင်းရေး ပြုလုပ်သူများအထိပါ အားလုံးသည် အရေးကြီးပေသည်။ ထို့အတူ နိုင်ငံသားတိုင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုး၊ မွေးမြူ၊ ကုန်ထုတ်၊ ကုန်သွယ် စသည်ဖြင့် ကဏ္ဍတိုင်းတွင် ပါဝင်ဆက်နွှယ်သူတိုင်းသည် အရေးပါပြီး အတတ်ပညာ၊ နည်းပညာကို ခေတ်နှင့်အညီ ညှိနိုင်ရန် လိုအပ်နေပြီ ဖြစ်သည်။**

သို့သော် ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်လွှားရှိ ပညာသင်ယူမှု အခွင့်အလမ်းများသည် အရှိန်လျော့ခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာအနှံ့ စာသင်ကျောင်းများ၊ အခြားပညာသင်ယူခွင့်ရသည့်နေရာများ ပိတ်ထားခဲ့ရသည်။ နိုင်ငံပေါင်း ၁၉၀ ကျော်က ပညာသင်ယူနေသူပေါင်း ၁ ဒသမ ၆ ဘီလီယံနီးပါးနှင့် အခြေခံပညာဆရာ ဆရာမ ၆၃ သန်းခန့်အပေါ် သက်ရောက်မှုရှိခဲ့သည်ဟု ကုလသမဂ္ဂကမ္ဘာ့ပညာရေးအဖွဲ့များ၏ ဆန်းစစ်ချက်များတွင် ဖော်ပြထားသည်။

ခေတ်မီနည်းပညာများအသုံးပြုပြီး ကျန်းမာရေးဆိုင်ရာ မှန်ကန်သော အသိပညာပေးသည့် သတင်းအချက်အလက်နှင့် အွန်လိုင်းသင်ယူမှု၊ Off-line သင်ယူမှု၊ ပေါင်းစပ်သင်ယူမှုစသည့် အခွင့်အလမ်းများနှင့် ဝေးကွာနေနိုင်သဖြင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားနေကြောင်း ပညာရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားမှ သိရှိခဲ့ရသည်။

ကပ်ရောဂါကြောင့် သင်ယူမှုဆုံးရှုံးရခြင်း၏ သက်ရောက်မှုကို အလျင်အမြန် တုံ့ပြန်ကုစားမှုမပြုနိုင်ကြလျှင် အနာဂတ်မျိုးဆက်များအပေါ်ပါ ခြိမ်းခြောက်လာနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိခိုက်နစ်နာဆုံးရှုံးမှုများပြားစေနိုင်သည့်အချက်ကို အထူးသတိထားရမည်ဖြစ်သည်။ ကိုဗစ်ကိုကျော်လွှား၍ အရည်အသွေးပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အရေအတွက်များများ ပေါ်ထွန်းလာအောင် ပညာစွမ်းအားဖြင့် မြှင့်တင်ရမည်ဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပေါ်ထွက်လာမှုနှင့်အတူ တည်ငြိမ်စပြုလာသည့် ကိုဗစ်ကပ်ရောဂါကို ဆက်လက်ကာကွယ်ထိန်းချုပ်ရင်း နိုင်ငံတိုးတက်ရေးအတွက် အားကြီးမားသည့်ပညာရေးကို အဆတိုးအရှိန်တစ်ခုဖြင့် တုံ့ပြန်ကုစားရမည် ဖြစ်သည်။ ။

## အပြုံးဆက်ညီ ရှုံးတက်မည်

❖ အရှေ့ဘက်ဆီ၊ လင်းရောင်ခြည်လျှင်
ဤမြေလောက၊ နေ့သစ်စဖို့
ထွန်းပ ဖွင့်လှစ်ခဲ့ပေပြီ...။

❖ ထံတျာချိုအေး၊ ငှက်ကလေးတို့
တေးဖွဲ့ဆိုကာ၊ ပျံသန်းလာပြီ
အစာရှာဖို့ သက်ရှင်ဖို့...။

❖ လယ်ယာလုပ်ခွင်၊ ကျေးလက်တွင်လည်း
ပေါင်းသင်မြေဆွ၊ ခူးဆွတ်ကြသည်
ရောင်းချဝင်ငွေ ရစေဖို့...။

❖ သက်ရှိမျှဟူ၊ မဟုတ်မူဘဲ
အတူရှိထား၊ သက်မဲ့များလည်း
လှုပ်ရှားကြသည်၊ တက်ကြွညီလျက်
ကိုယ်စီအလုပ်၊ ပုံမှန်လုပ်၍
ဂုဏ်ပုဒ်တင့်တယ် လှပါသကို...။

❖ အို...
အစ်ကိုအစ်မ၊ မောင်ညီမတို့
အလှကိုယ်စီ၊ ဂုဏ်ကိုယ်စီနှင့်
တည်နေမချို့၊ ကျွန်ုပ်တို့လည်း
ကိုယ့်ပြည်သူများ၊ ချစ်သောအားဖြင့်
အပြုံးများဆက်ညီ၊ ရှုံးတက်မည်လေ
ခိုင်ကျည်မြဲသော လက်များဖြင့်...။

မေသဲပိုင်



# ချမ်းအေးသာစံမြို့နယ် (၇၈ x ၇၉) လမ်းကြား၊ (၃၄) လမ်းအနီးရှိ မီးရထားသံလမ်းများပေါ်တွင် အတားအဆီးများပိတ်ဆို့၍ ဆူပူလှုံ့ဆော်ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲဆောင်ရွက်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆူပူလှုံ့ဆော်ဆန္ဒပြသူများအနေဖြင့် အစိုးရလုပ်ငန်းယန္တရားလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန် လမ်းကြောင်းပိတ်ဆို့ခြင်းများ၊ ပုံမှန်လုပ်ငန်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို နှောင့်ယှက်ခြိမ်းခြောက်ခြင်းများ စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများသို့ မီးရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မန္တလေး-သာစည် မီးရထားလမ်းပိုင်းနှင့် စက်ခေါင်းများအား စစ်ဆေးပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများကိုလည်း နှောင့်ယှက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြန်မာ့မီးရထားမှ အထက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးဆောင်သော မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီခန့်တွင် မန္တလေး-သာစည် မီးရထားလမ်းပိုင်းနှင့် စက်ခေါင်းများအား စစ်ဆေးပြင်ဆင် ဆောင်ရွက်လျက်ရှိစဉ် ဆူပူလှုံ့ဆော်ဆန္ဒပြသူ ၁၀၀ ခန့်က ချမ်းအေးသာစံမြို့နယ် (၇၈ x ၇၉) လမ်းကြား၊ (၃၄) လမ်းအနီးရှိ မီးရထားသံလမ်းများတွင် ခရီးသွားပြည်သူများစီးနင်းမည့် မီးရထားများ ခုတ်မောင်းမှုမပြုနိုင်စေရန် သံချောင်းများချထားခြင်း၊ သစ်တုံးများ၊ ကျောက်ခဲများဖြင့် ပိတ်ဆို့ခြင်းများပြုလုပ်ပြီး ဆူပူဆန္ဒပြခြင်းများကို ဆက်လက်ပြုလုပ်လာခဲ့သည်။

ထိုသို့ ပြုလုပ်ခြင်းများကြောင့် မြန်မာ့မီးရထားမှ အထက်မြန်မာပြည်အထွေထွေမန်နေဂျာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆူပူလှုံ့ဆော်ဆန္ဒပြသူများအား တွေ့ဆုံ၍ အများပြည်သူများ၏ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေသည်ကို နှောင့်ယှက်ခြင်းများ မပြုလုပ်ကြရန် မေတ္တာရပ်ခံခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ပိတ်ဆို့ထားသည့် အတားအဆီးများကို ဖယ်ရှားဆောင်ရွက်စဉ် ဆူပူလှုံ့ဆော်ဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရထားလမ်းဝဲ၊ ယာမှ ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တုတ်၊ ဓားများဖြင့် ပစ်ပေါက်ရန်ပြုလာသောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတိပေးပြီး အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ရော်ဘာကျည်များဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ည ၉ နာရီခန့်မှသာ ဆူပူလှုံ့ဆော်ဆန္ဒပြသူများအား လူစုခွဲရှင်းလင်းနိုင်ခဲ့ပြီး ဆူပူလှုံ့ဆော်ဆန္ဒပြမှုတွင် ပါဝင်ပတ်သက်သူများအား လိုအပ်သလို ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့နံနက်ပိုင်းတွင် မန္တလေး-သာစည် မီးရထားလမ်းပိုင်း ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးနိုင်ရေးအတွက် စက်ခေါင်းတွဲတစ်တွဲ ရှေ့ပြေးထွက်ခွာပြေးဆွဲနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာကေတမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားပြီး (၁၁) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံး၊ ယာဉ်မဆင်မခြင်မောင်းနှင်သူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဓေယျဝတီ (၃)လမ်းနှင့် (၄) လမ်းအကြား၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီခန့်က ယာဉ်မောင်း အောင်နိုင်သူ(ဘ) ဦးတင်မြင့် မောင်းနှင်လာသည့် HYUNDAI POTER II PICKUP အမျိုးအစား မော်တော်ယာဉ်သည် (၁၁) နှစ်အရွယ် မိန်းကလေးငယ် တစ်ဦး စီးနင်းလာသည့် စက်ဘီးအား ယာဉ်၏ ယာဘက်နောက်ဘီးနှင့် ကြိတ်မိပြီး မိန်းကလေးငယ်မှာ ဦးခေါင်းကြေမွဒဏ်ရာဖြင့် အခင်းဖြစ်ပွားသည့် နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး လူမှုကွန်ရက် စာမျက်နှာများပေါ်၌ သတင်းဓာတ်ပုံများ ပျံ့နှံ့ခဲ့ကာ အချို့သော အွန်လိုင်းမီဒီယာ သုံးစွဲသူများက ဖြစ်စဉ်မှန်အား သိရှိခြင်းမရှိဘဲ တပ်မတော်၏ပုံရိပ်ကို ထိခိုက်ပျက်ပြားစေလိုသော ရည်ရွယ်ချက်များဖြင့် တပ်မတော်မှ မော်တော်ယာဉ်ဖြင့် တက်ကြိတ်သွားသည်ဟု ရေးသား၍ အဆိုပါပုံများကို ဖြန့်ချိနေကြောင်း သိရှိရသည်။

ထိုသို့ ရေးသားဖြန့်ချိနေမှုများမှာ မှန်ကန်မှုမရှိဘဲ ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း အောင်နိုင်သူကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သာကေတမြို့နယ်ရဲစခန်းက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်းအနီး ပျဉ်းမနား-တောင်ညို ကားလမ်းမပေါ်၌ ဆူပူဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရှုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များအား ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ထားရှိသော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်းအနီး ပျဉ်းမနား-တောင်ညို ကားလမ်းပေါ်၌ လူအင်အား ၂၀၀ ခန့်ပါဝင်သော ဆူပူဆန္ဒပြသူများသည် ယနေ့နံနက် ၉ နာရီခွဲခန့်မှစတင်၍ မိုးကာတဲများထိုး၍ သပိတ်စခန်းဖွင့်လှစ်ကာ လက်ကိုင်အသံချဲ့စက်များဖြင့် ဟောပြောစည်းရုံးခြင်း၊ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ လုပ်ဆောင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ လမ်းကြောင်းပိတ်ဆို့ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် အကြိမ်ကြိမ် မေတ္တာရပ်ခံပြောဆိုခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ လမ်းမအလယ်တွင် ဆူပူဆန္ဒပြလျက်ရှိပြီး မွန်းလွဲပိုင်းအထိ လူစုခွဲခြင်းမရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေးလုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ ဆန္ဒပြလူအုပ်အား လူစုခွဲနိုင်ရေး လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများက လေးခွများ၊ ကျောက်ခဲများ၊ အုတ်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေနိုင်သော သံမှုလီခေါင်းတို့ဖြင့် ပစ်ခတ်ခြင်း စသည့် အကြမ်းဖက်လှုပ်ရှားမှုများ ပြန်လည်လုပ်ဆောင်ခဲ့ပြီး မွန်းလွဲ ၃ နာရီခန့်တွင် လူစုကွဲခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း၊ အကြမ်းဖက်လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြသူများအနက် ၄၄ ဦးကို ၎င်းတို့၏ အသုံးအဆောင်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားရှိကြောင်းနှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၄၅၄၅၃၃ | ၁၈၅၉၈၂၈၅ | ၅၀၂၅၅၅ |
| ၂။ | အိန္ဒိယ | ၁၀၉၅၀၂၀၁ | ၁၀၆၅၆၈၄၅ | ၁၅၆၀၃၈ |
| ၃။ | ဘရာဇီး | ၉၉၇၉၂၇၆ | ၈၉၅၀၄၅၀ | ၂၄၂၀၇၈ |
| ၄။ | ရုရှား | ၄၁၂၅၅၉၈ | ၃၆၆၁၃၁၂ | ၈၁၉၂၆ |
| ၅။ | ဗြိတိန် | ၄၀၇၁၁၈၅ | ၂၂၈၂၇၀၃ | ၁၁၈၉၃၃ |
| ၆။ | ပြင်သစ် | ၃၅၁၄၁၄၇ | ၂၄၅၇၃၃၇ | ၈၃၁၂၂ |
| ၇။ | စပိန် | ၃၁၀၇၁၇၂ | ၂၄၁၀၈၄၆ | ၆၆၃၁၆ |
| ၈။ | အီတလီ | ၂၇၅၁၆၅၇ | ၂၂၆၈၂၅၃ | ၉၄၅၄၀ |
| ၉။ | တူရကီ | ၂၆၀၉၃၅၉ | ၂၄၉၆၈၃၃ | ၂၇၇၃၈ |
| ၁၀။ | ဂျာမနီ | ၂၃၆၄၄၃၈ | ၂၁၆၅၉၀၀ | ၆၇၁၄၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၅၂၆၈၅ | ၁၀၅၈၂၂၂ | ၃၃၉၆၉ |
| ၂။ | ဖိလစ်ပိုင် | ၅၅၅၁၆၃ | ၅၁၂၁၆၃ | ၁၁၆၇၃ |
| ၃။ | မလေးရှား | ၂၇၄၈၇၅ | ၂၃၅၀၈၂ | ၁၀၁၀ |
| ၄။ | မြန်မာ | ၁၄၁၇၀၉ | ၁၃၁၁၇၁ | ၃၁၉၃ |
| ၅။ | စင်ကာပူ | ၅၉၈၃၂ | ၅၉၆၇၆ | ၂၉ |
| ၆။ | ထိုင်း | ၂၅၁၁၁ | ၂၃၉၄၆ | ၈၂ |
| ၇။ | ဗီယက်နမ် | ၂၃၄၇ | ၁၆၀၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၈၃ | ၄၇၀ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

# ဥပဒေပြင်ဆင်ချက်များ သိရှိလိုက်နာရေး

ချမ်းအေး (တရားရေး)

**အရေးပေါ်အခြေအနေ**

ယနေ့အချိန်အခါသည် နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည့်အချိန်ဖြစ်ပေသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၁ ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ထားခြင်း ဖြစ်ပေသည်။

**ရာဇသတ်ကြီး**

တည်ဆဲဥပဒေဖြစ်သော ရာဇသတ်ကြီးကို ခေတ်ကာလနှင့်အညီ ခေတ်အဆက်ဆက် နိုင်ငံတော် အကြီးအကဲများက ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြပေသည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေအမှတ် ၅/၂၀၂၁ အရ ၁၄-၂-၂၀၂၁ ရက်နေ့တွင် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။

**ပုဒ်မ ၁၂၁ (မူလပြဋ္ဌာန်းချက်)**

**နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ခြင်း(High Treason)**

၁၂၁။ ။မည်သူမဆို-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုခုကို ဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင် သို့မဟုတ်

(ခ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုခုကို ဖြစ်စေ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတစ်ခုခုကိုသော်လည်းကောင်း၊ လူတစ်ဦးဦးကို သော်လည်းကောင်း ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့မဟုတ်

(ဂ) ထိုသို့စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့မဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့မဟုတ်

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကျန်းသော နည်းလမ်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန် အားထုတ်လျှင် သို့မဟုတ် ဖြိုဖျက်ရန် အခြားနည်းဖြင့် ပြင်ဆင်လျှင် သို့မဟုတ် ထိုသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင် သို့မဟုတ် ထိုသို့အားထုတ်မှုနှင့် ပတ်သက်လျှင် သို့မဟုတ် ထိုသို့အားထုတ်မှုကို ပြုရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့အားထုတ်မှုနှင့် ပတ်သက်ရန်ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း၌သော်လည်းကောင်း၊ အပ၌သော်လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့မဟုတ် တစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်သည်။

**အစားထိုးခြင်း**

ရာဇသတ်ကြီးပုဒ်မ ၁၂၁ ကို ၁၄-၂-၂၀၂၁ ရက်စွဲဖြင့် အောက်ပါအတိုင်း အစားထိုးခဲ့ပါသည်။ ရာဇသတ်ကြီးကို အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့်အတွက် အင်္ဂလိပ်ဘာသာဖြင့်ပင် အစားထိုးခဲ့ပါသည်။ စာရေးသူအနေဖြင့် အလွတ်သဘော မြန်မာဘာသာပြန်ပြီး တင်ပြရလျှင် အောက်ပါအတိုင်း အဓိပ္ပာယ်ရရှိပါမည် -

**ပုဒ်မ ၁၂၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း**

မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် နယ်မြေတစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင် သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်နိုင်ငံတစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံ တစ်ခုခုကိုသော်လည်းကောင်း၊ လူတစ်ဦးဦးကိုသော်လည်းကောင်း၊ ပြည်ထောင်စုအတွင်း၌ ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့တည်းမဟုတ် ထိုသို့ စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုနိုင်ငံအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသော လုပ်ရပ်တစ်ခုခုဖြင့်ဖြစ်စေ သို့တည်းမဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ၊ လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကျန်းသောနည်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန်အားထုတ်လျှင် သို့တည်းမဟုတ် ဖြိုဖျက်ရန် အခြားနည်းဖြင့် ပြင်ဆင်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုနှင့် ပတ်သက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုကို ပြုစေရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုတွင်ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့အားထုတ်မှုနှင့် ပတ်သက်ရန်ဖြစ်စေ ပြည်ထောင်စု နိုင်ငံတော်အတွင်း၌သော်လည်းကောင်း၊ အပ၌သော်လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် တစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်သည်။

**ဥပဒေကို မသိ၍ ဖောက်ဖျက်ကျူးလွန်မိပါသည်ဟု ထုချေ၍မရပါ။ အပြစ်က ခွင့်မလွှတ်ပါ။ ကုစားမှုမရနိုင်သည့်အတွက် ဥပဒေကို သိရှိအောင်လေ့လာမှတ်သားသင့်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပညာရှင်များက လက်ဆင့်ကမ်းဝေမျှသင့်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများအနေဖြင့် ပြဋ္ဌာန်းထားသော တရားဥပဒေများကို အစဉ်လေးစားကြသူများပီပီ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဥပဒေကို စောင့်ထိန်းလိုက်နာသင့်ကြပေသည်။ ဥပဒေဗဟုသုတ ပြန့်ပွားရေးပြင်ဆင်ချက်များ၊ အစားထိုးချက်များကိုပါ နေ့စဉ်ထုတ်သတင်းစာများမှ တစ်ဆင့် ဖတ်ရှုလေ့လာပြီး ကျယ်ကျယ်ပြန့်ပြန့် ပွားများပေးသင့်ပါသည်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေး၊ အများပြည်သူဘဝလုံခြုံရေးတို့အတွက် တရားဥပဒေများကို မပျက်မကွက် လိုက်နာဆောင်ရွက်သင့်။**

**ပုဒ်မ ၁၂၄-က ကို အစားထိုးခြင်း**

၁၂၄-က။ အကြည်ညိုပျက်အောင်ပြုခြင်း

မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ထောင်စုအတွက် သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင်များအတွက် သို့တည်းမဟုတ် တပ်မတော်ကိုဖြစ်စေ၊ တပ်မတော်အဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်းပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် သို့တည်းမဟုတ် မေတ္တာပျက်အောင်လှုံ့ဆော်လျှင် သို့တည်းမဟုတ် ထိုသို့ လှုံ့ဆော်ရန်အားထုတ်လျှင် ထိုသူကို ထောင်ဒဏ်နှစ် ၂၀ အပြင် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ၇ နှစ်အပြင် ငွေဒဏ် သို့မဟုတ် ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၁၂၄-ဂ နှင့် ပုဒ်မ ၁၂၄-ဃ**

အထက်ပါပုဒ်မများကို ၁၄-၂-၂၀၂၁ ရက်စွဲဖြင့် အောက်ပါအတိုင်း ဖြည့်စွက်ခဲ့ပါသည်။ အလွတ်သဘော ဘာသာပြန်ဆိုတင်ပြရလျှင် -

**၁၂၄-ဂ။ မည်သူမဆို တပ်မတော်နှင့် နိုင်ငံတော်၏ တည်ငြိမ်ရေးကိုထိန်းသိမ်းရာတွင်ပါဝင်သော ဥပဒေအကောင်အထည်ဖော်ရေးအဖွဲ့အစည်းများ (ဆိုလိုသည်မှာ-ရဲတပ်ဖွဲ့) ကို ဖျက်ဆီးရန် သို့မဟုတ် နှောင့်နှေးစေရန်ပြုလုပ်လျှင် သို့မဟုတ် ကြံရွယ်လျှင် ငွေဒဏ်နှင့်တကွ ထောင်ဒဏ်နှစ် ၂၀ ထိဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှစ် ၂၀ အပြင် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ် အပြင် ငွေဒဏ် သို့မဟုတ် ငွေဒဏ်ပါ ချမှတ်ရမည်။**

**၁၂၄-ဃ။ မည်သူမဆို တပ်မတော်တာဝန်ရှိသူများနှင့် တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းများကို တစ်နည်းနည်းဖြင့် နှောင့်ယှက်၊ နှောင့်နှေးစေလျှင် ၇ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၆/၂၀၂၁)**

ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ၁၄-၂-၂၀၂၁ ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါပြဋ္ဌာန်းချက်အရ ရာဇဝတ်ကျင့်ထုံး ဥပဒေဇယား (၂)တွင် ဖြည့်စွက်ချက်များ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ အတွက် စာတိုင်(၂)တွင် လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အတွက် စာတိုင်(၂) တွင်လည်းကောင်း ဖြည့်စွက်ခဲ့ခြင်း ဖြစ်ပါသည်။ (ဖြည့်စွက်ချက်များကို သတင်းစာများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။)

**ရာဇသတ်ကြီးပုဒ်မ ၅၀၅**

အများပြည်သူ၏ အကျိုးပျက်စီးစေမှု (public mischief) ကိုဖြစ်သော ဖော်ပြချက်နှင့်စပ်လျဉ်း၍ ပုဒ်မခွဲ(က)ကို အစားထိုးခြင်းဖြစ်ပါသည်။

"မည်သူမဆို အစိုးရ သို့မဟုတ် တပ်မတော်၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေး၊ စည်းမျဉ်း စည်းကမ်းနှင့် ဆောင်ရွက်မှုများကို ပျက်စီးစေခြင်းသော်လည်းကောင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းသော်လည်းကောင်း၊ နှောင့်နှေးစေခြင်းသော်လည်းကောင်း၊ ပိတ်ပင်ခြင်းဖြင့် သော်လည်းကောင်း ပြုစေရန် တပ်မတော်တွင် အမှုထမ်းရွက်နေသော တပ်မတော်သားများနှင့်အစိုးရဝန်ထမ်းများအား ပြင်းထန်သော မနာခံမှု၊ သစ္စာဖောက်ဖျက်မှု ဖြစ်ပွားစေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ပြုစေတန်ရာသည့် အကြောင်းရှိလျှင်"။

**ပုဒ်မ ၅၀၅-က ကို အစားထိုးခြင်း**

(က) နိုင်ငံသားအစုအဖွဲ့ တစ်ခုကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ကြောက်ရွံ့စေလျှင် သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်လျှင်

(ခ) မဟုတ်မမှန်ကြောင်း ကြိုတင်သိလျက်နှင့် သတင်းအမှားများကို ဖြန့်ဝေလျှင် သို့မဟုတ် ဖြန့်ဝေရန်ကြံရွယ်လျှင်

(ဂ) အစိုးရဝန်ထမ်းတစ်ဦးအပေါ် ဖြစ်စေ၊ အစိုးရဝန်ထမ်းအစုအဖွဲ့ အပေါ်ဖြစ်စေ၊ အစိုးရဝန်ထမ်းများပေါ်ဖြစ်စေ ပြစ်မှုကျူးလွန်လျှင် သို့မဟုတ် ကျူးလွန်ရန် ကြံရွယ်လျှင် သို့မဟုတ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျူးလွန်မည်ဖြစ်ကြောင်း ထိတ်လန့်စေလျှင်၊

ထိုသူကို ၃ နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**လေ့လာတွေ့ရှိချက်**

အထက်ပါလေ့လာတွေ့ရှိချက်များအရ ရာဇသတ်ကြီးကို ပြင်ဆင်ခြင်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်ခြင်းဟူ၍ နှစ်မျိုးနှစ်စားတွေ့ရပါသည်။ အဆိုပါပြင်ဆင်ချက်များကို ပုဒ်မတစ်ခုချင်းအလိုက်တင်ပြခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်ခြင်း (ပုဒ်မ ၁၂၁)၊ အကြည်ညိုပျက်အောင်ပြုခြင်း (ပုဒ်မ ၁၂၄-က) (ပုဒ်မ ၁၂၄-ဂ) (ပုဒ်မ ၁၂၄-ဃ) တို့အား အစားထိုးခြင်း ဖြည့်စွက်ခြင်းလည်း ဖြစ်ပါသည်။ ထို့အပြင် ရာဇသတ်ကြီးနှင့် ဆက်နွှယ်သော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်ဖြည့်စွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ပုဒ်မ ၅၀၅ မှာ အများပြည်သူ၏အကျိုး ပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက်အကြောင်း ပြဋ္ဌာန်းချက် ဖြစ်ပါသည်။

ဆက်စပ်သော ဥပဒေများ စာရွက်စာတမ်းများကို ဆက်လက်လေ့လာ ဖတ်ရှုသင့်ပါသည်။

**သိရှိလိုက်နာရေး**

ဥပဒေကို မသိ၍ ဖောက်ဖျက်ကျူးလွန်မိပါသည်ဟု ထုချေ၍ မရပါ။ အပြစ်က ခွင့်မလွှတ်ပါ။ ကုစားမှုမရနိုင်သည့်အတွက် ဥပဒေကို သိရှိအောင်လေ့လာမှတ်သားသင့်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပညာရှင်များက လက်ဆင့်ကမ်းဝေမျှသင့်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများအနေဖြင့် ပြဋ္ဌာန်းထားသော တရားဥပဒေများကို အစဉ်လေးစားကြသူများပီပီ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဥပဒေကို စောင့်ထိန်းလိုက်နာသင့်ကြပေသည်။ ဥပဒေဗဟုသုတ ပြန့်ပွားရေး ပြင်ဆင်ချက်များ၊ အစားထိုးချက်များကိုပါ နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ဖတ်ရှုလေ့လာပြီး ကျယ်ကျယ်ပြန့်ပြန့် ပွားများပေးသင့်ပါသည်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူဘဝလုံခြုံရေးတို့အတွက် တရားဥပဒေများကို မပျက်မကွက် လိုက်နာဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကျမ်းကိုးစာရင်း**

၁။ ရာဇသတ်ကြီး(မြန်မာဘာသာပြန်ဥပဒေကော်မတီ)

၂။ The Penal code (Burma code Vol. IV,1944)

၃။ The code of Criminal Procedure (Burma code Vol. IV,1944)

---

# လာမည့်ထောပတ်သီးရာသီ၌ ထောပတ်သီးတန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၈**

လာမည့်ထောပတ်သီးရာသီတွင် ထောပတ်ဆီကိုအခြေခံ၍ ထောပတ်သီးတန်ဖိုးမြင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

ယခုနှစ် ထောပတ်သီးရာသီတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထောပတ်သီးတန်ဖိုးမြင့်ထုတ်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ထောပတ်သီးအဆီကိုအသုံးပြု၍ စားသောက်ကုန်အနေဖြင့် ထောပတ်သီးဂျုံဆီချက်ခေါက်ဆွဲ(အစို)နှင့် အလှကုန်အနေဖြင့် ရေချိုးဆပ်ပြာ(အခဲ)ကိုသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

"ပြင်ဦးလွင်ထောပတ်သီးပွဲတော်မှာတုန်းက ထောပတ်သီးကို အခြေခံလုပ်တဲ့ ဂျုံဆီချက်ခေါက်ဆွဲကို ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ စားသုံးသူတွေ ပိုပြီးအကြိုက်တွေ့တာ တွေ့ရတယ်။ ဒီနှစ် ထောပတ်သီးပွဲတော်မှာတော့ စားသုံးသူတွေအဆင်ပြေဖို့ ထောပတ်သီး ဂျုံဆီချက်ခေါက်ဆွဲအစိုကို တစ်ဦးချင်းစာလေးတွေ ထုပ်ပိုးရောင်းချသွားဖို့ စီစဉ်နေပါတယ်။ ထောပတ်သီးတန်ဖိုးမြင့်ထုတ်ကုန်တွေကို နည်းပညာပိုင်း ပိုကောင်းအောင်လုပ်ပြီး အရည်အသွေးမီတဲ့ ထုတ်ကုန်တွေထုတ်လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ထောပတ်သီးကို အခြေခံ၍ ထောပတ်သီးဂျုံဆီချက်ခေါက်ဆွဲ (အစို)ကိုသာ ထုတ်လုပ်ရောင်းချနိုင်သော်လည်း လာမည့်ထောပတ်သီးရာသီတွင် ထောပတ်သီး ဂျုံဆီချက်ခေါက်ဆွဲ(အခြောက်)ကိုပါ ထုတ်လုပ်ရောင်းချနိုင်ရန် အတွက် နည်းပညာပိုင်း ပိုမိုတိုးမြှင့်၍ စမ်းသပ်ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် ထောပတ်ဆီကို အခြေခံ၍ အလှကုန်များအဖြစ် Body Lotion များ၊ ဆံပင်အားဖြည့်အဆီများ၊ ရေချိုးဆပ်ပြာဆီများလည်း ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ထောပတ်သီးတန်ဖိုးမြင့်ထုတ်ကုန်များကို အွန်လိုင်းမှ တစ်ဆင့် ပြည်တွင်းဈေးကွက်အတွက်သာ ဦးတည်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒလမြို့နယ်၌ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကျေးလက်ဒေသများ၏လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွဲလူးအိုင် ကျေးရွာအဝင်လမ်း အရှည်ပေ ၇၂၀၀၊ အကျယ် ၁၄ ပေကို ကျောက်ချောလမ်းခင်းပြီးပါပြီ။ ညောင်ပင်ကျေးရွာကနေ ရွှေလှေချောင်းကျေးရွာအထိအရှည် ပေ ၁၆၅၀၀ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ဖြစ်ပါတယ်။ ရခိုင်ချောင်ကျေးရွာနဲ့ ခနောင်ကျေးရွာတို့ကို ဆက်သွယ်တဲ့ မြို့ရောင်လမ်းမကြီးကိုလည်း အပိုင်း(၁) အရှည်ပေ ၆၈၀၀ ကို ကျောက်ချောလမ်းခင်းပြီးသွားပါပြီ။ အပိုင်း(၂) အရှည် ပေ ၈၀၀၀၊ အကျယ် ၁၆ ပေ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအနေနဲ့ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပါပြီ။ ကျေးလက်ဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေနဲ့ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပြောသည်။



ရခိုင်ချောင် ကျေးရွာ-လိပ်ကုန်းကျေးရွာ-အနိုးချောင်ကြီး ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းအရှည် ပေ ၉၃၅၀ နှင့် သမ္ဗာန်ချောင်းကျေးရွာ-ဝဲကြီးကျေးရွာချင်းဆက် ကုန်ထုတ်လမ်းအရှည် ပေ ၈၁၀၀ တို့ကို ရာသီမရွေးသွားလာနိုင်မည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းများ၊ တံတားများတည်ဆောက်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# မိုင်းယောင်း၌ အိမ်တွင်းလက်မှု ဖက်ရိုးဖျာ ရက်လုပ်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချို့တွင် တစ်ပိုင်တစ်နိုင် အိမ်တွင်းလက်မှု ဖက်ရိုးဖျာ ရက်လုပ်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ ရရှိလျက်ရှိကြောင်း သိရသည်။

"ဖက်ရိုးဖျာတွေကို ဖက်ရိုးနီးတွေနဲ့ ရက်လုပ်ရပြီး အရွယ်အစားပေါ်မူတည်ကာ ငွေကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ အထိ ရောင်းရပါတယ်။ အသုံးပြုတဲ့ ဖက်ရိုးတွေကို တောထဲမှာ သွားရောက်ရှာဖွေယူရပါတယ်။ ဖက်ရိုးပင်တွေက သဘာဝစိမ့်စမ်းရေချောင်းနံဘေးမှာပဲ အများအားဖြင့် ပေါက်ရောက်ကြပါတယ်။ ပီနံကြိုးနဲ့ အနားကွပ်ခြင်းစတဲ့ ဖက်ရိုးဖျာတစ်ချပ်ရရှိဖို့ အဆင့်ဆင့်ပြုလုပ်ရပါတယ်။ ဖက်ရိုးဖျာရက်လုပ်သူတစ်ဦးအနေနဲ့ တစ်နေ့ကို ဖက်ရိုးဖျာ တစ်ချပ်၊ နှစ်ချပ်သာ ရက်လုပ်ရရှိပါတယ်" ဟု ဖက်ရိုးဖျာ ပြုလုပ်ရောင်းချသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဖက်ရိုးဖျာများကို ကြမ်းခင်းအဖြစ်လည်းကောင်း၊ ချစ်ခင်ရသူများအတွက် မြတ်နိုးစွာ လက်ဆောင်အဖြစ်လည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်နှင့် ပွဲလမ်းသဘင်များသို့ အလွယ်တကူ သယ်ယူအသုံးပြုနိုင်ခြင်းနှင့် နွေရာသီကာလများတွင် ခင်းအိပ်ပါက အေးမြပြီး ကောင်းမွန်အဆင်ပြေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# မြဝတီမြို့၌ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားဖြစ် ဘက်စုံသုံးဆပ်ပြာရည်ပြုလုပ်နည်း သင်ကြားပြသ

**မြဝတီ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Woman club တို့ ပူးပေါင်းပြုလုပ်သည့် ဘက်စုံသုံးဆပ်ပြာရည်ပြုလုပ်နည်း သင်ကြားပြသခြင်းကို ယနေ့နံနက် ၁၀ နာရီက မြဝတီမြို့ ခရိုင် ပြည်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဘက်စုံသုံးဆပ်ပြာရည်ပြုလုပ်နည်းကို Woman club ဥက္ကဋ္ဌ ဒေါ်ကေခိုင်က အိမ်ထောင်ရှင်အမျိုးသမီးများအတွက် အဝတ်လျှော်ရာတွင်လည်းကောင်း၊ ပန်းကန်ဆေးရာတွင်လည်းကောင်း ဘက်စုံသုံးဆပ်ပြာရည်ကို ကိုယ်တိုင်ပြုလုပ်အသုံးပြုနိုင်ရန်နှင့် ကိုဗစ်ကာလတွင် အိမ်မှာနေကြသည့်အမျိုးသမီးများကလည်း တစ်ဖက်တစ်လမ်း အိမ်တွင်းမှုအလုပ်များရရှိစေရန်အတွက် ရည်ရွယ်၍ သင်ကြားပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘက်စုံသုံးဆပ်ပြာရည်ပြုလုပ်နည်းကို အမျိုးသမီး၊ အမျိုးသားမည်သူမဆို ပြုလုပ်နိုင်ပြီး ဘက်စုံသုံးဆပ်ပြာရည်ကို ကိုယ်တိုင်ပြုလုပ်အသုံးပြုခြင်းဖြင့် မိမိတို့၏အိမ်တွင်းအသုံးစရိတ်များ သက်သာစေနိုင်သည့်အပြင် မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ်လည်း လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# အမရပူရမြို့နယ် တပ်ကြီးရွာ၌ ညောင်ရေအိုးများကို တစ်နှစ်ပတ်လုံး ပြုလုပ်ရောင်းချ

**အမရပူရ ဖေဖော်ဝါရီ ၁၈**

မန္တလေးမြို့ အမရပူရမြို့နယ် တပ်ကြီးရွာတွင် ဘုရားညောင်ရေအိုးနှင့် အခြားမြေထည်ပစ္စည်းအမျိုးမျိုးကို တစ်နှစ်ပတ်လုံးပြုလုပ်ကာ ဒေသအနှံ့ တွင်ကျယ်စွာဖြန့်ချိလျက်ရှိပြီး ကိုယ်ပိုင်လက်မှုလုပ်ငန်းဖြစ်သည့်အတွက် ပုံမှန်အလုပ်အကိုင်အခွင့်အလမ်းရရှိကာ ပုံမှန်ဝင်ငွေနေ့စဉ်ရရှိနေကြောင်း ဘုရားညောင်ရေအိုးပြုလုပ်သူ တစ်ဦးထံမှသိရသည်။

တပ်ကြီးရွာမြေထည်လုပ်ငန်းတွင် သကြၤန်အိုး၊ ကန်သာအိုး၊ ဆီမီးခွက်များကို ရာသီအလိုက် ပြုလုပ်ရောင်းချပြီး ဘုရားညောင်ရေအိုးကို တစ်နှစ်ပတ်လုံးပြုလုပ်ကြသည်။ ဘုရားညောင်ရေအိုး ကုန်ချောတစ်လုံးလျှင် ငွေကျပ် ၁၅၀ ဖြင့် ဖောက်သည်ပေးရသည်။ လူတစ်ယောက်လျှင် တစ်နေကုန် ဘုရားညောင်ရေအိုးပြုလုပ်ပါက အလုံး ၁၅၀ ကျော်ပြီးစီးကြောင်း သိရသည်။

ညောင်ရေအိုးပြုလုပ်ရာတွင် အိုးအကြမ်းပြုလုပ်ကာ အနည်းငယ်မာပါက ပန်းရိုက်ခြင်း၊ နေလှန်းခြင်း၊ မီးဖုတ်ခြင်းများအဖြစ် အဆင့်ဆင့်ပြုလုပ်ကြရပြီး တစ်နှစ်ပတ်လုံး ပုံမှန်ဈေးကွက် ရှိသည်။ တပ်ကြီး ရွာတွင် မြေထည်ပစ္စည်းများကို ရာသီအလိုက် ပြုလုပ်ရောင်းချလျက်ရှိပြီး ကျေးရွာပိုင်မြေရှိသည်။ ကျေးရွာပိုင်မြေမှ မြေများကို အိမ်တွင်သယ်ယူစုပုံထားကာ တစ်နှစ်ပတ်လုံးမြေထည်အမျိုးမျိုးကို ပြုလုပ်ရောင်းချကြသည်။

မြေထည်အမျိုးမျိုးလုပ်ကိုင်မှုတွင် စုပုံထားသောမြေများမှ လိုအပ်သလောက်ကြိတ်ကာ ထုခြေရေစိမ်ခြင်း၊ ရေစိမ်ပြီးသည်နှင့် ဆန်ခါနှင့်စစ်ကာ အကန့်လေးများပြုလုပ်ကာ ဖြန့်ခင်းလှန်းပေးထားခြင်း၊ ရွှံ့ဖြစ်သွားသည့်အခါ တစ်ညသိပ်ခန့်ကြာပြီးသည်နှင့် မြေထည်ပစ္စည်းပြုလုပ်ရန် နေရာဒေသအခေါ် စက်ပြင်နားတွင် စုပုံကာ မခြောက်စေရန် အဝတ်များဖြင့် ဖုံးအုပ်ထားခြင်း၊ ဖုံးအုပ်ထားသောရွှံ့များမှ လိုသလောက်ယူကာ မြေထည်ပစ္စည်းများကို ပြုလုပ်ခြင်းဖြင့် အဆင့်ဆင့်ပြုလုပ်ကြရသည်။

တပ်ကြီးကျေးရွာမှ ဘုရားညောင်ရေအိုးများကို နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ပျဉ်းမနား၊ ပြင်ဦးလွင်၊ လားရှိုး၊ ကျောက်ဆည်၊ နွားထိုးကြီး၊ မြင်းခြံ၊ စဉ့်ကိုင်နှင့် အခြားဒေသများမှ ကားများဖြင့် တိုက်ရိုက်လာရောက်ဝယ်ယူခြင်း၊ ဒေသအနှံ့ ကားများဖြင့် တင်ပို့ပေးခြင်းများကို ပြုလုပ်ပေးရကြောင်း သိရသည်။

**ကိုစိုးရွှေ**

# မိသားစုတစ်ပိုင်တစ်နိုင် တံမြက်စည်းပြုလုပ်ရောင်းချခြင်းဖြင့် အဆင်ပြေလျက်ရှိ

**မင်းဘူး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အမှတ်(၄) ချမ်းသာကြီးရပ်ကွက်တွင် မိသားစုတစ်ပိုင်တစ်နိုင် မြက်တံမြက်စည်းပြုလုပ်ရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း တံမြက်စည်းပြုလုပ်ရောင်းချသည့် မိသားစုများထံမှ သိရသည်။



တံမြက်စည်းပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ် မြက်ထုံး၊ ဝါး၊ လျှော်ကြိုး၊ သံ၊ ကြေးနန်းခွေတို့ဖြင့် ပြုလုပ်ကြပြီး မြက်ထုံးများ၊ ဝါးများကို ဂုတ်ကြီး၊ အမ်းမြို့များမှ ဝယ်ယူကာ မြက်တစ်ထုံးလျှင် ကျပ် ၈၀၀၀၊ ဝါး ၁၀၀ စည်းတစ်စည်းလျှင် ကျပ် ၁၂၀၀၀ ပေးရကာ ကြေးနန်းကြိုးခွေ၊ ပလတ်စတစ်ကြိုး၊ သံနှင့် ကော်စွပ်များကို မင်းဘူးဈေးမှဝယ်ယူ၍ ကော်စွပ်တစ်ခု ကျပ် ၂၀၊ ပလတ်စတစ်လျှော်ကြိုး တစ်ခင် ကျပ် ၅၀၀၊ ကြေးနန်းကြိုးတစ်ခွေ ကျပ် ၁၀၀၀၊ သံတစ်ဆယ်သား ကျပ် ၄၀၀ ဖြင့် ဝယ်ယူ၍ ယောကျ်ားလေးငါးယောက်၊ မိန်းကလေးငါးယောက် တစ်နေကုန်ပြုလုပ်ပါက တံမြက်စည်းအချောင်းရေ ၁၀၀၀ ကျော်အထိ ပြီးစီးသည်။

တံမြက်စည်းရောင်းဈေးများမှာ သုံးမျိုးရှိပြီး ဝါးရိုးတံမြက်စည်း အတိုတစ်ချောင်းလျှင် ကျပ် ၁၀၀၀၊ အရှည်တစ်ချောင်းလျှင် ကျပ် ၁၅၀၀၊ မြက်ပင်များကို စုစည်းပြီး ပြုလုပ်ထားသော စုတ်ပွတံမြက်စည်းတစ်ချောင်းလျှင် ကျပ် ၈၀၀ ဖြင့် ရောင်းချရသည်။

လုပ်အားခများအနေဖြင့် တံမြက်စည်းတစ်ချောင်းပြီးလျှင် ကျပ် ၅၀ ပေးထားကာ တံမြက်စည်းပြုလုပ်၍ပြီးသည့် အရေအတွက်အပေါ်မူတည်ကာလုပ်အားခရှင်းပေးရသည်။ ယောကျ်ားလေး၊ မိန်းကလေး တစ်နေ့ကျပ် ၆၀၀၀ ရရှိ၍ အိမ်မှာနေရင်းအဆင်ပြေနေသည့် မိသားစု တစ်ပိုင်တစ်နိုင် လုပ်ငန်းတစ်ခုဖြစ်ကြောင်း တံမြက်စည်းလုပ်ကိုင်ရောင်းချသူ ဦးမင်းဇော်ထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**

# ဂျပန်နှင့် အချိန်မဆွဲခြင်း

အောင်အောင်(IR)

ဂျပန်ဆိုသည်နှင့် အချိန်တိကျကြောင်း၊ အချိန် အလေးအနက်ထားကြောင်း၊ အချိန်နှင့်ပတ်သက်လျှင် သည်းမခံတတ်ကြောင်း စသဖြင့် ရေးသားပြောဆိုမှု များစွာရှိပါသည်။ ဂျပန်ဆိုသည်နှင့် အချိန်ဆိုတာ ခေါင်းထဲဝင်လာတတ်ကြသည်။ ဂျပန်ကုမ္ပဏီတွင် အလုပ်လုပ်သည်ဆိုသည်နှင့် အချိန်နောက်ကျ၍ မဖြစ်ကြောင်း၊ အချိန်မှန်ရမည်ဖြစ်ကြောင်း အများစုစိတ်ဝယ် အလိုအလျောက်ရောက်လာကြသည်။

လက်ပတ်နာရီ အချိန်ကိုက်လိုပါက ဂျပန်ဘူတာများရှိ ရထားဆိုက်ရောက်မည့် အချိန်ပြ ဒစ်ဂျစ်တယ်ဆိုင်းဘုတ်များမှ သတ်မှတ်အချိန်များကို စိတ်ချလက်ချ ကိုးကားအသုံးပြုနိုင်သည်အထိ ဂျပန်တို့၏ အချိန်တိကျမှုကို နိုင်ငံတကာတွင် ပြောစမှတ်ပြုသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ အိုလံပစ်ရေးရာ ဝန်ကြီး မစ္စတာ ယိုရှိတာကာ ဆာကူရာဒါ (Yoshitaka Sakurada) သည် ဂျပန်ပါလီမန် အစည်းအဝေးတစ်ခုသို့ သတ်မှတ်အချိန်ထက် သုံးမိနစ်နောက်ကျရောက်ရှိလာခဲ့သဖြင့် အတိုက်အခံဘက်မှ ပါလီမန်အစည်းအဝေးတစ်ခုအား ငါးနာရီကြာ ဆန္ဒပြသပိတ်မှောက်ခဲ့သည်။ နောက်တော့ ဝန်ကြီးလည်း သူ၏ နောက်ကျမှုအတွက် လူသိရှင်ကြား တောင်းပန်မှု ပြုခဲ့ရသည်။ ထိုသို့ သုံးမိနစ်နောက်ကျသဖြင့် နိုင်ငံရေးတင်းမာမှု အသွင်ဆောင်သွားခဲ့သည့် ဖြစ်ရပ်သည် နိုင်ငံတကာ သတင်းမီဒီယာများသို့ အလျင်အမြန် ပျံ့နှံ့သွားခဲ့ပြီး မိမိတို့နိုင်ငံ၊ လူ့အဖွဲ့အစည်းများအတွင်း အချိန်အပေါ် ရှုမြင်ပုံနှင့် ဂျပန်တို့ (လုပ်ငန်းခွင်အတွင်း) အချိန်အပေါ် လေးစားလိုက်နာပုံများကို နှိုင်းယှဉ်ဆွေးနွေးပြောဆိုစရာ ဖြစ်ခဲ့ရသည်။

အချိန်တိကျခြင်း၊ အချိန်လေးစားခြင်းတို့ အရေးကြီးသလို လုပ်စရာရှိသည်များကို မြန်မြန်ထက်ထက် လုပ်ဆောင်ခြင်းသည်လည်း အရေးကြီးပါသည်။ ဂျပန်နိုင်ငံသာမက ကိုရီးယား၊ စင်ကာပူ၊ တရုတ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာမည်ဆိုလျှင် အချိန်တိကျခြင်း၊ အချိန်လေးစားခြင်းဆိုသည်များထက် လုပ်ဆောင်စရာရှိသည်များကို လျင်လျင်မြန်မြန် လုပ်ဆောင်သွားခြင်းသည် သူတို့ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကွယ်မှ ကြီးမားသော အင်ဂျင်တစ်ခု ဖြစ်သည်။ အချိန်သာ တိကျလေးစားပြီး အရာရာ မပြတ်မသား၊ နှေးနှေးကွေးကွေး လုပ်ဆောင်နေမည်ဆိုလျှင်လည်း ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုဆိုသည်များမှာ ဖြစ်ပေါ်လာဖွယ်မရှိပါချေ။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးကြန့်ကြာခြင်း၏ အကြောင်းအချက်တစ်ခုမှာ အချိန်ဆွဲခြင်း ဖြစ်သည်။ စာရေးသူ၏ အတွေ့အကြုံများအရ မြန်မာနိုင်ငံတွင် ရောက်ရှိနေကြသော နိုင်ငံခြားသားများအမြင်တွင် မြန်မာတို့သည် ဘာလုပ်လုပ် အချိန်ဆွဲသည်ဟု ရှုမြင်ကြပါသည်။ တစ်ခုခုဆိုလျှင် အကြောင်းပြချက်များ ပေးနေတတ်သည်။ လူသာများပြီး အရွေ့က နှေးနေသည်။ အဟောင်းဆိုလျှင်လည်း အသစ်မလဲဘဲ မပျက်မချင်း အကြိမ်ကြိမ် အထပ်ထပ် အသုံးပြုနေတတ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသား အများစု အနေဖြင့် နိုင်ငံတကာနှင့် မပြောနှင့်၊ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းတွင် များစွာ နောက်ကျကျန်နေခဲ့ပြီဖြစ်သည်။

ဂျပန်နိုင်ငံတွင် ‘မူဒ (Muda) ဟူသော ဂျပန်ဝေါဟာရတစ်ခုရှိပါသည်။ ‘မူဒ’ဆိုသည်မှာ နှောင့်နှေးကြန့်ကြာခြင်း၊ ဖြုန်းတီးအလဟဿဖြစ်ခြင်း၊ အချိန်ဆွဲခြင်း၊ တွေဝေခြင်း၊ နောက်ဆုံးရလဒ်မထွက်ခြင်း စသဖြင့် အဓိပ္ပာယ်သက်ရောက်သည်။ လုပ်ငန်းခွင်သဘောအရဆိုလျှင် လုပ်ဆောင်ချက်များသည် အကျိုးဖြစ်ထွန်းမှုနည်းပါးခြင်းဖြစ်သည်။ မလုပ်တာလည်း ဖြစ်ချင်ဖြစ်မည်။ ဘာရလဒ်မှ ထွက်ပေါ်မလာပေ။ တွေဝေနေတာလည်း ဖြစ်ချင်ဖြစ်မည်။ အချိန်တွေသာ ကုန်သွားသည်။ လုပ်တော့ လုပ်နေမည်။ သို့သော် သိသာထင်ရှားသော တိုးတက်မှုကား မည်မည်ရရ မဖြစ်ထွန်းပေ။ နောက်ဆုံး ဝန်ထမ်းတွေက ထိုင်းမှိုင်းလာသည်။ လုပ်ဆောင်မှုများက နှေးကွေးလာသည်။ ကာစတန်မာများ လျော့နည်းလာသည်။ ထုတ်ကုန်များက ဆွဲဆောင်မှုမရှိ၊ ဈေးကွက်ပျောက်ဆုံးလာသည်။ တဖြည်းဖြည်းလုပ်ငန်းသည် ဝန်ပိလာသည်။ နောက်ဆုံး လုပ်ငန်းတစ်ခုလုံး ပြိုလဲသွားသည်။ လူတစ်ဦးချင်းဆိုလျှင်လည်း ထိုသဘောပင်ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ‘လုပ်မယ်၊ လုပ်မယ်နဲ့ဗျာ။’ ‘ခဏနေဦး’။ ‘ဖြည်းဖြည်းပေါ့’ ‘ကျွန်တော်သာ (ငွေကြေး) စုခဲ့မယ်ဆိုရင်ဗျာ။’ ‘အဲဒီတုန်းကသာ လုပ်ခဲ့မယ်ဆိုရင်ဗျာ။’ ‘ရေးမယ်၊ ရေးမယ်နဲ့ဗျာ။’ ‘ကောင်းရှုံးကြီးဗျာ’ စသဖြင့် မြန်မာ ‘မူဒ’များစွာ ရှိပါသည်။

အမှန်တော့ ‘မူဒ’ဆိုသည့် လေလွင့်ခြင်း၊ အလဟဿဖြစ်ခြင်း၊ ဖြုန်းတီးခြင်း စသည့် သဘောသဘာဝများမှာ ထူးဆန်းလှသည်မဟုတ်ပါ။ ‘မူဒ’သည် နိုင်ငံတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းတွင် အနည်းနှင့်အများ ရှိပါသည်။ ‘မူဒ’သည် လုပ်ငန်းတိုင်း၊ လူတစ်ဦးချင်းဆီတိုင်းတွင် အနည်းနှင့်အများရှိပါသည်။ ဂျပန်နိုင်ငံကမူ အာရှတိုက်တွင်သာမက ကမ္ဘာပေါ်တွင်ပါ အတည်ငြိမ်၊ အတိုးတက်ဆုံးနိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပြီး လာရောက်သူအများစု နှစ်သက်သဘောကျသည့် နိုင်ငံဖြစ်လေရာ ဂျပန်တို့၏ တိုးတက်ဖွံ့ဖြိုးရေး သဘောတရား လမ်းညွှန်တစ်ခုဖြစ်သော ‘မူဒ’အား ရှာဖွေဖော်ထုတ်ခြင်း၊ ‘မူဒ’အား လျော့ပါးစေခြင်း၊ ‘မူဒ’အား အလုံးစုံ အပြီးသတ်ဖယ်ရှားခြင်း ဆိုသည်တို့မှာ ဆွေးနွေးပြောဆိုစရာ ဖြစ်လာစေခဲ့သည်။ ‘မူဒ’ သဘောသဘာဝသည် လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းတွင် ပုံစံအမျိုးမျိုးနှင့် တည်ရှိနေသည်ဖြစ်လေရာ ‘မူဒ’အား တုံ့ပြန်ဆောင်ရွက်ပုံမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူညီနိုင်ပါချေ။ ဂျပန်လုပ်ငန်းအဖွဲ့အစည်းများ ဥပမာ- ဂျပန် မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများသည် လုပ်ငန်းခွင်များအတွင်း ‘မူဒ’(လေလွင့်မှုများ)များအား ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ပြီး အကောင်းဆုံး ထိန်းချုပ်ဆောင်ရွက်နိုင်သဖြင့် ကမ္ဘာပေါ်တွင် အချိန်တိုအတွင်း အအောင်မြင်ဆုံး မော်တော်ကားလုပ်ငန်းစု ဖြစ်တည်လာသည်ဟူသော သုံးသပ်ချက်များရှိပါသည်။

> **‘မူဒ’ဆိုသည်မှာ နှောင့်နှေးခြင်းဖြစ်ကြောင်း၊ မလိုအပ်ဘဲ သုံးစွဲခြင်းဖြစ်ကြောင်း၊ နေရာတိုင်းတွင် ပုန်းကွယ်နေသော ‘မူဒ’များရှိကြောင်း၊ အဆိုပါ ‘မူဒ’များကို ရှာဖွေဖော်ထုတ်ပြီး ချက်ချင်းလုပ်ပါက၊ အပိုအလိုများကို စနစ်တကျ စီမံခန့်ခွဲအသုံးချတတ်ပါက လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံများသည် ဘဝတကွေ့ တစ်ချိန်မဟုတ် တစ်ချိန် အောင်မြင်တိုးတက်ကြီးပွားမည်သာဖြစ် . . .**

ဆိုရလျှင် ‘မူဒ’အား တုံ့ပြန်ပုံမှာ အမျိုးမျိုးဖြစ်နိုင်၊ ရှိနိုင်သော်လည်း တူညီသော တုံ့ပြန်မှု တစ်ခုမှာ လုပ်စရာရှိသည်များကို ချက်ချင်းလုပ်ဆောင်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ‘မူဒ’ဟုဆိုသည်နှင့် ‘ချက်ချင်းလုပ်’ဟု သဘောပေါက်နားလည်ကြလေသည်။ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း အဖွဲ့အစည်းများတွင်ကော တစ်ဦးချင်းစီတွင်ပါ အချိန်အား အလဟဿ ဖြုန်းတီးစေခြင်းကဲ့သို့ ‘မူဒ’များစွာ ရှိပါသည်။ ဟိုရွှေ့၊ ဒီရွှေ့ အချိန်ဆွဲခြင်းဖြင့် အလုပ်မဖြစ်သည့် အကြောင်းကိစ္စများစွာ ရှိပါသည်။ စာရေးသူတို့ဆီတွင် အချို့သော လမ်းများ၊ တံတားများပြင်လျှင် တစ်နေရာတည်းကို နှစ်စဉ် ပုံမှန်ပြင်နေတတ်သည်။ နိုင်ငံခြားတွင် လမ်းပေါင်းများစွာ၊ တံတားပေါင်းများစွာ ရှေ့တိုးလုပ်ဆောင်နေချိန်တွင် စာရေးသူတို့ အရွေ့မှာ နှေးလွန်းလှသည်။ စာရေးသူတို့ဆီတွင် အချို့သော လမ်းဘေးမြောင်းများအား နှစ်စဉ်တူးဖော် အမှိုက်ရှင်းနေတတ်သည်။ နိုင်ငံခြားတွင် လမ်းဘေးရေမြောင်းများတစ်ခါ ရှင်းလင်းပြီးလျှင် နှစ်ပေါင်းများစွာ လှည့်ကြည့်စရာမလိုချိန်တွင် စာရေးသူတို့ အရွေ့မှာ နှေးလွန်းလှသည်။ စာရေးသူတို့ ရုံးတွင်းစနစ်များဆိုလျှင်လည်း အွန်လိုင်းစနစ်၊ ဒစ်ဂျစ်တယ်စနစ် စသဖြင့် ပြုပြင်ပြောင်းလဲရေးသာ လုပ်နေသည်၊ အချိန်များစွာ ယူလေသည်။ မြန်မာအစိုးရရုံးများတွင် လွန်ခဲ့သော ဆယ်နှစ်ကတည်းက ဘာပဲဆောင်ဆောင်၊ ဘာပဲ လျှောက်လျှောက်၊ ဘာပဲလုပ်လုပ် အွန်လိုင်းစနစ်ကသာ အဓိက ဝန်ဆောင်မှုပေးမည်ဆိုသည်မှာလည်း ယခုတိုင် အပြည့်အဝ အကောင်အထည်မဖော်နိုင်ဘဲ အားနည်းမှုများရှိသေးသည်။ နိုင်ငံခြားတွင် ကိုရီးယား၊ ဂျပန် မပြောနှင့် ကိုယ့်အိမ်နီးချင်း တရုတ်၊ ထိုင်းတို့လောက်တွင်ပင် နှစ်နှစ်ဆိုသော အချိန်ကာလမှာ ပြုပြင်ပြောင်းလဲချိန် လုံလောက်လေသည်။ ဆိုလိုသည်မှာ နှစ်နှစ်လောက်ဆိုလျှင် သူတို့ဌာနတွင်းစနစ်တွေ၊ တည်ဆောက်ရေးနေရာတွေ အများကြီး ပြောင်းလဲသွားလေသည်။ ဝန်းကျင်ပြောင်းတော့၊ စနစ်ပြောင်းတော့ လူတွေရဲ့ အမူအကျင့်ပါ လိုက်ပြောင်းလေသည်။ အရင် နှစ်နှစ်လောက်တုန်းက ဆိုတာ သူတို့ဆီတွင် အတိတ်အဝေးကြီးမှာ ကျန်ခဲ့ပြီဖြစ်သည်။ စာရေးသူတို့ဆီတွင် အရင်အနှစ်နှစ်ဆယ်ဆိုတာပင် မူလအခြေအနေ အငွေ့အသက်များစွာ ကျန်ရှိနေလေသည်။

ဂျပန်တို့ ပေးသော ‘မူဒ’ ဥပမာတစ်ခုတွင် အိန္ဒိယနိုင်ငံမှ အောင်မြင်နေသော ဟိုတယ်ကြီးတစ်ခုသည် ဂျပန်လူမျိုးပညာရှင်တစ်ဦးအား စီမံခန့်ခွဲရေးသင်တန်းတစ်ခု ပို့ချရန် ငှားရမ်းသည်။ သင်တန်းအတွင်း ဂျပန်ကြီးသည် သင်တန်းသားများ (ဟိုတယ်မန်နေဂျာနှင့် ဝန်ထမ်းများ) အား ဟိုတယ်ပထမထပ်၏ အဝတ်လျှော်ခန်းအတွင်းသို့ ခေါ်ဆောင်သွားသည်။ အဝတ်လျှော်ခန်းတွင် ပြတင်းပေါက်တစ်ခုရှိပြီး ပြတင်းပေါက်မှ အပြင်သို့ ရှုမြင်ရသော မြင်ကွင်းသည် လှပသည်ဖြစ်ရာ အဝတ်လျှော်ခန်းအား မြေအောက်ထပ်သို့ ရွှေ့ပြောင်းပြီး အဝတ်လျှော်ခန်းနေရာအား ဧည့်သည် အိပ်ခန်းတစ်ခုအဖြစ် အသွင်ပြောင်းရန် အကြံပြုသည်။ ဟိုတယ်မန်နေဂျာက သူတို့အနေဖြင့် ဟိုတယ်တွင် အလုပ်လုပ်နေသည့်တိုင် ထိုအကြံမျိုးမရှိခဲ့ဟု ဝန်ခံသဘောတူပြီး အခန်းအား ပြောင်းလဲရန် ရေးမှတ်လိုက်သည်။ ဂျပန်ကြီးက ရေးမှတ်နေစရာ ဘာမှမလို၊ လူရှိသည်၊ အချိန်ရှိသည်၊ သို့ဖြစ်ရာ ယခုပင် ပြောင်းရွှေ့ပါ၊ နာရီအနည်းငယ်ကြာလျှင် ထိုအဝတ်လျှော်ခန်းသို့ ပြန်လာကြမည်၊ အခန်းတွင်း ကော်ဇောများခင်းပြီး အိပ်ခန်းပစ္စည်းများ ထည့်သွင်းပြီး ဖြစ်ရမည်၊ ဒါဆို ဒီနေ့ညကစလို့ အခန်းအား ဧည့်သည်ထံ ငှားရမ်းနိုင်ပြီး ဝင်ငွေ စတင်ရရှိမည်ဟု အကြံပြုသည်။ ဆိုလိုသည်မှာ အကျိုးဖြစ်ထွန်းစေမည်ဆိုပါက လုပ်စရာရှိသည်ကို အချိန်မဆွဲဘဲ ချက်ချင်းလုပ်ရန် ဖြစ်သည်။

ထို့နောက် ဂျပန်ကြီးနှင့် သင်တန်းသားများသည် မီးဖိုချောင်အနီးရှိ စားစရာများထားသိုသည့် အခန်းသို့ သွားကြပြန်သည်။ အခန်းတွင်းရှိ ပန်းကန်ဆေးကန်တွင် ဆေးကြောရန် ပန်းကန်များစွာ ထပ်ဆင့် စုပုံနေသည်ကို တွေ့ရသည်။ ဂျပန်ကြီးသည် ချက်ချင်းပင် အပေါ်ကုတ်အင်္ကျီကို ချွတ်ပြီး ပန်းကန်များကို ဝင်ရောက်ဆေးကြောသည်။ မန်နေဂျာက ပန်းကန်ဆေးမည့်သူရှိကြောင်း ပြောသည့်တိုင် ဂျပန်ကြီးက လုပ်စရာရှိတာကို ချက်ချင်းလုပ်ခြင်းဖြင့် အလုပ်တစ်ခုပြီးကြောင်း၊ ယခု ပန်းကန်များမှာ လိုအပ်သည်ထက် များပြားနေကြောင်း၊ သိမ်းဆည်းရန်၊ ဆေးကြောရန် အချိန်ပေးရကြောင်း၊ အလုပ်နှောင့်နှေးစေကြောင်း၊ လိုအပ်သည့် ပန်းကန်များ လောက်သာထားရှိပြီး ပန်းကန်အပိုများအား ထုပ်ပိုးကာ ဟိုတယ်ရှိ အခြားလိုအပ်သော နေရာများသို့ ပို့ဆောင်သင့်ကြောင်း အကြံပြုသည်။ မန်နေဂျာက ရေးမှတ်ထားပြီး ဖြစ်ကြောင်းပြောရာ ဂျပန်ကြီးက ရေးမှတ်နေစရာ မလို၊ ယခုပင် ပိုလျှံနေသော ပန်းကန်များကို သေတ္တာ (ပုံး) အတွင်း ထည့်သိမ်းပြီး လိုအပ်သော အခြားနေရာများဆီသို့ ပို့ဆောင်ပါဟု အကြံပြုသည်။ ထို့နောက် ဂျပန်ကြီးက မန်နေဂျာနှင့် သင်တန်းသားများအား ‘မူဒ’ဆိုသည့် ဂျပန်ဝေါဟာရကို ရှင်းပြကာ ‘မူဒ’ဆိုသည်မှာ နှောင့်နှေးခြင်းဖြစ်ကြောင်း၊ မလိုအပ်ဘဲ သုံးစွဲခြင်းဖြစ်ကြောင်း၊ နေရာတိုင်းတွင် ပုန်းကွယ်နေသော ‘မူဒ’များရှိကြောင်း၊ အဆိုပါ ‘မူဒ’များကို ရှာဖွေဖော်ထုတ်ပြီး ချက်ချင်းလုပ်ပါက၊ အပိုအလိုများကို စနစ်တကျ စီမံခန့်ခွဲအသုံးချတတ်ပါက လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံများသည် ဘဝတကွေ့ တစ်ချိန်မဟုတ် တစ်ချိန် အောင်မြင်တိုးတက်ကြီးပွားမည်သာဖြစ်ကြောင်း၊ နေရာတကာ ရေးမှတ်ခြင်း၊ အစီရင်ခံစာအတွင်း ထည့်သွင်းနေခြင်းသည် နှောင့်နှေးခြင်း တစ်မျိုးသာဖြစ်ပြီး သင့်တော်သည်၊ မှန်ကန်သည် ထင်ပါက ချက်ချင်းလုပ်ကျင့်တည်ဆောက်ရန်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးသည်။ သင်တန်းနောက်ဆုံးနေ့တွင် ဂျပန်ကြီးသည် သင်တန်းသားများအား ဥပမာတစ်ခုပေးရင်း ကမ္ဘာကြီးတွင် ယှဉ်ပြိုင်မှုများမှာ လွန်စွာပြင်းထန်ကြောင်း၊ နိုင်ငံတကာအဆင့်လုပ်ငန်းများသည် တစ်ခုနှင့် တစ်ခု မကွာခြားလှကြောင်း၊ ကိုယ့်ပြိုင်ဘက်ထက် ရှေ့သို့ အမြဲ ရောက်နေလိုပါက၊ ယနေ့ခေတ်တွင် ရှင်သန်၊ ရှင်ကျန်လိုပါက‘မူဒ’ဥပမာကဲ့သို့ အချိန်မဆွဲဘဲ ချက်ချင်းလုပ်ဆောင်တတ်သည့် အကျင့်ကောင်းများကို မွေးမြူကာ အမြဲမပြတ် ပြုပြင်ပြောင်းလဲနေရမည် ဖြစ်ကြောင်း ပြောကြားသည်။

အမှန်လက်တွေ့လုပ်ငန်းခွင်များတွင် ဤ ‘မူဒ’ ဥပမာကဲ့သို့ လိုက်ပါလုပ်ဆောင်ရန်မှာ မလွယ်ကူသည့်တိုင် အချိန်မဆွဲဘဲ လုပ်စရာရှိသည်များကို ချက်ချင်းလုပ်ဆောင်ရမည်၊ ကြာမြင့်စွာ တွေဝေငေးမောနေခြင်းမရှိသင့်၊ အလေအလွင့်များကို အကျိုးရှိစွာ အသုံးချရမည် စသည့်အချက်များကို မြင်သာစေရန် ဖော်ပြခြင်းဖြစ်သည်။ စာရေးသူ၏ မိတ်ဆွေ အပေါင်းအသင်းအချို့တွင် တွေဝေနေသူ၊ အချိန်ဆွဲနေသူ၊ လုပ်မယ်၊ လုပ်မယ်နဲ့ မလုပ်ဖြစ်သေးသူ၊ နောက်ဘာမှ ဖြစ်မလာသူ များစွာ တွေ့ခဲ့ဖူးပါသည်။ အချို့လည်း မနက်ဖြန်လုပ်မယ်၊ သန်ဘက်ခါလုပ်မယ်နဲ့ တစ်သက်တာ မလုပ်ဖြစ်ကြပေ။ ခဏနေဦး၊ ခဏ မကြာမကြာ ပြောသူများသည် ဒီလိုနဲ့ အကျင့်ပါသွားတတ်ကြသည်။ စာရေးမယ်၊ စာရေးမယ်နဲ့ ဟိုရွှေ့၊ ဒီရွှေ့၊ အလုပ်နားရင် စာရေးမယ်၊ ပင်စင်ယူရင် စာရေးမယ်၊ နောက်ဆုံးသူတို့ အတွေးများ၊ စိတ်ကူးများသည် သေဆုံးခြင်းနှင့် အတူ လိုက်ပါသွားလေသည်။ အချို့ စကားပြောလိုက်လျှင် အကြီးကြီး ဖြစ်သည်။ စိတ်ကူးစိတ်သန်းများ ရှိသည်။ စာအုပ်များလည်း ဝယ်ယူစုဆောင်းကာ ဗီရိုနှင့် အပြည့် ဖြစ်သည်။ စာများသာဖတ်၊ စိတ်ကူးသာရှိပြီး ဘာမှ မည်မည်ရရ ဖြစ်မလာကြပါ။ ဘဝတွင် ကိုယ်အောင်မြင်ပြီး သူများမအောင်မြင်သည်ကို အပြစ်တင်နေခြင်းမဟုတ်ပါ။ သို့သော် မြန်မာနိုင်ငံသား အတော်များများတွင် အားနည်းချက်များစွာ တစ်နည်း ‘မူဒ’များစွာ ရှိပါသည်။ မြန်မာအချို့သည် စိတ်မရှည်တတ်ကြပါ။ ရေရှည်လုပ်ဆောင်ကျင့်မရှိပါ။ အလွယ်ပင် လက်လျှော့တတ်ကြသည်။ စစ်မထွက်ခင်မြားကုန်၊ ပန်းတိုင်မရောက်မီ တက်ထောင်ချင်တတ်ကြပါသည်။ အချို့ အစိုးရ အရာရှိစာမေးပွဲ တစ်ခါ၊ နှစ်ခါဝင်ရောက်ဖြေဆိုသည်။ မပါလျှင် လက်လျှော့သွားကြသည်။ အချို့ နိုင်ငံတကာအဖွဲ့အစည်းများတွင် သုံး၊ လေးခါ ဝင်ရောက် လျှောက်ထားကြသည်။ မပါလျှင် လက်လျှော့သွားကြသည်။ အချို့ သတင်းစာ၊ ဂျာနယ်များသို့ စာတစ်ပုဒ်၊ နှစ်ပုဒ်ရေးသား ပေးပို့သည်။ မပါလျှင် အလွယ်ပင် လက်လျှော့တတ်ကြသည်။ ဘဝတွင် မည်သည့်အရာမှ အလွယ်တကူ မရရှိပါချေ။

အချိန်သည် လွန်စွာ အကုန်မြန်လှသည်။ စာရေးသူသည် ငယ်စဉ်ကပင် လုပ်စရာရှိသည်များကို ချက်ချင်းလုပ်ဆောင်တတ်သည်ဖြစ်ရာ ဘဝတွင် အဆုံးအဖြတ်မှားယွင်းခဲ့သည်များ၊ လမ်းကြောင်း လွဲမှားခဲ့သည်များ ရှိသည့်တိုင် ယခု အသက် ၄၀ ကျော်အရွယ်တွင် နိုင်ငံတကာအဆင့် ကောင်းမွန်သော ပညာရေး၊ အလုပ်အကိုင်၊ စာရေးသားခြင်း စသည်တို့ကို ရရှိပိုင်ဆိုင်ခဲ့ပြီဖြစ်ပါသည်။ စာရေးသူသည် ဆယ်တန်းကို သာမန်သာ အောင်မြင်ခဲ့ပြီး ရန်ကုန် အဝေးသင်တက္ကသိုလ်မှ သာမန်ဘွဲ့ဖြင့် ကျောင်းပြီးခဲ့သော်လည်း နိုင်ငံတကာပညာသင်ဆုများ လျှောက်ထားရရှိ၊ နိုင်ငံရပ်ခြားသို့ ဧည့်သုတေသီအဖြစ် သွားရောက် ထမ်းဆောင်၊ နိုင်ငံတကာ အဖွဲ့အစည်းများတွင် လုပ်ကိုင်ဆောင်ရွက်၊ အလုပ်တစ်ဖက်နှင့် သတင်းစာ၊ ဂျာနယ်များတွင် ဆောင်းပါးများ အဆက်မပြတ် ရေးသားပြီးစီးခဲ့သော ဆောင်းပါးများ စုစည်းမှုစာအုပ်များပင် ၁၀ အုပ်ခန့် ထုတ်ဝေခဲ့ပြီးဖြစ်လေရာ ငယ်စဉ်က အတူကျောင်းတက်ခဲ့သော သူငယ်ချင်းအချို့က စာရေးသူအား မင်းဘယ်လိုလုပ် စာရေးဖြစ်သွားတာလဲ၊ ပညာသင်ဆုတွေ ဘယ်လိုရတာလဲ၊ အစိုးရဝန်ထမ်းကနေ ဘယ်လို နိုင်ငံတကာအဖွဲ့အစည်းတွေမှာ လုပ်ဖြစ်သွားတာလဲ၊ နိုင်ငံခြားက ဘာလို့ ခဏခဏဖိတ်တာလဲ စသဖြင့် မေးတတ်ကြပါသည်။ ဖေ့စ်ဘုတ်မိတ်ဆွေ ပညာတတ်လူငယ်အချို့ကလည်း သူတို့ အနာဂတ်အိပ်မက်မှာ စာရေးသူကဲ့သို့ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ရန်ဖြစ်ပြီး ကမ္ဘာအနှံ့ လှည့်ပတ်သွားလာ စာရေးသားရန်ဖြစ်သည်ဟု ဆိုကြပါသည်။

စာရေးသူ၏ အောင်မြင်တိုးတက်မှုများတွင် မည်သည့် လျှို့ဝှက်ချက်မှမရှိပါချေ။ တစ်ခုခုတော့ ပြောပါဆိုလျှင် စာရေးသူသည် အလုပ်ကို ချက်ချင်းလုပ်သည့် အကျင့်ရှိပါသည်။ များစွာ အချိန်ဆွဲနေလေ့မရှိပါ။ အလုပ်ဆိုသည်မှာ လုပ်ကြည့်မှ သိပါသည်။ လုပ်ကြည့်မှ အတွေ့အကြုံရပါသည်။ မဖြစ်ပါဘူး၊ မရပါဘူး၊ မလွယ်ပါဘူးဆိုသည့် တင်ကြိုစိတ်ကူးက ရှိနေပါလျှင် ဘယ်သောအခါမှ လုပ်ဖြစ်လိမ့်မည် မဟုတ်ဘဲ ဘယ်သောအခါမှလည်း ရလိမ့်မည် မဟုတ်ပါချေ။ ပတ်ဝန်းကျင်သည် အရေးကြီးသော်လည်း ဝန်းကျင်ကို များစွာဂရုမပြုပါနှင့်။ မြန်မာ့ပတ်ဝန်းကျင် တစ်နည်း မြန်မာ့လူ့အဖွဲ့အစည်းသည် ‘မူဒ’ များစွာဖြင့် အိပ်မောကျနေသော လူ့အဖွဲ့အစည်းဖြစ်ပါသည်။ တစ်နည်း ဖွံ့ဖြိုးတိုးတက်ရေးတွင် မြန်မာတို့၏ အနီးကပ်ဆုံးရန်သူမှာ ‘မူဒ’များပင် ဖြစ်ပါသည်။ အမှန်တကယ် ကြီးပွားတိုးတက်လိုပါက မိမိကိုယ်တိုင်နှင့် မိမိဝန်းကျင်ရှိ ‘မူဒ’များအား ရှာဖွေဖော်ထုတ်ကြပါ။ ။

# မန္တလေးမြို့ သမိုင်းဝင် မဟာဝိဠူက သဲပုံစေတီကို လေ့လာဖူးမြော်နိုင်

**မန္တလေး ဖေဖော်ဝါရီ ၁၈**
မန္တလေးမြို့သည် သမိုင်းဝင်နေရာများစွာနှင့် လေ့လာစရာများစွာရှိနေသည်။ မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းနေပြည်တော်ဖြစ်သည့်အားလျော်စွာ ဝင်းများစွာဖြင့် တည်ထားပြီး ထိုဝင်း များအတိုင်း အမည်မှည့်ခေါ်မှုများရှိနေသော စိတ်ဝင်စားဖွယ်ရာမြို့ပင်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ရာများစွာထဲတွင် မင်းသားစုရပ်ရှိ မဟာဝိဠူကသဲပုံစေတီမှာလည်း စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

သဲပုံစေတီပွဲဖြစ်ပေါ်လာပုံတွင် အင်းဝမြို့၌နန်းစံသော ကုန်းဘောင်ခေတ်တတိယမြောက်မင်းဖြစ်သော ညီတော်ဆင်ဖြူရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၂၉ တွင် ထိုင်း(ယိုးဒယား)ကို စစ်အောင်နိုင်ကာ ထိုင်း(ယိုးဒယား) မင်းဆွေမင်းမျိုးများကို ခေါ်ဆောင်လာခဲ့ပြီး အင်းဝမြို့ မြောက်ဘက် ခပ်လှမ်းလှမ်းတွင်ရှိသော ယခု ရွှေတချောင်းအနီး မင်းသားစုရပ် ရွာဟိုင်းရပ်များတွင် နေရာချထားပေးခဲ့သည်ဟုဆိုသည်။

ထိုအထဲတွင် ထိုင်း(ယိုးဒယား)နန်းစွန့်ဘုရင် ကျောက်ဘွားထောက်လည်း ပါဝင်ခဲ့ပြီး ရွာဟိုင်းဈေးအရှေ့ဘက်ပေါင်း လဲတိုက်တွင် သီတင်းသုံးခဲ့ရာ ၁၁၅၈ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့သည်ဟုလည်း သိရသည်။

ရွှေတချောင်းမြောင်းဘေးတွင် ယိုးဒယားတို့၏ ရေးရိုးရာမပျက် သဲပုံစေတီ တည်ထားပူဇော်ကိုးကွယ်ခွင့်လျှောက်ထားတောင်းပန်ခဲ့သဖြင့် ၁၁၄၅ ခုနှစ်မှစကာ ဘိုးတော်ဗဒုံမင်းတရားကြီးက ခွင့်ပြုရာမှ စတင်ကျင်းပခဲ့သည်။ ထိုကာလမှ နောက်ပိုင်းအထိ ထိုင်း(ယိုးဒယား )အဆက်အနွယ် လူကြီးများက ဆက်လက်ဦးစီးထိန်းသိမ်း ကျင်းပလာခြင်းမှသည် ယနေ့အထိ သဲပုံစေတီပွဲကို ကျင်းပလေ့ရှိကြောင်း သိရသည်။

သဲပုံစေတီအောက်ခြေမှ စိန်ဖူးတော်အထိ ဉာဏ်တော် ၂၁ ပေရှိသည်။ လုံးပတ်မှာ ၄၃ ပေရှိသည်။ နှစ်စဉ်နှစ်တိုင်း သင်္ကြန်အကြတ်နေ့တွင် ရပ်ရွာထဲမှ ရပ်ကွက်သူရပ်ကွက်သားများက သဲများစုပုံကာ နေ့ချင်းပြီးအောင်တည်ကြရပြီး ထုံးသင်္ကန်းပါကပ်ကြရသည်။ သင်္ကြန်အတက်နေ့တွင် ထီးတော်နှင့် စိန်ဖူးတော်တင်ကြရသည်။ နှစ်ဆန်း တစ်ရက်နေ့တွင် ပင့်သံဃာတော်များက သဲပုံစေတီကို အနေကဇာတင်ကြရသည်။



သမိုင်းဝင် မန္တလေးမြို့မှ မဟာဝိဠူက သဲပုံစေတီဘုရားပွဲကို ဘိုးတော်ဗဒုံမင်းလက်ထက် ၁၁၄၅ ခုနှစ်မှစကာ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါနှစ်ပေါင်း ၂၃၅ ကျော်အထိ နှစ်စဉ်သဲပုံစေတီပွဲ ကျင်းပလာခဲ့ကြောင်း သိရသည်။

နှစ်စဉ်ပြုလုပ်သော သဲပုံစေတီသည် နောက်နှစ်သဲပုံစေတီပွဲအထိတည်ရှိပြီး တစ်နှစ်တစ်ခါ သဲပုံစေတီအသစ်ပြုလုပ်ပူဇော်လေ့ရှိသည်။ ယခုအခါ မန္တလေးမြို့မှ သမိုင်း ဝင်သဲပုံစေတီကို လေ့လာဖူးမြော်နိုင်သည်။ **နွေနဒီ(မြစ်ငယ်)**

# တာလေမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နားအွန်၌ စာသင်ဆောင်ဆောက်လုပ်

**တာလေ ဖေဖော်ဝါရီ ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ နားယောင်းကျေးရွာအုပ်စုအတွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)-နားအွန်၌ RC တစ်ထပ် စာသင်ဆောင်အသစ်တစ်ဆောင်ကို ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ စာသင်ဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းများသည် ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ယင်းအဆောက်အအုံကို အိန်ဂျလာ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်နေခြင်းဖြစ်သည်။



စာသင်ဆောင်အဆောက်အအုံအမျိုးအစားမှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ RC တစ်ထပ်ဖြစ်ပြီး ငွေကျပ် ၇၀ ဒသမ ၂၀၀ သန်းဖြင့် တည်ဆောက်လျက်ရှိကာ စာသင်ဆောင် အဆောက်အအုံသစ်အား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးတို့အတွက် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း ကျောင်းအုပ်ဆရာကြီး ဦးစိုင်းရှိန်ထံမှ သိရသည်။

**အောင်ကျော်မိုး**
**(ပြန်/ဆက်)**

■

# ကျောက်တံခါးမြို့နယ် ကျွဲတလင်းကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၈**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက ကျွဲတလင်းကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကျွဲတလင်းကျေးရွာ ကုန်ထုတ်လမ်းအား တင်ဒါအောင်မြင်သော ဇမ္ဗူအောင်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးပါက ကျေးလက်နေ တောင်သူများ ဒေသထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကုန်ထုတ်လမ်းအား သတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး စေတနာထားဆောင်ရွက်ပေးကြရန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုမ္ပဏီမှတာဝန်ရှိသူများအား လမ်းညွှန်မှာကြားကာ လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တပ်ကုန်းမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၁၈**
နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀ -၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်းရည်ရွယ်ချက်များနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ လေး ရွာအတွက် တစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် ကော်မတီဝင်များအား လွှဲပြောင်းပေးအပ်၍လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာ ခုနစ်ရွာအတွက် တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကော်မတီဝင်များအား လွှဲပြောင်းပေးအပ်ခဲ့သည်။




တပ်ကုန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ၂၅ ယူနစ်ဖြင့် ကျေးရွာပေါင်း ၂၇ ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအတွက် ကျေးရွာပေါင်း ၂၂ ရွာ အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သိရသည်။

သတင်း- တင်စိုးလွင်
ဓာတ်ပုံ- မြို့နယ်ကျေးလက်ဦးစီးဌာန

# လှိုင်းဘွဲ့မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေပေးအပ်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၈**
ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိသော လုပ်ငန်းများအား ဒုတိယအရစ် ရန်ပုံငွေပေးအပ်ပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ် ခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ခွင့်ရရှိသော ကျေးရွာများအနေဖြင့် လုပ်ငန်းများကို သတ်မှတ်သော စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် ပြောကြားခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ရန်ပုံငွေများ ပေးအပ်ခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းကိုးခု ဆောင်ရွက်ရန် ရန်ပုံငွေ ၃၁ ဒသမ ၉ သန်း၊ မြေသားလမ်း၊ ကျောက်ချောမြေသားလမ်းနှင့် ဂဝံမြေခင်းခြင်းလုပ်ငန်း ၁၃ ခု ဆောင်ရွက်ရန် ရန်ပုံငွေ ၅၆ ဒသမ ၇ သန်းနှင့် အထွေထွေလုပ်ငန်းငါးခုဆောင်ရွက်ရန် ရန်ပုံငွေ ၁၆ ဒသမ ၇၃ သန်း စုစုပေါင်း လုပ်ငန်း ၂၇ ခုဆောင်ရွက်ရန် ရန်ပုံငွေ ၁၀၅ ဒသမ ၃၃ သန်းဖြင့် ဆောင်ရွက်ခွင့်ရရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# မိရိုးဖလာအလုပ်များဖြင့် ပျော်မွေ့နေကြသော လယ်သမားတို့၏ဘဝ



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးသောနိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းကျော် လူဦးရေသည် တောင်သူလယ်သမားများ ဖြစ်ကြသည်။

ထိုသို့ စိုက်ပျိုးရေးကို အဓိကထားပြီး ရွှံ့ဗွက်များအတွင်း တစိုက်မတ်မတ် စိုက်ပျိုးလုပ်ကိုင်ရသောကြောင့် လယ်သမားတို့၏ ဘဝသည် ကြမ်းတမ်းသည်၊ ခက်ထန်သည်၊ နုံချာသည်၊ အနေစုတ်သည်၊ စာတတ်သူ နည်းပါး၍ တောသူတောင်သားများမှာ အသိပညာ ဗဟုသုတနည်းပါးသည်ဟု လူအများ၏ အထင်သေးဆက်ဆံခြင်းကို ခံရသည်။ ရှေးအခါက တောရွာများသည် မြို့နှင့် အလှမ်းဝေးသည့်အပြင် လမ်းခရီးကလည်း ကြမ်းတမ်း၊ ရွှံ့များ၊ ဗွက်များဖြင့် သွားရေးလာရေးခက်ခဲသောကြောင့် မိဘများမှာ သားသမီးများ၏ ပညာရေးကိုဆုံးခန်းတိုင်အောင် မထားနိုင်ရှာပေ။

ထိုအချိန်က တောရွာများတွင် စာသင်ကျောင်းများ ယခုကဲ့သို့ ကျောင်းသားဦးရေနှင့် လိုက်လျောညီထွေမှုရှိအောင် များများစားစား မရှိကြသေးဘဲ လေးရွာ၊ ငါးရွာမှ စာသင်ကျောင်း တစ်ကျောင်းခန့်သာ ရှိလေသည်။ ဒါတောင် မူလတန်းအဆင့်လောက်သာရှိပြီး လေးတန်းအောင်ပြီး ငါးတန်းတက်သည့်အခါ မြို့ကျောင်းများသို့ ကျောင်းပြောင်းပြီး ထားကြရသည်။

တချို့မိဘများမှာဆိုလျှင် ငွေရေးကြေးရေး ပြည့်စုံမှုမရှိသည့်အပြင် လမ်းခရီးကလည်း ဆိုး၊ ဝေးလည်း ဝေးသောကြောင့် ငါးတန်းလောက်ဖြင့် ကျောင်းထုတ်ကာ မိမိတို့နှင့် အတူ လယ်တော၊ ယာတောထဲသို့ ဆင်းစေပြီး မိရိုးဖလာ လုပ်ငန်းများဖြစ်သော ကောက်စိုက်၊ ပျိုးနုတ် အလုပ်များဖြင့်သာ ရွှံ့ဗွက်များအတွင်း နပန်းလုံးနေကြရတော့သည်။

နဂိုကမှ ရိုးအေးသည့် မိသားစုများမှ ပေါက်ဖွားလာသူများဖြစ်သောကြောင့် ပညာမတတ်သည့်အခါ နုံအပြီး အတွေးအခေါ်များပါ ညံ့ဖျင်းသွားတော့သည်။ သို့သော် တောသူတောင်သားများသည် စိတ်ဓာတ်ကတော့ ရိုင်းစိုင်း၊ ယုတ်ညံ့၊ ကောက်ကျစ်သူများ မဟုတ်ကြပေ။

ရိုးသည်၊ အ သည်၊ ညွှံ့သည်များလာလျှင်လည်း ခင်မင်တတ်သည်။ ပျူငှာဖော်ရွေမှု ရှိသည်။ ကျွေးချင် မွေးချင်စိတ်ရှိကြသည်။ ပြောစရာရှိလျှင်လည်း အရိုးခံသမားတွေမို့ ပွင့်ပွင့်လင်းလင်းပင် ပြောတတ်ကြသည်။

မြို့သူမြို့သားများက အသိပညာဗဟုသုတနှင့် အတတ်ပညာများ သာပေလိမ့်မည်။ စိတ်ထားကတော့ တောသူတောင်သားများက ကောင်းပြီး ရိုးသားဖြူစင်ကြသည်။ သို့သော် တောရွာသူ တောရွာသားများက ဟောဟောဒိုင်းဒိုင်းဖြင့် ဘွင်းဘွင်းသမားများ ဖြစ်ကြသည်။

သူ့အရပ်နှင့်သူ့ဓာတ်ဟူသော ဆိုရိုးစကားနှင့်အညီ တောရွာများတွင် သူ့အရပ်ဒေသနှင့်သူ နေရာဒေသ သဘောထားများ၊ လူနေမှုစရိုက်လက္ခဏာ၊ စိတ်နေသဘောထားများကတော့ ကွဲလွဲပေလိမ့်မည်။ တောရွာသူ တောရွာသားများသည် ဟန်ဆောင်မှုကင်းပြီး ရိုးရှင်းသော အဖြူထည်သက်သက် သမားများသာ ဖြစ်ကြသည်။ လူလိမ်၊ လူညာ၊ လိမ်လည်လှည့်ပတ်သူများ မရှိပေ။


သို့သော် စုန်းပြူးတစ်ယောက်တလေတော့ ရှိပေလိမ့်မည်။ တောင်သူလယ်သမားဦးကြီးများသည် ရွှံ့များဗွက်များတွင် တစ်နေကုန် ရုန်းကန်လှုပ်ရှားနေရပေမယ့် ၎င်းတို့၏ ရှေးရိုးစဉ်လာ ရိုးရာအလုပ်များဖြင့် မအားနိုင်ရှာပေ။

လယ်ထွန်၊ ကောက်စိုက်၊ ပျိုးနုတ်ကြရင်းဖြင့် တေးသီချင်းများ သံစုံဟစ်ကာ စကြနောက်ကြ၊ အော်ကြဟစ်ကြရင်းဖြင့် လယ်ကွင်းထဲတွင် ပဲ့တင်သံများထပ်နေပြီး တစ်နေကုန် အလုပ်များလုပ်ကြရသဖြင့် ပင်ပန်းနေကြသော်လည်း အော်ကာဟစ်ကာ စကာနောက်ကာဖြင့် ရယ်စရာများပြော၍ လူပင်ပန်းမှုကို စိတ်အေးချမ်းမှုဖြင့် ဖြေဖျောက်နေကြရသည်။

မိုးဦးစသည်နှင့် ထွန်ယက်စိုက်ပျိုးပြီး လယ်ဧက များသူများမှာ နှစ်လခွဲခန့်ကြာ စိုက်ပျိုးကြရသည်။ သို့သော် စိုက်ပျိုးရန် ရေနှင့် ပျိုးနုတ်သူကောက်စိုက်သမအဆင်သင့် ရှိပါမှ၊ အဆင်သင့်မရှိလျှင် သုံးလခန့် ကြာအောင် စိုက်ပျိုးကြရသည်။ စိုက်ပျိုးပြီး၍ မနားရသေးချေ။ စိုက်ပျိုးပြီးစီးသည့် လယ်ကွင်းသို့ မကြာခဏလာပြီး ပေါင်းမြက်နုတ်ခြင်း၊ လယ်ကတွတ်ပိတ်ခြင်း၊ မြေဩဇာ ကျွေးခြင်းများ ပြုလုပ်ရသေးသည်။

မိုးကုန်၍ ဆောင်းကူးချိန်တွင် စပါးပင်များ ရင့်မှည့်ကာ ရိတ်သိမ်းကြရပြီး ကောက်လှိုင်းများကို ကန်သင်းပေါ်တင်၊ ထယ်များထိုး၊ ထွန်များမွှေကာ မတ်ပဲ၊ ကုလားပဲများ ပြန်၍ စိုက်ပျိုးကြသေးသည်။ ဤသို့ဖြင့် လယ်သမားယာသမားများ၏ဘဝသည် လယ်ကွင်းထဲမှ ပြန်ရသည်မရှိဘဲ တစ်နှစ်ပတ်လုံး လုံးလည်ချာလည်လိုက်ကာ ထွန်ကြ၊ ယက်ကြ၊ စိုက်ပျိုးကြရင်းဖြင့် သီချင်းလေးများ ဆိုညည်းကာ ဘိုးဘွားလက်ထက်ကဆင်းသက် လာခဲ့ သည့် မိရိုးဖလာ ရိုးရာအလုပ်များဖြင့် ပျော်မွေ့နေကြလေတော့သည်။ **ဇေယျာထက်(မင်းဘူး)**

# ငဖဲမြို့နယ်တွင် နွေနှမ်းသီးနှံ ဧက ၁၁၅၀ စိုက်ပျိုးနိုင်ရေး ဆည်ရေပေးဝေလျက်ရှိ



**ငဖဲ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ ဆည်ရေသောက်တောင်သူများအနေဖြင့် ယခုနှစ်နွေရာသီတွင် နွေနှမ်းသီးနှံဧက ၁၁၅၀ ကို အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် မန်းချောင်းရေလှောင်တမံဆည်နှင့် ရင်းရှည်ရေလှောင်တမံဆည်တို့မှ ဖေဖော်ဝါရီလအတွင်း ရေစတင်လွှတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံဆည်နှင့် ရင်းရှည်ရေလှောင်တမံဆည်တို့မှ ၂၀၂၁ ခုနှစ်တွင် နွေစပါးစိုက်ပျိုးရန်အတွက် ဆည်ရေလုံလောက်စွာ ပေးဝေနိုင်ခြင်းမရှိသဖြင့် နွေနှမ်းသီးနှံစိုက်ပျိုးနိုင်ရန်အတွက်သာ ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ရင်းရှည်ရေလှောင်တမံဆည်မှ ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကွင်းနှစ်ကွင်းရှိ နွေနှမ်းစိုက်ပျိုးရန်ဧက ၁၅၀ ကိုဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်ထိ ရေပေးဝေခဲ့ပြီး မန်းချောင်းရေလှောင်တမံဆည်မှ လက်ဝဲ၊ လက်ယာ မြောင်းမကြီးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ငါးအုပ်စု ကွင်း ၁၅ ကွင်းရှိ နွေနှမ်းစိုက်ပျိုးရန် ဧက ၁၀၀၀ ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ဆည်ရေ ပေးဝေသွားမည်ဖြစ်ကြောင်း ငဖဲမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုဦးထံမှ သိရသည်။

ငဖဲမြို့နယ်အနေဖြင့် နွေနှမ်းသီးနှံကို ယခင်နှစ်က အစိုးရဆည်ရေ၊ ဆည်ငယ်၊ ကန်ငယ်၊ မြေအောက်ရေတို့ဖြင့် ဧက ၁၅၅၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် မန်းချောင်းရေလှောင်တမံဆည်ရေနှင့် ရင်းရှည်ဆည်ရေတို့ဖြင့် ဧက ၁၁၅၀ စိုက်ပျိုးနိုင်ရန် လျာထားထားပြီး ဆည်ငယ်၊ ကန်ငယ်၊ မြေအောက်ရေတို့ဖြင့်လည်း နွေနှမ်းများစိုက်ပျိုးသွားမည်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# အညာဒေသ၌ စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်

**နတ်မောက် ဖေဖော်ဝါရီ ၁၈**

အညာဒေသ၌ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းအပြင် နွားနှင့် ဆိတ်မွေးမြူရေးကိုလည်း တွဲဖက်လုပ်ကိုင်လျက်ရှိရာ ဝင်ငွေရရှိနေကြောင်း ဒေသခံ မွေးမြူရေးလုပ်ကိုင်သူများထံမှ သိရသည်။

"မိရိုးဖလာတောင်သူအလုပ်ကိုလည်း ရာသီအလိုက် စိုက်ပျိုးလုပ်ကိုင်ပါတယ်။ တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရရှိအောင် ဆိတ်၊ သိုး၊ နွားတို့ကို မွေးမြူလုပ်ကိုင်ပါတယ်။ ဆိတ်မွေးမြူရေးကို တစ်ပိုင်တစ်နိုင် မွေးမြူကြတယ်။ တောင်သူအလုပ်မှာ တွဲဖက်မွေးမြူလိုက်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးကလည်း အထောက်အကူပြုတယ်။ ဆိတ်တစ်ကောင်ကို ငွေကျပ် ၇၀၀၀၀ ဝန်းကျင် ပေါက်ဈေးရောင်းရပါတယ်။ ပေါက်ဈေးရှိတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းကနေလည်း ဝင်ငွေရတယ်" ဟု ရေနံချောင်းမြို့နယ်မှ ရုံးကုန်းကျေးရွာအုပ်စုနေ ဦးသန်းထိုက်က ပြောကြားသည်။

အညာဒေသ၌ နွားကို ခြံတစ်ခြံလျှင် နွားကောင်ရေ ၃၀ အထိ မွေးမြူခြင်းများရှိပြီး နွားကို ဆယ်ဂဏန်းဝန်းကျင် မွေးမြူကြကြောင်း၊ နွားမွေးမြူခြင်းဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်၌ ခိုင်းနွားအဖြစ် အသုံးပြုနိုင်သည့်အပြင် လက်ရှိခိုင်းနွားတစ်ကောင်လျှင် ငွေကျပ်ကိုးသိန်းမှ ငွေကျပ် ၁၅ သိန်းဝန်းကျင်ရှိသည့်အတွက် အပြင်မှဝယ်စရာမလိုကြောင်း၊ မွေးမြူရေးကို သီးသန့်ခြံဖြင့် မွေးမြူသူများမှာ နွားမွေးမြူခြင်းမှ ဝင်ငွေရရှိနေကြကြောင်း သိရသည်။

**ရွှေမန်ကျည်း**

# ပွင့်ဖြူမြို့နယ်တွင် ပန်းမုန်လာသီးနှံ စတင်စမ်းသပ်စိုက်ပျိုး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုအတွင်းရှိဒေသခံတောင်သူများသည် မြေအောက်ရေကို စနစ်တကျသုံးစွဲ၍ ပန်းမုန်လာသီးနှံစိုက်ပျိုးရေးလုပ်ငန်းအား စတင် စမ်းသပ်စိုက်ပျိုးလုပ်ကိုင်ကြရာ စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

ပန်းမုန်လာသီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးပြီး နှစ်လခွဲခန့်ကြာပါက ရောင်းတန်းဝင် ပန်းမုန်လာထုပ်များကို စတင်ဆွတ်ခူးရောင်းချရကြောင်း၊ လက်ရှိတွင် ဈေးကွက်၌ ပန်းမုန်လာ(အဖြူ) တစ်ပွင့်လျှင် ငွေကျပ် ၆၅၀၊ ပန်းမုန်လာ(အစိမ်း) တစ်ပွင့်လျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ရောင်းချနေရကြောင်း ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဟင်းသီးဟင်းရွက် စားပင်သီးနှံစိုက်ပျိုးလုပ်ကိုင်သူများက ပြောကြားသည်။

"ပွင့်ဖြူမြို့နယ်က ဒေသခံတောင်သူတွေဟာ မြေအောက်ရေနဲ့ မုန်းချောင်းရေကို အကျိုးရှိစွာအသုံးချပြီး ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုး လုပ်ကိုင်ကြပါတယ်။ အခုနှစ်မှာ ဒေသခံတောင်သူတွေက ပန်းမုန်လာသီးနှံ(အဖြူ)မျိုးနဲ့ ပန်းမုန်လာ(အစိမ်း)မျိုးကို စမ်းသပ်စိုက်ပျိုး လုပ်ကိုင်လာကြပါတယ်။ စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် တောင်သူတွေ စမ်းသပ်စိုက်ပျိုးတဲ့ ပန်းမုန်လာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဆွတ်ခူးရောင်းချရချိန်မှာ ဈေးကောင်းရရှိဖို့အတွက် တောင်သူတွေ မျှော်လင့်နေကြပါတယ်" ဟု ရွာသစ်ကျေးရွာ မှ တောင်သူတစ်ဦးက ပြောကြားသည်။

ပန်းမုန်လာသီးနှံသည် ဟင်းလျာများတွင် တို့စရာအဖြစ် စားသုံး၍ရသလို ကြော်ချက်၍လည်း စားသုံးနိုင်သဖြင့် ပြည်သူများက အကြိုက်တွေ့ ဝယ်ယူစားသုံးကြသဖြင့် ဈေးကွက်ရှိသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ ပန်းမုန်လာသီးနှံတွင် အဖြူမျိုးနှင့် အစိမ်းမျိုးဟူ၍ရှိပြီး ပန်းမုန်လာအဖြူမျိုးမှာ တစ်ပွင့်တည်းသာပွင့်ပြီး အစိမ်းမျိုးမှာ အနည်းဆုံး နှစ်ပွင့်၊ သုံးပွင့်အထိ ဆွတ်ခူးရောင်းချရသဖြင့် စီးပွားရေးပိုမိုတွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ပြန်/ဆက် )**

# နန်းစဉ်မင်းဆက် ခုနစ်ဆက်တိုင် ထီးနန်းစိုးစံခဲ့သည့် အမရပူရနန်းမြို့တော်ဟောင်း၏ ယဉ်ကျေးမှုအမွေအနှစ်များအား တစုတစည်းတည်း သွားရောက်လေ့လာနိုင်

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ကိုဗစ်အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ခွင့်ပြုခဲ့ပါက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ သက္ကရာဇ် ၁၁၄၄ ခုနှစ်၌ ဘိုးတော်(ဗဒုံမင်း)ပထမဆုံး စတင်နန်းမြို့တည်ထောင်စိုးစံခဲ့ပြီး မင်းဆက် ခုနစ်ဆက်တိုင် ထီးနန်းစိုးစံခဲ့သည့် အမရပူရနန်းမြို့ဟောင်းအတွင်းရှိ ရှေးဟောင်းစေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများကို တစုတစည်းတည်း သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါ လက်ရာအမွေအနှစ်များသည် ယခင်က အမရပူရနန်းမြို့တော်ဟောင်းနေရာဖြစ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေးလမ်းမကြီးဘေး တမာတန်းလမ်းရှိ အမှတ်(၂)ပင်မအလုပ်ရုံ(လျှပ်-စက်)ပလစ-၂ အတွင်း၌ တစုတစည်းတည်းတည်ရှိနေကြောင်း သိရသည်။

"အမရပူရမြို့နယ်က အရင်တုန်းကတော့ နန်းမြို့တော်တစ်ခုပါ။ အရင်က နန်းမြို့ရိုးဟောင်းတွေ၊ ကျုံးနေရာတွေရှိပေမယ့် ခေတ်ကာလကြာလာတော့ တဖြည်းဖြည်း ပျောက်ကွယ်ကုန်ပြီ။ မန္တလေးရတနာပုံမြို့တည်တော့ အမရပူရမြို့တော်က အဆောက်အအုံတွေကို ရွှေ့ပြောင်းသယ်ယူသွားလို့ အမွေအနှစ်လက်ရာတွေ နည်းကုန်တယ်။ ကျန်ရှိနေတဲ့ ရှေးဟောင်းလက်ရာတွေကိုတော့ ခရီးသွားလုပ်ငန်းတွေ ပြန်လည်စတင်လာရင် သွားရောက်လေ့လာနိုင်ပါတယ်"ဟု အမရပူရမြို့နယ် မှန်တန်းကွက်သစ်တွင် နေထိုင်သည့် အသက် ၇၁ အရွယ်ရှိ ဦးသောင်းစိန်က ပြောသည်။

အမရပူရနန်းမြို့ဟောင်းတွင် မြန်မာနိုင်ငံ၌ ကနောင်မင်းသားကြီး ပထမဆုံးတည်ဆောက်ခဲ့သည့် ပေ ၂၀ ပတ်လည်၊ အနက် ပေ ၄၀ ရှိ အုတ်ကန်ခြောက်ကန်ပါ မဲနယ်စက်ရုံနှင့် မီးဖိုဟောင်းတစ်ခုတို့ကို လေ့လာနိုင်မည်ဖြစ်သည့်အပြင် ယင်းစက်ရုံအနီးတွင် အလျား ၆ ပေခန့်၊ အနံ ၄၉ ပေကျော်နှင့် အမြင့် ၄၅ ပေကျော်ရှိ ဘိုးတော်(ဗဒုံမင်း)လက်ထက်က တည်ဆောက်ခဲ့သည်ဟု ယူဆရသည့် နန်းမြင့်မျှော်စင်၊ အလျားပေ ၅၀၊ အနံ ပေ ၄၀ နှင့် အမြင့် ၃၅ ပေခန့်ရှိရှေးခေတ်လက်ရာ ရွှေတိုက်အဆောက်အအုံတို့ကို လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် ယင်းအနီးပတ်ဝန်းကျင်တွင် အမရပူရမြို့တည်နန်းတည် ဘိုးတော်(ဗဒုံမင်း)၏ ဂူဗိမာန်(အရိုးအိုးစေတီ)၊ ဘကြီးတော်မင်းဂူဗိမာန်(အရိုးအိုးစေတီ)နှင့် သာယာဝတီမင်း၏ ဂူဗိမာန်(အရိုးအိုးစေတီ)တို့အပြင် မင်းအဆက်ဆက်တည်ထားကိုးကွယ်ခဲ့ကြသည့် အမတ်ကြီး ဦးပေါ်ဦးဘုရား၊ ဘိုးဘိုးအောင်စေတီစသည်တို့ကိုလည်း ခေတ်အဆက်ဆက် ဗိသုကာလက်ရာများဖြင့် ကြည်ညိုဖူးမြော်နိုင်မည်ဖြစ်ကြောင်း သိရသည်။



အမရပူရနန်းမြို့ဟောင်းအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ၂၀၁၈ ခုနှစ်အတွင်း အသေးစားပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် သက်ဆိုင်ရာမှ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ အမရပူရနန်းမြို့တော်ဟောင်းနှင့် သက်ဆိုင်သည့် သမိုင်းဆိုင်ရာအချက်အလက်များနှင့် အဆောက်အအုံများစာရင်းကို ၂၀၁၇ ခုနှစ်အတွင်းက စတင်ကောက်ယူခဲ့ပြီး မကြာမီ မှတ်တမ်းပြုစုထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝင်ငွေရ ဆောင်းသီးနှံများ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည့် အလားအလာရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလများတွင် နိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှုလျော့နည်းခဲ့ရာ ဆည်များရေဝင်ရောက်မှုပုံမှန်ထက် လျော့နည်းခဲ့သဖြင့် ယခုနှစ် နွေစပါးရာသီကာလ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မှုမရှိခြင်းကြောင့် ယခင်နှစ်များထက် နွေစပါးစိုက်ဧက ငါးသိန်းခန့် လျော့နည်းနိုင်သော်လည်း တောင်သူလယ်သမားများ အနေဖြင့် ဝင်ငွေရ ဆောင်းသီးနှံများအား ပြောင်းလဲစိုက်ပျိုးလာကြကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အစီရင်ခံစာများအရ သိရသည်။

လက်ရှိ ဆောင်းရာသီကာလ၌ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ အစေ့ထုတ်ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီး၊ အာလူး စသည့် ဝင်ငွေရသီးနှံများအား ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ စုစုပေါင်းဧက ၁၀ ဒသမ ၃၆ သန်း စိုက်ပျိုးပြီးစီးခဲ့ပြီး ဖြစ်သည်။ ယခင်နှစ်ကာလတူစိုက်ဧကနှင့် နှိုင်းယှဉ်ပါက ၉၅ ဒသမ ၃၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေပြီး ဆက်လက်စိုက်ပျိုးမှုများရှိနေကြောင်း တွေ့ရှိရသဖြင့် ဆောင်းသီးနှံ စိုက်ပျိုးကာလမှာ မတ်လကုန်ခန့်အထိဖြစ်ရာ ယခင်နှစ်ထက် ဝင်ငွေရ ဆောင်းသီးနှံများ ပိုမိုစိုက်ပျိုးနိုင်မည့် အလားအလာရှိကြောင်း ခန့်မှန်းရသည်။



ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် လက်ရှိဆည်များ၏ ရေလက်ကျန်အနေအထားအရ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီအတွက် ရေလုံလောက်စွာ ပေးဝေနိုင်မှုမရှိသော်လည်း လာမည့် ၂၀၂၁ ခုနှစ် မိုးစပါးရာသီကာလတွင် ဆည်ရေသောက်ဧရိယာများ၌ တောင်သူလယ်သမားများ စပါးစိုက်ပျိုးရန် ဖြည့်စွက်ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ-အောင်မိုး(စိုက်ပျိုးရေး)**



# မြောင်းမြမြို့ GEC ခရိုင်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**မြောင်းမြ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ GEC ခရိုင်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းအား ဌာနဆိုင်ရာ ၁၅ ခုမှ အသင်းသား ၃၂၀ ဖြင့် ဖွဲ့စည်းထားရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်တွင် မြောင်းမြမြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပခဲ့ရာ ကိုယ်စားလှယ်တစ်ဦးစီ တက်ရောက်ခဲ့ကြောင်းနှင့် အသင်းသား ၃၂၀ အတွက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၂၇၀၁၈၀၀ ထုတ်ပေးခြင်း၊ မြို့နယ်သမဝါယမအသင်းစုအမှုဆောင်နှင့် ဝန်ထမ်း ၁၅ ဦး၊ အခြေခံသမဝါယမအသင်းဝန်ထမ်း ရှစ်ဦးနှင့် အဆိုပါအသင်းမှ သမဝါယမအသင်းသား ၃၂၀ စုစုပေါင်း ၃၄၃ ဦးတို့ကို တစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာဝင် တစ်ဘူးစီဖြင့် တန်ဖိုးငွေကျပ် ၁၃၀၃၄၀၀ ထောက်ပံ့ပေးခြင်းများကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ပွင့်ဖြူမြို့နယ်မှ**

နုန်းသဲမြေများ ဆယ်ယူရှင်းလင်းခြင်း၊ ရေမြိတ်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းများအပြင် နွေသီးနှံစိုက်ပျိုးလယ်မြေများ စိုက်ပျိုးရေမျှတစွာရရှိရေးအတွက် ပြုပြင်ရန်လိုအပ်သော ရေလက်တံမြောင်းများအား အသစ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် မဲဇလီရေလွှဲဆည်မှ ဆည်ရေအား ဖေဖော်ဝါရီ ၁၆ ရက်က တောင်သူများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် နွေသီးနှံစိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

"ယခု ၂၀၂၀ - ၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူများ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ဖေဖော်ဝါရီ ၁၆ ရက်မှာ မဲဇလီရေလွှဲဆည်ကနေ စိုက်ပျိုးရေဖြန့်ဝေပေးခဲ့ပါတယ်။ တောင်သူတွေကို စိုက်ပျိုးရေ ဖြန့်ဝေပေးရာမှာ ခါတိုင်းနှစ်တွေက မဲဇလီရေလွှဲဆည်ကနေ ပို့လွှတ်တဲ့ ဆည်ရေကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီး နှစ်ခုလုံးကို နွေစပါးနဲ့ အခြားနွေသီးနှံ စိုက်ပျိုးနိုင်အောင် ပို့လွှတ်ပေးခဲ့ပါတယ်။ ယခုနှစ်မှာတော့ မိုးရွာသွန်းမှုလျော့နည်းပြီး ဆည်ရေအဝင်နည်းတဲ့အတွက် တောင်သူတွေ စိုက်ပျိုးရေအခက်အခဲဖြစ်မှာစိုးလို့ မြောက်မုန်းမြောင်းမကြီးက တောင်သူတွေကိုပဲ နွေစပါးနဲ့ အခြားနွေသီးနှံ စိုက်ပျိုးလို့ရအောင် ပေးဝေသွားမှာဖြစ်ပြီး တောင်မုန်းမြောင်းမကြီးက တောင်သူတွေကိုတော့ နွေနှမ်းသီးနှံအတွက်ပဲ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ လာမည့်နှစ်မှာဆိုရင်တော့ တောင်မုန်းမြောင်းမကြီးက တောင်သူတွေကို နွေစပါးနဲ့ အခြားနွေသီးနှံ စိုက်ပျိုးနိုင်အောင် ပေးဝေသွားမှာဖြစ်ပြီး မြောက်မုန်းမြောင်းမကြီးက တောင်သူတွေကို နွေနှမ်းသီးနှံအတွက် ပေးဝေသွားမှာဖြစ်ပါတယ်။ ယခုနှစ်မှာတော့ တောင်မုန်းမြောင်းမကြီးက နွေနှမ်းစိုက်ပျိုးတောင်သူများကိုတော့ ဧပြီ ၁ ရက်မှာ စိုက်ပျိုးရေစတင်ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၀-၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးသီးနှံ စိုက်ပျိုးဧက ၁၉၈၀၄ ဧကနှင့် နွေနှမ်းစိုက်ပျိုးဧက ၃၁၆၆၀ လျာထား စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

■

# အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ မန်စီးတီးအသင်း ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ၁၀ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၂၄)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်းက အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား ဒုတိယနေရာက မန်ယူအသင်းကို ၁၀ မှတ်ဖြတ်ကာ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲကစားချိန် ၃၂ မိနစ်မှာ ဖီးလ်ဖိုဒန်၊ ၆၃ မိနစ်မှာ မာရက်ဇ်နဲ့ ၇၇ မိနစ်မှာ ဘာနာဒိုဆေးလ်ဗားတို့က သွင်းယူပေးခဲ့ပြီး အဲဗာတန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ရစ်ချာလီဆန်က ပွဲကစားချိန် ၃၇ မိနစ်မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၁၇ ပွဲဆက်တိုက် အနိုင်ရရှိခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖီးလ်ဖိုဒန်ကတော့ ဥရောပရဲ့ လိဂ်ငါးလိဂ်မှာ ပြိုင်ပွဲအရပ်ရပ်အနည်းဆုံး သွင်းဂိုး ၁၁ ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ အသက် ၂၀ အရွယ် လူငယ်ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဖီးလ်ဖိုဒန်နဲ့အတူ ဒေါ့မွန်အသင်းရဲ့ တိုက်စစ်မှူး ဟာလန်းလည်း မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ရမှတ် ၅၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၁)၊ မန်ယူအသင်းက ရမှတ် ၄၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၂)၊ လက်စတာစီးတီးအသင်းက ရမှတ် ၄၆ မှတ် (မန်ယူအသင်းနဲ့ ရမှတ်တူ ဂိုးကွာချက်ကြောင့်)နဲ့ အမှတ်ပေးဇယားအဆင့်(၃)၊ ချယ်လ်ဆီးအသင်းက ရမှတ် ၄၂ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄) အသီးသီးရပ်တည်နေတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက်(တနင်္ဂနွေနေ့)မှာ အာဆင်နယ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဗာတန်အသင်းကတော့ ဖေဖော်ဝါရီ ၂၀ ရက် (စနေနေ့)မှာ မာဆေးလ်ဆိုက်ဒါဘီပွဲစဉ်အဖြစ် လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။




# ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘာတ်ပီရဲ့တန်ဖိုးကို ပေါင် ၁၇၄ သန်း သတ်မှတ်

ပီအက်စ်ဂျီအသင်းဟာ လီဗာပူးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ မန်စီးတီးအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ တိုက်စစ်မှူး အမ်ဘာတ်ပီရဲ့ တန်ဖိုးကို ပေါင် ၁၇၄ သန်း သတ်မှတ်ခဲ့တယ်လို့ သိရပါတယ်။

ပီအက်စ်ဂျီအသင်းက သတ်မှတ်လိုက်တဲ့ အမ်ဘာတ်ပီရဲ့ တန်ဖိုး ပေါင် ၁၇၄ သန်းဟာ ၂၀၁၈ ခုနှစ်က ဆောက်သမ်တန် နောက်တန်းကစားသမား ဗန်ဒိုက်ကို လီဗာပူးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့ ခေါ်ယူခဲ့မှုနဲ့ ယှဉ်ကြည့်ရင် နှစ်ဆကျော်ပမာဏရှိနေတာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းက အမ်ဘာတ်ပီရဲ့ တန်ဖိုးကို အဲဒီလိုသတ်မှတ်ခဲ့ပေမယ့် တိုက်စစ်မှူးအမ်ဘာတ်ပီကို အသင်းမှာ ဆက်ရှိနေရေးအတွက် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုသွားဖို့ မျှော်လင့်ထားပြီး မိုနာကိုတိုက်စစ်မှူးဟောင်း အမ်ဘာတ်ပီကိုယ်တိုင်ကတော့ သူ့ရဲ့အနာဂတ်နဲ့ပတ်သက်ပြီး မဆုံးဖြတ်ရသေးဘူးလို့ ဆိုပါတယ်။

တိုက်စစ်မှူး အမ်ဘာတ်ပီရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး ဘာစီလိုနာအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ တိုက်စစ်မှူး အမ်ဘာတ်ပီက ပီအက်စ်ဂျီအသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။



# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် ဒေါ့မွန်က ဆီဗီလာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိ

ဆီဗီလာအသင်းနဲ့ ဒေါ့မွန်အသင်းတို့ ဖေဖော်ဝါရီ ၁၈ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ ဒေါ့မွန်အသင်းက ဆီဗီလာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဒေါ့မွန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၉ မိနစ်မှာ ဒါဟောက်ကတစ်ဂိုး၊ ပွဲကစားချိန် ၂၇ မိနစ်နဲ့ ၄၃ မိနစ်မှာ တိုက်စစ်မှူး ဟာလန်းက နှစ်ဂိုး သွင်းယူပေးခဲ့ပြီး ဆီဗီလာအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၇ မိနစ်မှာ ဖာနန်ဒက်ဇ်ဆေးဇ်က တစ်ဂိုးနဲ့ ပွဲကစားချိန် ၈၄ မိနစ်မှာ ဒီဂျောင်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။



ဒေါ့မွန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ သုံးပွဲဆက်တိုက် တစ်ပွဲလျှင် နှစ်ဂိုးနှုန်းသွင်းယူပေးနိုင်ခဲ့တဲ့ ငါးယောက်မြောက် ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ဟာလန်းမတိုင်ခင်က အင်ဇာဂီ၊ ဂျီအိုဗာနီအီလ်ဘား၊ စီရိုနယ်လ်ဒိုနဲ့ လီဝန်ဒိုစကီးတို့က သုံးပွဲဆက်တိုက် နှစ်ဂိုးစီသွင်းယူခဲ့ကြတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ဒေါ့မွန်အသင်းနဲ့အတူ ခုနစ်ပွဲကစားအပြီးမှာ ၁၀ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ်သွင်းဂိုး စုစုပေါင်း ၁၈ ဂိုးအထိ သွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒေါ့မွန်အသင်းနဲ့ ဆီဗီလာအသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၉ ရက်မှာ ကျင်းပသွားဖို့ ရှိနေတာ ဖြစ်ပါတယ်။


# အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံကို အနိုင်ရပြီး ဂျပန်တင်းနစ်မယ် အိုဆာကာ ဩစတြေးလျအိုးပင်းဗိုလ်လုပွဲတက်လှမ်း

ဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂျပန်တင်းနစ်မယ် အိုဆာကာနဲ့ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံတို့ပွဲစဉ်မှာ အိုဆာကာက ဆရီနာဝီလျံကို အနိုင်ရရှိခဲ့ပြီး ဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲဆီ တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ဂရန်းဆလမ်းချန်ပီယံဆုဖလားကို သုံးကြိမ်အထိရယူထားနိုင်ခဲ့တဲ့ အိုဆာကာဟာ ဆီမီးဖိုင်နယ်ပွဲစဉ် အစပိုင်းမှာ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံရဲ့ ဖိအားပေးမှုတွေ ခံခဲ့ရပေမယ့် ၆-၃၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အိုဆာကာနဲ့ ဆရီနာဝီလျံတို့ဟာ ၂၀၁၈ ခုနှစ် အမေရိကန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာလည်း ထိပ်တိုက်တွေ့ဆုံခဲ့ကြပြီး အဲဒီပြိုင်ပွဲမှာ အိုဆာကာက ဆရီနာဝီလျံကို အနိုင်ရရှိခဲ့ကာ အမေရိကန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာလည်း ဂျပန်တင်းနစ်မယ် အိုဆာကာဟာ ဆရီနာဝီလျံကို အနိုင်ရရှိခဲ့တာကြောင့် ဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာ အမေရိကန်တင်းနစ်မယ် ဂျနီဖာဘရက်ဒီနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်ကို ဖေဖော်ဝါရီ ၂၀ ရက်မှာ ကျင်းပသွားဖို့ရှိပါတယ်။



တင်းနစ်မယ် ဘရက်ဒီဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ချက်တင်းနစ်မယ် မူချိုဗာကို ၆-၄၊ ၃-၆၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဘရက်ဒီဟာ နောက်ဆုံးဗိုလ်လုပွဲမှာ အိုဆာကာကို အနိုင်ယူပြီး သူ့ရဲ့တင်းနစ်မယ် ဘဝ ပထမဆုံးသော ဂရန်းဆလမ်းချန်ပီယံ ဆုဖလားကိုရယူနိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

ဓွေကြယ်- ရေးသားသည်

# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ – အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of [covid-19] disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ရိုက်ကူးရေးပြီးနောက် လန်ဒန်ကို အတူပြန်လာတဲ့ ဟယ်ရီစတိုင်နဲ့ အိုလီဗာဝိုင်း



မကြာသေးမီကမှ ချစ်သူတွေအဖြစ်လက်တွဲနေပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ ဟယ်ရီစတိုင်နဲ့ အိုလီဗာဝိုင်းတို့ဟာ သူတို့နှစ်ဦး အတူတွဲဖက်ပါဝင်ထားတဲ့ ရုပ်ရှင်ရိုက်ကူးရေးပြီးနောက် လတ်တလောမှာ လန်ဒန်ကို အတူပြန်လာခဲ့ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးသံရှင်တစ်ဦးအဖြစ်အောင်မြင်ခဲ့ပြီးနောက် သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်လာတဲ့ ဟယ်ရီစတိုင်နဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ အိုလီဗာဝိုင်းတို့ဟာ ၁၉၅ဝ ပြည့်နှစ်ကာလတွေကို နောက်ခံထားကာ ရိုက်ကူးထားတဲ့ ရုပ်ရှင် Don't Worry Darling မှာ အတူတွဲဖက်ပါဝင်ထားတာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ရိုက်ကူးနေစဉ် သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ သူတို့နှစ်ဦးကတော့ ပိတ်ကားထက်က အချစ်ဇာတ်လမ်းကို လက်တွေ့ဘဝထဲထိပါ သယ်ဆောင်လာကာ ပြီးခဲ့တဲ့လအတွင်းမှာ နှစ်ဦးသား ချစ်သူတွေအဖြစ် လက်တွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်အသိပေးခဲ့တာဖြစ်ပါတယ်။

ကြယ်ပွင့်နှစ်ဦးနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ရိုက်ကူးရေးရဲ့ နောက်ဆုံးသီတင်းပတ်မှာ သူတို့နှစ်ဦးဟာ ကယ်လီဖိုးနီးယားမှာရှိတဲ့ သဲကန္တာရတစ်ခုအနီးမှာ နှစ်ဦးသားအတူ အချိန်တွေကုန်ဆုံးခဲ့ကာ အဲဒီကနေ လန်ဒန်ကို ဖေဖော်ဝါရီ ၁၆ ရက်က အတူပြန်ခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။ လန်ဒန်မှာတော့ သူတို့နှစ်ဦးဟာ အိုလီဗာဝိုင်းရဲ့ ရင်သွေးလေးနှစ်ဦးနဲ့ ပြန်လည်တွေ့ဆုံမှာဖြစ်တယ်လို့လည်း သိရပါတယ်။



## မွေးနေ့ကို ပရိသတ်တွေနဲ့အတူ ကျင်းပခဲ့တဲ့ ဂျေဟုပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျေဟုပ်ဟာ လတ်တလောမှာကျရောက်ခဲ့တဲ့ သူ့ရဲ့ မွေးနေ့ကို အွန်လိုင်းကနေ တိုက်ရိုက်ထုတ်လွှင့်မှုတစ်ခုပြုလုပ်ခဲ့ကာ ပရိသတ်တွေနဲ့အတူ ဖြတ်သန်းခဲ့ကြောင်း ပင့်ခ်ဗီလာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရက်ပ်တေးသံရှင်နဲ့ အကပညာရှင်တစ်ဦးဖြစ်သူ ဂျေဟုပ်ဟာ ဖေဖော်ဝါရီ ၁၈ ရက်မှာ အသက် ၂၇ နှစ်ပြည့်ခဲ့တာဖြစ်ပါတယ်။ ဂျေဟုပ်ကတော့ သူ့ရဲ့ မွေးနေ့မှာ အထူးတိုက်ရိုက်ထုတ်လွှင့်မှုတစ်ခု ပြုလုပ်ခဲ့ပြီး ပရိသတ်တွေနဲ့ အပြန်အလှန်စကားတွေပြောရင်း BTS ရဲ့ အမာခံပရိသတ်အဖွဲ့ဖြစ်တဲ့ ARMY တွေနဲ့အတူ ဖြတ်သန်းခဲ့တာ ဖြစ်ပါတယ်။

ပရိသတ်တွေကလည်း ဂျေဟုပ်အတွက် မွေးနေ့ဆုတောင်းတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒါ့အပြင် အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်အင်တာတိန်းမန့်ကလည်း ဂျေဟုပ်ရဲ့ ဓာတ်ပုံများစွာကို အဖွဲ့ရဲ့တရားဝင်လူမှုကွန်ရက်စာမျက်နှာတွေဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်နဲ့ တွစ်တာစာမျက်နှာတွေပေါ်မှာ ဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

# ၁၆ နှစ်အကြာမှာ ပြန်လည်တွဲဖက်ရိုက်ကူးဖြစ်ခဲ့တဲ့ ယိုဂျင်းဂိုနဲ့ ရှင်ဟာယွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ယိုဂျင်းဂိုဟာ လွန်ခဲ့တဲ့ ၁၆ နှစ်က ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် သူနဲ့အတူ တွဲဖက်ရိုက်ကူးခဲ့တဲ့ ရှင်ဟာယွန်းနဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပြန်လည်တွဲဖက်ရိုက်ကူးထားကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



JTBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လုပ်မယ့် မှုခင်းဇာတ်လမ်းတွဲရုပ်ရှင် Monster မှာ မင်းသား ယိုဂျင်းဂိုက စုံထောက်တစ်ဦးအဖြစ် ပါဝင်ထားပြီး အဆိုပါ ဇာတ်လမ်းတွဲမှာ မင်းသား ရှင်ဟာယွန်းက ယိုဂျင်းဂိုနဲ့အပြိုင်ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ယိုဂျင်းဂိုနဲ့ ရှင်ဟာယွန်းတို့ဟာ ၂၀ဝ၆ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်ရှင် No Mercy For The Rude မှာ ပထမဆုံးအကြိမ် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး အဆိုပါရုပ်ရှင်မှာ ရှင်ဟာယွန်းဟာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့တာလည်း ဖြစ်ပါတယ်။

အေးပြည့်-စုစည်းသည်

## လူမှုကွန်ရက်မီဒီယာပေါ်က အကောင့်တုတွေနဲ့ပတ်သက်ပြီး ဟွန်ဘင်းရဲ့အေဂျင်စီ သတိပေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဟွန်ဘင်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဗက်အင်တာတိန်းမန့်က လတ်တလောမှာ လူမှုကွန်ရက်မီဒီယာကို အသုံးချကာ ကောလာဟလတွေကို ဖြန့်ဝေနေတဲ့ အကောင့်တုတွေနဲ့ပတ်သက်ပြီး သတိထားစေလိုကြောင်း ပရိသတ်တွေကို ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၈ ရက်မှာ အေဂျင်စီက အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် အကောင့်တုတွေနဲ့ပတ်သက်တဲ့ သတိပေးစကားကို ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဒေသသုံးဘာသာစကားအပြင် အင်္ဂလိပ်လိုပါ ရေးသားဖော်ပြခဲ့တဲ့ အဆိုပါစာမှာ ဟွန်ဘင်းရဲ့အမည်နဲ့ အေဂျင်စီရဲ့ အမည်ကိုသုံးကာ ဖွင့်လှစ်ထားတဲ့ လူမှုကွန်ရက်စာမျက်နှာတွေရှိကြောင်းနဲ့ ဟွန်ဘင်းနဲ့အေဂျင်စီရဲ့ အကျိုးထိခိုက်အောင် အဆိုပါအကောင့်တုတွေကို အသုံးပြုလုပ်ဆောင်တာတွေ မပြုလုပ်ဖို့ သတိပေးကြောင်း ထည့်သွင်းရေးသားဖော်ပြထားပါတယ်။

အေဂျင်စီရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတွေ



ရှိသော်လည်း ဟွန်ဘင်းအနေနဲ့ သီးခြားသုံးတဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာမရှိကြောင်းလည်း အေဂျင်စီက တစ်ပါတည်း ထုတ်ဖော်ရေးသားထားတာကိုလည်း တွေ့ရပါတယ်။

ဟွန်ဘင်းဟာ လတ်တလောမှာ ဇာတ်လမ်းတွဲရုပ်ရှင် Confidential Assignment မှာ ပါဝင်သရုပ်ဆောင်ဖို့ရာ ပြင်ဆင်နေကြောင်းလည်း သိရပါတယ်။

ဝ

# ဦးနှောက်နဲ့ အမြင်အာရုံ ဆုံးရှုံးမှုတွေကြောင့် ယာဉ်မောင်းနိုင်ခြင်းမရှိတော့တဲ့ ဒေမီလက်ဗားတိုး

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဒေမီလက်ဗားတိုးဟာ ပြီးခဲ့တဲ့ နှစ်တွေအတွင်း မူးယစ်ဆေးဝါးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရကာ ဆေးလွန်မှုကြောင့် ဆေးရုံတက်ရောက်ကုသမှု ခံယူခဲ့ရပြီး ဖြစ်ပါတယ်။ သူဟာ ဆေးအလွန်အကျွံသုံးစွဲခဲ့တာကြောင့် ဦးနှောက်ပျက်စီးခဲ့ပြီး အမြင်အာရုံပိုင်းဆိုင်ရာလည်း ချို့ယွင်းခဲ့ကာ ယာဉ်မောင်းနှင်နိုင်တော့မှာ မဟုတ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၇ ရက်မှာ ဒေမီလက်ဗားတိုးနဲ့ ဒါရိုက်တာ မိုက်ကယ်ဒီရက်နာတို့ဟာ ဒေမီလက်ဗားတိုး ဆေးလွန်ခဲ့တဲ့အကြောင်းနဲ့ မူးယစ်ဆေးဝါး ပြဿနာတွေအကြောင်း ထည့်သွင်းရိုက်ကူးထားတဲ့ မှတ်တမ်းရုပ်ရှင် Demi Lovato: Dancing With the Devil နဲ့ပတ်သက်ပြီး ရုပ်သံမှာ ဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါ ဆွေးနွေးခန်းမှာ ပေ့ါပ်ကြယ်ပွင့်က ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းမှာဖြစ်ခဲ့တဲ့ ဆေးလွန်ခဲ့တာကြောင့် ဆေးရုံရောက်ခဲ့ရတဲ့အဖြစ်ကို ပြန်လည်ပြောဆိုခဲ့ပါတယ်။ သေလုနီးပါးဖြစ်ခဲ့တဲ့ အဆိုပါဖြစ်ရပ်အပြီးမှာတော့ သူ့ရဲ့ ဦးနှောက်နဲ့ အမြင်အာရုံချို့ယွင်းခဲ့ရကြောင်း ဒေမီလက်ဗားတိုးက ဖွင့်ဟလာခဲ့တာပါ။

ဒါ့အပြင် ဒေမီလက်ဗားတိုးဟာ စာဖတ်ရာမှာလည်း အခက်အခဲရှိနေကြောင်း ပြောကြားခဲ့ပြီး ဒီအဖြစ်အပျက်ကြောင့် မူးယစ်ဆေးဆိုတဲ့ အမှောင်လောကအတွင်း ပြန်လည်သက်ဆင်းပါက ခံစားရမယ့်အရာတွေကို သိခဲ့ရတာကြောင့် သူ့အတွက် သတိပေးချက်အဖြစ် ရှိနေတယ်လို့လည်း ဆိုပါတယ်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘရူနိုင်း ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော်  ဖေဖော်ဝါရီ  ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဘရူနိုင်း ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Seri Pahlawan Hagi Hamzah bin Haji Sahat နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် ဘရူနိုင်းနိုင်ငံက ဥက္ကဋ္ဌအဖြစ် ၂၀၂၁ ခုနှစ် မတ် ၁၈ ရက်တွင် ကျင်းပပြုလုပ်မည့် (၁၈)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ Online အစည်းအဝေး (ACDFM-18) သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပါဝင်တက်ရောက်နိုင်ရေး ဖိတ်ကြားမှုအခြေအနေများ၊ အဆိုပါအစည်းအဝေးတွင် ရှင်းလင်းတင်ပြမည့် လုပ်ငန်းစာတမ်း (Working paper) နှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအလွန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား သင်တန်းဆိုင်ရာပူးပေါင်း ဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူသို့ အသိပေးတင်ပြချက်

**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၃၁-၁-၂၀၂၁) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့/ တိုးမြှင့်ရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ) အား (၂၈-၂-၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း ၂၉-၁-၂၀၂၁ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇန်နဝါရီလ (၁)ရက်နေ့မှ ဇန်နဝါရီလ (၃၁)ရက်နေ့ အထိ (၁၅၀) ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ပေးသွားမည်ဖြစ်ပါကြောင်း ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID - 19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေး အတွက် (၂၈-၂-၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်သည့်အတွက် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခ ကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ကို ထပ်မံပေးသွားမည်ဖြစ်ပါသည်။

၄။ ထို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈)ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ(မပါ))အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ (၁၅၀) ယူနစ်ထိ စုစုပေါင်း(၁၅၀) ယူနစ်ကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၅။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အား သုံးစွဲမှု (၁) ယူနစ်မှ (၁၅၀) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခ ကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပြီး (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် (၁၅၀) အတွက် ဓာတ်အားခကျသင့်ငွေ (၁၁၅၅၀/) ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၆။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက်သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများ အားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**


ကြေးမုံ ယနေ့ ဖတ်စရာ

**ဥပဒေပြင်ဆင်ချက်များ သိရှိလိုက်နာရေး**


စာမျက်နှာ » ၁၉

--------------------

**အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ မန်စီးတီးအသင်း ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်တွင် ၁၀ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့**

စာမျက်နှာ » ၂၅


# ပွင့်ဖြူမြို့နယ် တောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး မဲဇလီရေလွှဲဆည်မှ ဆည်ရေစတင်ပေးဝေ




ပွင့်ဖြူ  ဖေဖော်ဝါရီ  ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေကို ဖေဖော်ဝါရီ ၁၆ ရက်က မြောက်မုန်းမြောင်းမကြီးမှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ တောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

ယခု ၂၀၂၀ - ၂၀၂၁ နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံ အချိန်မီစိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် စိုက်ပျိုးရေ ကြိုတင်ပို့လွှတ်မည့် ရေလက်တံမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက်

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❐